# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာသို့ ရေကို ယူဆောင်ကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် လိုတိုင်းရအောင် သစ်ကို ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၀)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၄၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်သမ္မတ မစ္စတာ အိုဘားမားနှင့်တွေ့ဆုံ

## မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပြီး GSP အခွင့်အရေး ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**ဝါရှင်တန် စက်တင်ဘာ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ အိုဘားမားတို့သည် ယမန်နေ့ ဒေသစံတော်ချိန်နံနက် ၁၁ နာရီ မိနစ် ၂၀ က ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ အိုဘားမားက မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အောင်မြင်စွာ အသွင်ကူးပြောင်းမှု၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖြစ်ထွန်းမှုတို့ကြောင့် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးမှာ ပြည်သူလူထုသည်သာ အဓိကအခရာဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ပြောကြား

*စာမျက်နှာ - ၄*


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# နောက်ဖေးလမ်းကြားမှ အမှိုက်ကိစ္စ

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ နောက်ဖေးလမ်းကြားများ အမှိုက်ကင်းစင်သန့်ရှင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရှေ့ပြေးစီမံချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့ကြီးကို စိတ်နှလုံးမွေ့လျော် နေပျော်ဖွယ်မြို့ကြီးအဖြစ် တည်ရှိနေရေးအတွက် အကောင်အထည်ဖော်ရန် တာဝန်ယူထားသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၏ နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးအတွက် ယခင် ခေတ်အဆက်ဆက် အစိုးရများလက်ထက်ကလည်း ဤနည်းနှင်နှင် ဆောင်ရွက်ခဲ့ဖူးပြီးဖြစ်သကဲ့သို့ နောက်ဖေးလမ်းကြားများ သန့်ရှင်းမှုမှာလည်း ကာလတစ်ရပ်သာခံပြီး နောက်ပိုင်းတွင် မူလအခြေအနေ ဒုံရင်းသို့သာ ပြန်လည်ဆိုက်ရောက်သွားခဲ့သည်ကို မိမိတို့ကြုံတွေ့ဖူးပြီး ဖြစ်သည်။

ရန်ကုန်မြို့၏ အမှိုက်ပြဿနာမှာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးအဖို့ ကာလရှည်ကြာ စွဲကပ်နေသော ဝေဒနာတစ်ခုသဖွယ်ဖြစ်သည်။ အဆိုပါ နာတာရှည်ရောဂါ၏လက်သည်မှာ ''အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်မှု'' နှင့် ''စည်းကမ်းမဲ့ အမှိုက်ပစ်သူများကို ထိရောက်စွာ အရေးမယူမှု''တို့ကြောင့် ဖြစ်သည်ဟုလည်း ဝေဖန်ထောက်ပြခဲ့ကြသည်။ လက်ရှိအခြေအနေတွင် လူဦးရေ ခုနစ်သန်းကျော်ခန့် မှီတင်းနေထိုင်လျက်ရှိသော ရန်ကုန်မြို့ကြီး၏ အမှိုက်ပြဿနာမှာ ထင်သာမြင်သာရှိနေသည့်တိုင်အောင် စင်စစ်အားဖြင့် မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင်ပင် အမှိုက်ကို စည်းမဲ့ကမ်းမဲ့ လက်လွတ်စပယ်စွန့်ပစ်နေကြသည်ကို တွေ့မြင်နေရခြင်းဖြစ်ရာ မိမိတို့တစ်မျိုးသားလုံး စည်းနှင့်ကမ်းနှင့် အသားမကျသေးဟုပင် ဆိုရမလိုဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်-မန္တလေး အမှတ်(၅)အဆန်ရထားဖြင့် ခရီးသွားခဲ့ရာ ရထားတွဲများ အဆင့်မြှင့်ထားသည်ကိုလည်းကောင်း၊ ရထားဝန်ထမ်းများက ဝန်ဆောင်မှုကောင်းစွာပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ကိုလည်းကောင်း၊ ရထားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကလည်း ခရီးသည်များလုံခြုံရေးအတွက် ဝါယမစိုက်ထုတ်ကာ တာဝန်ထမ်းဆောင်လျက်ရှိကြသည်ကိုလည်းကောင်း စိတ်ချမ်းမြေ့ဖွယ်တွေ့ကြုံခဲ့ရသကဲ့သို့ ရထားတွဲအတွင်း ဆေးလိပ်သောက်သူများ၊ နေကြာစေ့၊ ကွာစေ့စားပြီး အခွံများကို တွဲအတွင်း ပြန့်ကျဲနေအောင်ပစ်ချထားသူများ၊ ရထားစတင်ထွက်ခွာပြီး တစ်နာရီခန့်အချိန်အတွင်းမှာပင် အများသုံးရေအိမ်မှာ နောက်ထပ်သုံးချင်စရာမရှိတော့လောက်အောင် ညစ်ပတ်ကာ သန့်ရှင်းမှုကင်းမဲ့သွားသည်များကို စိတ်မချမ်းမြေ့ဖွယ် ကြုံတွေ့ခဲ့ရသည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေခြင်းဖြစ်ရာ ဒီမိုကရေစီနိုင်ငံသားတို့အဖို့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့နှင့် အသားတကျရှိနေကြဖို့ လိုအပ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာသည့်အလေ့အကျင့်ကောင်းများ စွဲမြဲစွာကိုယ်စီရှိနေကြရန်နှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိပါက မြန်မြန်ဆန်ဆန်မှန်ကန်ထိရောက်စွာ အရေးယူမှုများပြုရန် လိုအပ်မည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ် နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးဆောင်ရွက်ရာတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၊ စည်းကမ်းမဲ့ပစ္စည်းစုပုံမှု၊ နောက်ဖေးလမ်းကြားကို ကိုယ်ကျိုးအတွက် စည်းကမ်းမဲ့သုံးစွဲမှုများအတွက် အရေးယူမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ နောက်ဖေးလမ်းကြားတစ်ဖက်တစ်ချက်ရှိ အထပ်မြင့်တိုက်များ၏ မည်သည့်အခန်းမှ မည်သည့်အချိန်တွင် စည်းကမ်းမဲ့စွာစွန့်ပစ်လိုက်မှန်းမသိသော အမှိုက်များအတွက် အရေးယူရန်မှာ ခက်ခဲဖွယ်ရှိဦးမည်ဟု ယူဆရသည်။ စည်းကမ်းမဲ့သူ များပြားသည်နှင့်အမျှ နောက်ဖေးလမ်းကြားများမှာ အမှိုက်များ၊ အနံ့ဆိုးများ၊ ခြင်၊ ယင်၊ ကြွက်များနှင့် ယခင်အခြေအနေဆီသို့ပြန်လည်ရောက်ရှိသွားပေဦးမည်။ နောက်ဖေးလမ်းကြားအမှိုက်ကိစ္စတွင်လည်း ပြည်သူသည်သာ အခရာဖြစ်သည်။ အများပြည်သူ စည်းကမ်းရှိပါမှ နောက်ဖေးလမ်းကြားတို့ အမှိုက်ကင်းစင်သန့်ရှင်းပါလိမ့်မည်။ ။



## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့်လူငယ်များ၏အသံများ ပါဝင်စေ ရန်အတွက် လူငယ်မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ စစ်တမ်းကောက် ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ

# ဒလမြို့ ကမ်းနားအဝိုင်းပတ်မှ စည်းကမ်းမဲ့ရပ်နားယာဉ်များကြပ်မတ်ဆောင်ရွက်ပေးစေလို




ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမ်းနားအဝိုင်းပတ်(လက်မှတ်ရုံ)အနီးတွင် စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကြောင့် ခရီးသွားများ သွားလာမှုခက်ခဲနေ၍ အဆိုပါစည်းကမ်းမဲ့ယာဉ်များအား ကြပ်မတ်ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းနားအဝိုင်းပတ်ဧရိယာတွင် ယခင်ကမြို့နယ် မထသနှင့် ဂိတ်ပေါင်းစုံမှယာဉ်များ ဂိတ်ထိုးသည့်နေရာဖြစ်ပြီး မြို့နယ်၏စီမံချက်အရ ခရီးသွားပြည်သူများ အဆင်ပြေစေရန် မည်သည့်ယာဉ်မှ ဂိတ်မထိုးရသည့်နေရာ (Zero Area) ဖြင့် သတ်မှတ်ခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါနေရာတွင် မထသယာဉ်များမှ ဂိတ်ထိုးခြင်းမရှိသော်လည်း ဆိုင်ကယ်ကယ်ရီများ၊ဆိုက်ကားများ၊ သုံးဘီးဆိုင်ကယ်များမှ ရပ်နားဂိတ်ထိုးထားခြင်းကြောင့် ယာဉ် ကြောပိတ်ဆို့ခြင်း၊ ခရီးသွားပြည်သူများ သွားလာမှုခက်ခဲနေရခြင်းများဖြစ်ပေါ် လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ Zero Area အတွင်း ရပ်နားထားသော စည်းကမ်းမဲ့ယာဉ်များကို ကြပ်မတ်ရှင်းလင်းပေးခြင်းဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေပြီး လိုရာခရီးကို သွားရောက်နိုင်မည်ဖြစ်ကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# လျှင်ဒဏ်သင့်ဘုရားများ ပြန်လည်ပြုပြင်နိုင်ရေး ပညာရှင်များပို့ချခဲ့သည့်အတိုင်း သင်တန်းပြန်လည်ပို့ချ

**ညောင်ဦး စက်တင်ဘာ ၁၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ဩဂုတ် ၂၄ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် UNESCO၊ ICCROM မှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သော သင်တန်းသားများကို စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်ထိ လေးရက်ကြာ သင်တန်းပို့ချပေးခဲ့သည်။ အဆိုပါသင်တန်း တက်ရောက်ခဲ့သည့် သင်တန်းသား ၁၈ ဦးတို့မှ သင်တန်းနည်းပြများအဖြစ်ဆောင်ရွက်ကာ ဆင့်ပွားသင်တန်းတစ်ရပ်ကို ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်ရှိ ကျောင်းကြီးညီအစ်မဘုရားအမှတ် ၉၉၇ နှင့် ၉၉၈ တို့၌ စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် စာတွေ့လက်တွေ့ပြန်လည်ပို့ချပေးခဲ့သည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ Bagan Visitors၊ New Generation၊ စိတ္တသုခ၊ ဖြူစင်မေတ္တာ၊ လောကမေတ္တာ၊ Save the Bagan၊ ယွန်းလုပ်ငန်းအသင်း၊ သုခစေတနာ၊ မဂ္ဂကာရီ၊ ဂိုးဒင်းအီးဂဲ Balloon အဖွဲ့၊ ဝေဠုကျော်ဖောင်ဒေးရှင်း စသည့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပြင် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များအား စနစ်တကျထိန်းသိမ်းနည်းကို စိတ်ဝင်စားကြသည့် သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဂေါပကအဖွဲ့ဝင်များပါဝင်သည့် သင်တန်းသား ၇၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် နည်းပြများက သင်တန်းသား ၇၉ ဦးကို အဖွဲ့လေးဖွဲ့ခွဲကာ လုပ်ငန်းခွင်လုံခြုံရေးမှစ၍ မြေပုံအကြမ်းရေးဆွဲနည်း၊ အင်္ဂတေအပိုင်းအစ၊ လက်ရှိခေတ်အုတ်၊ ရှေးဟောင်းအုတ်၊ ရှေးဟောင်းပစ္စည်းများအား စနစ်တကျခွဲခြားကာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ သိမ်းဆည်းခြင်းများကို လက်တွေ့သရုပ်ပြ သင်ကြားခဲ့ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❇ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံအား GSP အခွင့်အရေး ပြန်လည်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ မြန်မာနှင့် အမေရိကန်နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်သွားနိုင်မည့် အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများ အောင်မြင်ရေးအတွက် အကူအညီများ ပေးအပ်ခဲ့သည့် အမေရိကန်ပြည်သူများ၊ ကွန်ဂရက်နှင့် NGO များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြန်လည်ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမေရိကန် ဒုတိယသမ္မတ မစ္စတာ ဂျိုးဘိုင်ဒင်က Naval Observatory ၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန် ဒုတိယသမ္မတ မစ္စတာ ဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)

အလားတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား Blair House ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမေရိကန် အထက်လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Ed Royce နှင့် Rayburn House Building ၌ တွေ့ဆုံကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် လင်ကွန်း အထိမ်းအမှတ် အဆောက်အအုံကို သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အူယူမူချီ (Urumqi) မြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (The Third Forum of Ministers Responsible for Information)နှင့် ပဉ္စမအကြိမ်မြောက် တရုတ်-ဥရောပအာရှကုန်စည်ပြပွဲ (The Fifth China-Eurasia Expo) သို့တက်ရောက်ရန် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Chen Chen နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်တွင် Silk Road: Connection Eurasia and Deepening Friendly Exchange among News Media ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် တရုတ်-ဥရောပ အာရှ ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်)ဦးဇေယျာတို့လိုက်ပါသွားကြောင်း သိရသည်။ **(သတင်းစဉ်)**



# မန္တလေးဟာဗုဒ္ဓပူဇနီယပွဲတော် အရုပ်သွန်းပွဲများဖြင့် စည်ကား



**ညောင်ဦး စက်တင်ဘာ ၁၅**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသ မြင်းကပါကျေးရွာရှိ မနူဟာ မင်းကြီးကောင်းမှုတော် မနူဟာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တော်သလင်းလဆန်း ၁၄ ရက်နှင့် တော်သလင်းလပြည့်နေ့တို့တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ရိုးရာမပျက် အရုပ်သွန်းပွဲများဖြင့် ကျင်းပခဲ့ရာ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက် လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကာလ တော်သလင်းလဆန်း ၁၄ရက်တွင် မြင်းကပါကျေးရွာ အုပ်စုအတွင်းရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ ပြည်သူများက ဘုရားကြီးအား သစ်သီးနှင့် မုန့်များကို ပုံစံအမျိုးမျိုးအလှဆင်လျက် ဆွမ်းတော်ကြီးများ လာရောက်ကပ်လှူကြသည်။ တော်သလင်းလဆန်း ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်မှစ၍ ပွဲတော်တွင် နှစ်စဉ် ထည့်သွင်းကျင်းပမြဲဖြစ်သည့် ရိုးရာအရုပ်သွန်းများ ဖျော်ဖြေလှည့်လည်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တော်သလင်း လပြည့်နေ့တွင် မနူဟာဘုရားကြီး ရင်ပြင်တော်၌ အလှူရှင်များက ဘုရားကြီးအား ဦးခိုက်၍ ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အလှူခံရရှိသော ဆွမ်းသပိတ်လုံးများကို မြင်းကပါကျေးရွာအုပ်စုအတွင်းမှ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီး ကျောင်းများမှ သံဃာတော်အပါး ၇၀ ခန့်တို့အား ပြန်လည်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး သံဃာတော် တစ်ပါးလျှင် သပိတ်လုံးခုနစ်လုံးခန့် နှစ်စဉ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့နောက် လပြည့်နေ့ညနေပိုင်းတွင် မြင်းကပါကျေးရွာအုပ်စုအတွင်းရှိ စိန်ကုန်း၊ မြို့လယ်၊ ရွှေခြံ၊ မြို့မ၊ မြို့ရှေ့၊ မြို့ညွန့် ပြည်သူများက ဘုရားကြီးအား ရွှေသက်န်းဖိုးဝတ္ထုငွေ လှူဒါန်းသည့် အနေဖြင့် ငွေသွန်းလောင်းလှူပွဲကို လည်း ရိုးရာမပျက် နရည်းခံအဆိုအတီးများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောမည်

**တာချီလိတ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ထိုင်းနိုင်ငံမှ ပညာရှင်များက သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဘယ်မြို့တွေမှာ ငလျင်လှုပ်နိုင်သလဲ၊ ငလျင်ကြော အနီရောင်အဆင့် ဘယ်မြို့တွေမှာ ရှိသလဲ၊ငလျင်လှုပ်ရင် ဘယ်လိုရှောင်မလဲ၊ ငလျင်မီးတောင်များ ဘယ်မှာရှိလဲ၊ ဆူနာမီဘယ်မှာဖြစ်နိုင်သလဲ၊ ရေကြီးမှာကို ဘယ်နှရက်ကြိုသိနိုင်သလဲစသည့် အသိတရားများစွာရဖို့နဲ့ အများသူငါသိအောင် ပြန်လည်မျှဝေနိုင်ဖို့ ရည်ရွယ်ပြီး ဟောပြောပွဲကျင်းပတာဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူ ဒေါ်ခင်သန်းမူက ပြောသည်။

မြန်မာနိုင်ငံတွင် ငလျင်ဘေး၊ ရေဘေးစသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရမှုအပေါ် လူအများ၏ အသက်အန္တရာယ်အား သတိပေးကာကွယ်နိုင်ရန်အတွက် ထိုင်းနိုင်ငံမှ ငလျင်ကျွမ်းကျင် ပညာရှင် ရှစ်ဦးတို့က သရုပ်ပြကား၊ ပရိုဂျက်တာ၊ စက်ကိရိယာများဖြင့် လက်တွေ့သရုပ်ပြခြင်းနှင့် သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး နည်းပညာပေးဆွေးနွေး

**မင်းလှ စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း (Community Learning Center)ဖွင့်ပွဲ အခမ်းအနားနှင့် ဝန်ထမ်းများနှင့်တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက သရက်တပင်တောင်သူပညာပေးစခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အမှာစကား ပြောကြားပြီး တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ခင်စမ်းမြင့်က မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရမည့်နည်းပညာရပ်များကို တက်ရောက်လာသော တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများအား ဆွေးနွေးပို့ချခဲ့သည်။**(မြို့နယ် ပြန်/ဆက်)**

# ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးမှာ ပြည်သူလူထုသည်သာအဓိကအခရာဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကပြောကြား



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ပြောင်းလဲချိန်တန်သည့်အတွက် စနစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် အသည်းကြားက မဲတစ်ပြားမှသည် လူထု၏တစ်ခဲနက် အားပေးထောက်ခံမှုနှင့်အတူ ပြည်သူ့ကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်တင်မြှောက်ပေးခဲ့ပြီးဖြစ်ရာ ပြည်သူတို့၏ မျှော်လင့်ချက်များစွာတို့သည် ယနေ့အချိန်အခါတွင် မိမိတို့ အားလုံးအတွက် တာဝန်များဖြစ်လာခဲ့ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများက ယခုတာဝန်ကို ကျေနပ်ဂုဏ်ယူစွာလက်ခံပြီး မိမိတို့၏ ကောင်းမွန်သော သမိုင်းသစ်ကို ရေးထိုးသွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိရာ နိုင်ငံတော်ကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ဖြင့် ပိုင်းခြားခွဲဝေကျင့်သုံးရာတွင် လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ရာတွင် မိမိတို့၏ ဥပဒေပြုရေးကဏ္ဍသည် လွန်စွာမှပင် အရေးကြီးကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ထိန်းကျောင်းရမည်ဖြစ်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး၊ မလျော်ဩဇာသုံးခြင်းမျိုး မပြုလုပ်မိစေရန်နှင့် အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြမှုများဖြင့် တည့်မတ်ပေးသွားမည်ပင်ဖြစ်ပါကြောင်း။

မိမိတို့၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ရာ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသည့် ဥပဒေပြုရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုး ရည်မျှော်မှုန်းကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပယ်ဖျက်သင့်သည့် ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို ပွင့်လင်းမြင်သာစွာဖြင့် ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ရဲဝံ့ပြတ်သားစွာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက ပြဋ္ဌာန်းဥပဒေများကို လိုက်နာနိုင်မည်ဖြစ်ပြီး ဥပဒေ၏အကာအကွယ်ကို နိုင်ငံသားတိုင်း တန်းတူညီမျှရရှိစေနိုင်ကာ ဥပဒေအထက်တွင် မည်သူမျှမရှိနိုင်မည်ဖြစ်ကြောင်း။

အနာဂတ်တွင် ပြည်သူများချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးမှာ ပြည်သူလူထုသည်သာ အဓိကအခရာဖြစ်၍ အားလုံးကိုယ်ကျိုးမဖက် အတူတကွ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော ဒီမိုကရေစီ အနှစ်သာရများကို နိုင်ငံသားတိုင်း တန်းတူညီမျှ ရရှိခံစားနိုင်စေရန် လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်ထောင်စု မြန်မာနိုင်ငံသားများဖြစ်သည့် မိမိတို့ မြန်မာနိုင်ငံသားအားလုံးသည် တစ်ဦးကိုတစ်ဦး ယုံကြည်ချစ်ခင်စွာဖြင့် သမိုင်းမော်ကွန်းသစ်ကို အတူတကွ ပူးပေါင်းရေးထိုးကြရန် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဆန္ဒပြုပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားစဉ်



နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဖတ်ကြားစဉ်



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို Ms. Janet Jackson ဖတ်ကြားစဉ်

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သည့်သဝဏ်လွှာကို Ms. Janet Jackson က ဖတ်ကြားသည်။

ယင်းနောက် ကျောင်းသားလူငယ်များ၏စာတမ်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုစာတမ်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏ စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ စာတမ်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏စာတမ်း၊ မွန်အမျိုးသားပါတီ၏စာတမ်း၊ "ဝ" ဒီမိုကရက်တစ်ပါတီ၏ စာတမ်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏စာတမ်း၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၏စာတမ်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၏ စာတမ်း၊ တအာင်း (ပလောင်)အမျိုးသားပါတီ၏ စာတမ်း၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်း၊ ရခိုင်အမျိုးသားပါတီ၏စာတမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏စာတမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်းများကို ဖတ်ကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီ၏ အခြေခံမူမှာ "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်" ဆိုသည့် အချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အာဏာကိုပြည်သူလူထု၏လက်ထဲ၌သာ အပ်နှင်းထားပြီး ယင်းအာဏာကို လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံကြရသည့် လူထုကိုယ်စားလှယ်များက သုံးစွဲသော ပြည်သူလူထု၏ အစိုးရဖြစ်ပါကြောင်း။

"အစိုးရသည် ပြည်သူလူထုကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းဖြစ်ပြီး ပြည်သူလူထုသည် အစိုးရကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းမဟုတ်" ဟူသော သဘောတရားအပေါ်တွင် ဒီမိုကရေစီစနစ်သည် အခြေပြုနေကြောင်း၊ အုပ်ချုပ်သူ အာဏာပိုင်များက တရားမျှတစွာ လုပ်ဆောင်နိုင်ပါမှလည်း ဒီမိုကရေစီက ဖွံ့ဖြိုးရှင်သန်လာမည်ဖြစ်ကြောင်း။

ဒီမိုကရေစီကို ဘာကြောင့်မြတ်နိုးတန်ဖိုးထားကြသည်ကို စဉ်းစားကြည့်ပါက ဒီမိုကရေစီ၏ အကျိုးကျေးဇူးအချို့ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူလူထုကိုအပေါ်တွင်ထားပြီး အစိုးရကို အောက်တွင်ထားရပါကြောင်း၊ အာဏာရှင်နိုင်ငံများတွင် အစိုးရကို အပေါ်တွင်ထားပြီး ပြည်သူလူထုကို အောက်တွင်ထားကြပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့ ရှိကြောင်း၊ အာဏာရှင်နိုင်ငံများတွင် အခွင့်အရေးများ မရှိကြကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြင့် ပြည်သူ့ထံမှ လုပ်ပိုင်ခွင့်အာဏာကို ရယူရပါကြောင်း၊ အာဏာရှင်နိုင်ငံများတွင် ရသည့်နည်းဖြင့် အာဏာကို ရယူပြီး လက်မလွှတ်ကြတော့ကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပါကြောင်း၊ အာဏာရှင်နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ မရှိကြောင်း။

ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူလူထုက မျက်စိဖွင့်၊ နားစွင့်၊ ပါးစပ်ဖွင့်ခွင့်များ ရကြကြောင်း၊ အာဏာရှင်နိုင်ငံတွင် ပြည်သူလူထုက မျက်စိမှိတ်၊ နားပိတ်၊ နှုတ်ဆိတ်နေကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အားလုံးသည် ဒီမိုကရေစီ အပင်ပေါက်လေးကို သင်းသတ်မခံရအောင် မျက်ခြည်မပြတ် ဂရုစိုက်ကြရန်လိုကြောင်း၊ ဒီမိုကရေစီကို တစ်နည်းနည်းဖြင့် တိုက်ဖျက်နေသည့် အန္တရာယ်ရန်စွယ်ကိုလည်း သတိပြု၍ ကာကွယ်ကြရန်လိုကြောင်း၊ ဒီမိုကရေစီကို ရန်လိုကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း သဘောထားကြီးခြင်း၊ သည်းခံခြင်းတို့ဖြင့် ဆက်ဆံကြရန်လိုကြောင်း၊ ဒီမိုကရေစီကို ကာကွယ်ရမည့် မိမိတို့ကိုယ်တိုင်ကလည်း အမှားကင်းအောင် အထူးကြိုးစားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ကို အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးအောင် အားလုံးတက်ညီလက်ညီ ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား မြို့ရွှေမန်းသားဖိုးချစ်ဇာတ်အလုသဘင် အဖွဲ့သားများက "ငါသည်အောင်ဆန်း" ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်သည်။

**(သတင်းစဉ်)**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။ (မိုး/ဇလ)

# ရာသီဥတုကာကွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးစေရန် ရည်မှန်းချက်များကို လက်တွေ့ဆောင်ရွက်မှုအဖြစ် ပြောင်းလဲကြရမည်

**၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်**



ကျွန်ုပ်တို့ကမ္ဘာကြီးသည် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီးကတည်းကစ၍ ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့တွင် ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုအပြင် ကမ္ဘာကြီးနှင့် လူသားတို့၏ နေထိုင်မှု အဆင့်အတန်းမြင့်မားရေးကို ဖော်ဆောင်နိုင်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ အစီအစဉ် ရှိနေပြီ ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပါရီသဘောတူညီချက်က ဘေးကင်းလုံခြုံပြီး စဉ်ဆက်မပြတ် ကောင်းမွန်သော ကမ္ဘာတစ်ခုဆီသို့ ကျွန်ုပ်တို့အားလုံး အတူတကွ လျှောက်လှမ်းရန် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။

ယခုအခါ မှန်လုံအိမ်ဓာတ်ငွေ့များ အလျင်အမြန် ကြီးထွားလာစေသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFC)ကြောင့် ပူနွေးလာမှုကို မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ပါ လုပ်ပိုင်ခွင့်များဖြင့် နှေးကွေးသွားစေရေးအတွက် တိုးတက်အောင်မြင်မှုများရရှိရန်နှင့် ရာသီဥတုကာကွယ်ရေး လုပ်ငန်းများဖွံ့ဖြိုးစေရန် ရည်မှန်းချက်များကို လက်တွေ့ဆောင်ရွက်မှုအဖြစ် ပြောင်းလဲကြရမည် ဖြစ်ပါသည်။

နောက်လတွင် ရဝမ်ဒါ၌ နိုင်ငံအဆင့်ကိုယ်စားလှယ်များ စုဝေးသည့်အချိန်တွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်အရ ဟိုက်ဒရိုဖလူရိုကာဗွန်(HFC)လျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုများရရှိရေးကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်ရှိပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အိုဇုန်းလွှာကိုပျက်စီးစေသည့် ဒြပ်ပစ္စည်းများအစား ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ကို ထိရောက်သည့် အစားထိုးပစ္စည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပြီး အထူးသဖြင့် ယင်းတို့ကိုရေခဲသေတ္တာနှင့် လေအေးပေးစက်တို့တွင် အသုံးပြုခဲ့ကြပါသည်။ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) သည် အိုဇုန်းလွှာအား ခြိမ်းခြောက်နေမှုများကို လျှော့ချနိုင်ခဲ့စဉ်မှာပင် ယင်းဒြပ်ပစ္စည်းများသည် မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်ကြောင်း သိပ္ပံပညာရပ်က ဖော်ထုတ်ခဲ့ကြပါသည်။ ယင်းဒြပ်ပစ္စည်းများ အသုံးပြုမှု အလွန်လျင်မြန်စွာ တိုးပွားလာမှုနှင့်အတူ ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာကို ယခင်ပုံမှန်ရှိခဲ့သည့်အတိုင်း ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပြတ်သားသောဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်သည်။

HFC ကိုလျှော့ချခြင်းက ဤရာစုနှစ်ကုန်တွင် ကမ္ဘာကြီးပူနွေးလာမှု၏ ဒီဂရီထက်ဝက်ခန့်အထိ ကျဆင်းသွားစေခြင်း၊ ပါရီသဘောတူညီချက်အတွက် အဓိကတွန်းအား တစ်ရပ်အနေဖြင့် ပံ့ပိုးပေးခြင်းနှင့် အစားထိုး အအေးပေးပစ္စည်းများနှင့် နည်းပညာများတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲမှုကို သိသာစွာတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများရရှိစေရန် အထောက်အပံ့ပြုပါလိမ့်မည်။

ကမ္ဘာလုံးဆိုင်ရာပြဿနာအတွက် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်တစ်ရပ် လိုအပ်ပါသည်။ တစ်နှစ်လျှင် အရေပြားကင်ဆာဖြစ်ပွားမှု နှစ်သန်းခန့်ကို ရှောင်လွှဲနိုင်ရန်နှင့် မျက်စိတိမ်စွဲရောဂါ ခံစားနေရသည့် လူပေါင်းများစွာကို ကယ်ဆယ်ရန် ကမ္ဘာ့နိုင်ငံများက မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို လိုက်နာဆောင်ရွက်နေကြခြင်းအားဖြင့် မည်သည့် အတားအဆီးကိုမဆို ကျော်လွှားနိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

HFC လျှော့ချရန် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့အနေဖြင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC)အရ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းများကိုလျှော့ချရန် အခြားသော ကြိုးပမ်းအားထုတ်မှုများကို ပြီးပြည့်စုံစေနိုင်ပါသည်။ ဤအပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခါသမယတွင် ကျွန်ုပ်တို့အနေဖြင့် "မည်မျှပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီးပြီလဲနှင့် ကျွန်ုပ်တို့၏ လေထုလွှာကို ကာကွယ်နိုင်ဖို့ ပိုမိုလုပ်ဆောင်ရမည့် တာဝန်"တွေကို စွဲမှတ်ထားကြပါစို့။ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ကမ္ဘာကြီး၊ ကျွန်ုပ်တို့၏အိမ်ကြီးကို ကာကွယ်နေစဉ်မှာပင် လူသားအားလုံးအတွက် ပိုမိုဘေးကင်းလုံခြုံသော၊ ကျန်းမာသန်စွမ်းသောနှင့် ပိုမိုကြီးပွားတိုးတက်ပြီး ခံနိုင်ရည်ပြည့်ဝသော ကမ္ဘာကြီးကိုတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

# ရွေးကောက်ပွဲဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral System (IFES) တို့မှ ကြီးမှူးပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းဆင်းပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့် IFES မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများအား သင်တန်းပို့ချပေးခဲ့သည့် ဆရာ ဆရာမများအား လည်းကောင်း၊ သင်တန်းသားများ၏ သင်တန်းဆင်း လက်မှတ်များအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား ကိုယ်စားလှယ်များအား လည်းကောင်း၊ ဂုဏ်ပြုအမှတ်တရတံဆိပ်အား Grand Amara ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးအား လည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❐ *ကျောဖုံးမှ*

ဒီတံတားကြီးတန်ဖိုးကို ဆောက်လုပ်ရေးက သိတယ်"ဟု ၎င်းက ပြောသည်။

ရေယာဉ်များဆိုက်ကပ်ပါက တံတားအနီး ရေယာဉ်စက်ချွတ်ယွင်းခြင်း၊ နစ်မြုပ်ခြင်းများဖြစ်ပေါ်လာပါက ရေဆန်ဘက်မှ မျောပါပြီး တံတားတိုင်များကိုထိခိုက်ကာ တံတားကြံ့ခိုင်မှု ပျက်စီးမည်ဖြစ်သောကြောင့် တားမြစ်ခြင်းဖြစ်သည်ဟု ဆိုသည်။

"တစ်ရက်ကို ရေယာဉ် ၁၀ စင်းကပ်တာနဲ့ တစ်စင်းကပ်တာ တံတားအတွက် စိုးရိမ်ရမှုက မတူဘူး။ အစင်းရေများရင် ပိုပြီး သတိထားရမှာပါ။ ဆောက်လုပ်ရေး-ရေယာဉ်ကတော့ ပစ္စည်းအတင်အချ ဆိုက်ကပ်မှာဖြစ်ပေမယ့် အလွန်နည်းပါတယ်။ ကိုယ့်ရေယာဉ်တွေရပ်နားမှုကို တာဝန်ယူတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

တံတားများကြံ့ခိုင်ရေးအတွက် ရတနာပုံတံတားအထက်ဘက်(ရွှေကြက်ယက်ဘုရားအတွင်း)ပေတစ်ထောင်နှင့် တံတားနှစ်စင်းအကြား ရေယာဉ်များဆိုက်ကပ်ခွင့်မပြုကြောင်း၊ အဆိုပါနေရာတွင် ကုန်နှင့်သဲတင်ရေယာဉ်များဆိုက်ကပ်ကာ သဲထုတ်လုပ်သူများရှိကြောင်း သိရသည်။

"ရတနာပုံတံတားအထက်ဘက် ပေတစ်ထောင်နဲ့ တံတားနှစ်စင်းအကြားမှာလည်း ရေယာဉ်တွေမရပ်ရဘူး။ သဲသမားတွေက စုပုံရုံလောက်ဆိုပေမယ့် သူတို့ရေယာဉ်တွေ ရပ်ကြတယ်။ ရေယာဉ်များ စနစ်တကျ ဆိုက်ကပ်ပြေးဆွဲရေးကော်မတီကလည်း တားမြစ်ထားတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတိုးအောင်လင်းက ပြောသည်။

တားမြစ်စာ နှစ်ကြိမ်ထုတ်ပြန်ခဲ့ရာ ယင်းနေရာတွင် ယခင်က လုပ်ကိုင်ခွင့်ရရှိသူ ငါးဦးရှိပြီး ရေယာဉ် ရပ်နားခွင့်မရှိတော့သဖြင့် သဲစုပ်လုပ်ငန်းများကို ရေပေါ်နှင့်ကမ်းနားတွင် လုပ်ကိုင်ခွင့်မရခြင်းကြောင့် လုပ်ငန်းများရပ်ဆိုင်းထားရသဖြင့် အခက်အခဲ ကြုံတွေ့နေရကြောင်း သဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



Mr. Harmensyah



Mr.Peter Batchelor

◆ *ကျောဖုံးမှ*

သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲနေကြရပါကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ ရှိရင်းစွဲ အသက်မွေးမှုလုပ်ငန်းများ၊ နေထိုင်မှုပုံစံများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်းများတွင် သဘာဝဘေးမည်မျှအထိ ကျရောက်လွှမ်းနေသည်ကို တွေ့ကြုံခဲ့ရသည့် သဘာဝဘေး အန္တရာယ်များမှ မျက်ဝါးထင်ထင် သိရှိကြပြီးဖြစ်ပါကြောင်း၊ ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ပေးခြင်းဖြင့် ဘေးဒဏ်ခံနိုင်ရည်ရှိအောင် တိုးမြှင့်လုပ်ဆောင်နိုင်ရန်လိုအပ် သည်ကို သဘာဝဘေးများက မီးမောင်းထိုးပြနေပါကြောင်း။

သဘာဝဘေးကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ ဆေးခန်းများ၊ လမ်း၊ သောက်သုံးရေပေးဝေခြင်း၊ ယဉ်ကျေးမှု အဆောက်အအုံစသည့် အရေးပါသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးသည့် အပိုင်းတွင်လည်း ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

အာဆီယံဒေသတွင်း ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ဆူနာမီ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ၂၀၀၈ခုနှစ်၊ မြန်မာနိုင်ငံနာဂစ်ဆိုင်ကလုန်းမုန်တိုင်း ပြန်လည်ထူထောင်ရေး၊ ၂၀၁၁ ပြည့်နှစ် ထိုင်းနိုင်ငံ ရေဘေးပြန်လည်ထူထောင်ရေး၊ ၂၀၁၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ ဟိုင်ရမ်းတိုင်ဖွန်း ပြန်လည်ထူထောင်ရေး စသည့်ထင်ရှားသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအတွင်း ဆောင်ရွက်နေသည့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးလျော့ပါးရေးဆိုင်ရာ လုပ်ငန်းများအတွက် ရည်မှန်းချက်များချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ကော်မတီတွင် လုပ်ငန်းကော်မတီ ၁၂ ခု ပါဝင်ဖွဲ့စည်းထားပြီး သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အစရှိသည့် လုပ်ငန်းတာဝန်များ သီးခြားသတ်မှတ်ပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မကြာသေးမီက လက်မှတ်ရေးထိုးအတည်ပြုထားသည့် "တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှု ကြေညာစာတမ်း"ပါ ရည်မှန်းချက်များကို အသက်သွင်းပေးနိုင်ရန် မိမိတို့၏ သဘာဝဘေး ကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို ပိုမိုစုစုစည်းစည်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ Deputy Minister for Rehabilitation and Reconstruction, BNPB-National Disaster Management Agency မှ Mr. Harmensyah နှင့် UNDP မှ Country Director, Mr.Peter Batchelor တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အာဆီယံသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် AHA Centre မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားအသင့်အတင့်မှ အားနည်းနေမည်

**နေပြည်တော် စက်တင်ဘာ ၁၅။** ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ **(မိုး/ဇလ)**

# တော်သလင်းလနှင့်ပွဲတော်ဓလေ့များအကြောင်း

**ဒေါက်တာမောင်ဖြေ**

**အဘိရုက္ခပျို့တွင် "လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုး" ဟု တန်ဆိပ်ဝန်မင်းက စပ်ဆိုထား၏။ ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်း ၁ ရက်မှ ရေတွက်လျှင် ရက်ပေါင်း ၁၅၄ ရက်မြောက်ရေးသောနေ့ကိုဗဟိုထား၍ ရှေ့ခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ်သောမိုးကိုဆိုလိုသည်။ ထိုနေ့အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက်ဆိပ်ကြယ်မွန်းလွဲပြီး တနင်္ဂနွေဂြိုဟ်ကြီးသည် သိဟ်ရာသီမှကန်ရာသီသို့ပြောင်းရွှေ့ဆင်းသက်သည်။ ထိုအခါတွင် ရွာတတ်သောမိုးကို ကန်ဆင်းမိုးဟုခေါ်ခြင်းဖြစ်သည်။ မာဃဒေဝလင်္ကာသစ်ကြီး၌လည်း "မှတ်လေ့ထင်ရှားအတိတ်ကြား၏။ ရာငါးဆယ့်လေး မကြားသချ်ာ၊ ပဒုမ္မာကြာနှင့်ယင်းမာထုံသင်း၊ တော်သလင်း၌ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလဟူကုန်ကြ၏"**

ဟု မှတ်တမ်းတင်ထားသည်။

တော်သလင်းလနှင့် တိုက်ဆိုင်သောရာသီမှာ ကန်ရာသီဖြစ်သည်။ ကန်ရာသီ၏ ရာသီရုပ်မှာ လက်တစ်ဖက်ကကောက်ဆုပ်၊ လက်တစ်ဖက် က ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမပျိုရုပ်သဏ္ဌာန်ရှိသည်ဟု ဇောတိတတ္တကျမ်းတွင်ဆိုထားသည်။ ယောမင်းကြီးက ဥတုဘောဇနကျမ်းတွင် တော်သလင်း၊ သီတင်းကျွတ်နှစ်လသည် သာရဒဥတုမည်၏။ လောကသည်ပူ၏။ ကောင်းကင်၌ အညစ်အကြေးကင်း၏။ ဖြူစင်၏။ အင်းအိုင်မြစ်ကမ်းတို့သည်ပေါ်ကုန်၏။ ချွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့်အမြင့်အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရွှံ့ညွန်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပွွမ်းကုန်၏။ ပဒုမ္မာကြာခေါင်ရန်း ပိတောက်ယင်းမာစသော ပန်းတို့သည်ပွင့်ကုန်၏။ အသီး အပွင့်အရွက်အမြစ်ဆေးတို့သည် ဩဇာရှိကုန်သည်ဟု ပြဆိုထားသည်။

**တော်သလင်းလ**

တော်သလင်းဟူသောဝေါဟာရသည် "တော်သလံ = နှစ်သက်ဝမ်းမြောက်ခြင်း" ဟူသော ပါဠိမှဆင်းသက်လာ၏။ ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၏။ ထို့ကြောင့်လယ်သမားတို့စိတ်ကို နှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟု ခေါ်ဆို၏။ အချို့က တော်သလင်းဆိုသည်မှာ သတင်းအတွင်းကို ဆိုလိုသည်ဟူ၏။ သတင်းကို သလင်းဟု တ-အက္ခရာကို လပြုခြင်းရ၏။ တောမှာ အတွင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် သလင်းတောဖြစ်လာ၏။ ယင်းသတင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်းတောကို (အက္ခရာဝိပရိယာယ) အက္ခရာရှေ့နောက် ပြန်ပြောင်းခြင်းဘာသာဗေဒနည်းဖြင့် တော်သလင်းဖြစ်လာသည်ဟူ၏။

တစ်နည်းအားဖြင့် တော်သလင်းကို အခေါ်အဝေါ်ပြေပြစ်စေရန် "တော" မှ "တော်" ဖြစ်လာ၏။ အတ္တဘောကို အတ္တဘော်၊ မနောကို မနော်ပြုသကဲ့သို့ တောကိုလည်းတော်သို့ ပြောင်းလဲလာခြင်းဖြစ်၏။ တချို့ပညာရှိတို့က မြန်မာဆန်ဆန် တွေးဆပြန်၏။ တော်သလင်းတွင်း "တော်" မှာ အမြင့်ကောင်းကင်ဖြစ်၏။ "သလင်း" မှာ သာလင်း-သာယာကြည်လင်ခြင်းဖြစ်၏။ တော်သလင်းဟူသည် ကောင်းကင်တစ်ခွင် သာယာကြည်လင်သောလဖြစ်သည်ဆို၏။

ထိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ နာရီအားဖြင့် နေ့တွင် ၃၂ နာရီရှိ၏။ ညဉ့် ၂၈ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတို၏။ ရာသီအလို ကန်ရာသီခေါ်ဆို၏။ ဘဒြခေါ် ပြုဗ္ဗာဘဒြ နက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ဘရဂုဏ္ဏိ နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဗျိုင်းတာရာထွန်းပ၏။

**တော်သလင်းအဓိပ္ပာယ်**

ပုဂံခေတ်ကျောက်စာများတွင် (တိသ္လင်၊ တာ်သ္လင်၊ တာ်သလင်) စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္ထဆရာက မြန်မာဘာသာမှာ ကညာဟူသော ကမ္ဘာဦးကာလ မူလဘာသာတွင် ညအက္ခရာကို နအက္ခရာပြု၍ တံခွန်တင်ပြီးလျှင် ကန်ရာသီဟုခေါ်ဆိုကြသည်။ ကညာသဒ္ဒါသည် မိန်းမငယ်သမီးကညာကိုဟော၏။ ယောက်ျားတို့ နှစ်သက်စေတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်းအဓိပ္ပာယ်ရှိသည်။ "တောသ"ပုဒ်လည်းရှိ၏။ ထိုကညာနှင့် အဓိပ္ပာယ်တူ "တောသ" ပုဒ်ကို အစွဲပြု၍ ရှေးမြန်မာကြီးများက ဤလကို တော်သလင်းဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြ၏။

ဝိဂြိုဟ်ဆိုရသော် "ပုရိသာနံ တောသိတုံ အလန္တိ တောသလံ" ဟုလည်းကောင်း၊ "ကဿကာနံ တောသိတုံ အလန္တိတောသလံ"ဟုလည်းကောင်း ဆိုနိုင်သည်။ အဓိပ္ပာယ်မှာ ယောကျ်ားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ သို့မဟုတ် လယ်လုပ်သားတို့ကို နှစ်သက်စေခြင်းငှာစွမ်းနိုင်သောလဟူ၍ ဖြစ်သည်။ယင်းသို့ ကျမ်းပြုဆရာလေ့အသင်းအတွင်းဝန်က တော်သလင်းအမည်ကို ပါဠိစာပေနယ်တွင် ရှာဖွေ၍ ပါဠိသက်ပုဒ်အဖြစ်ယူဆဆုံးဖြတ်ခဲ့သည်။

ပုဂံခေတ်နှင့်ပထမအင်းဝခေတ်ထိုးကျောက်စာတို့တွင် တော်သလင်းလကို သစ်ဆင်းလဟုခေါ်ဆိုရေးသားခဲ့သည်ကိုမတွေ့ရ။ သစ်ဆင်း ဟူသော စကားအသုံးကို အင်းဝခေတ်ကဗျာတို့တွင် ရှေးဦးစွာတွေ့ရ၏။ ကျောက်စာတို့တွင် ဟံသာဝတီဆင်ဖြူရှင်လက်ထက်ရောက်မှ တွေ့ရ၏။တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက် ရှေးကျ၏ဟု ပညာရှိတို့ တွေးဆကြသည်။

"ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား" ဟူ၍ စာဆိုဦးအောင်ကြီး၏ ရာသီဖွဲ့လူးတားကဗျာအရ တော်သလင်းလတွင် ယင်းမာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြု၏။ ကချင်ပြည်နယ်တွင် ထွက်ကုန်အများအပြားရှိရာ ဆေးဖက်ဝင်သော ခန်းတောက်မြစ်သည် တစ်ခုအပါအဝင် ဖြစ်၏။ မေခ၊ မေလိခမြစ်ဖျားဒေသ၌ ပေ ၆၀၀၀ မှ ၁၀၀၀၀ ကြားရှိ တောင်တန်းကြီးများတွင် ခန်းတောက်ပင်များ စိုက်ပျိုး၏။ တန်ခူးလတွင် စတင်စိုက်ပျိုး၏။ တော်သလင်းလမှစ၍ ခန်းတောက်မြစ်များကို တူးဖော်ကြ၏။ ရေလုပ်ငန်းအနေဖြင့် ပင်လယ်ငါးဖမ်းလုပ်သားတို့ လုပ်ငန်းစချိန်ဖြစ်၏။ မြန်မာနိုင်ငံအထက်ပိုင်းရှိ သစ်တောကြိုးဝိုင်းများမှ သစ်များကို ဧရာဝတီမြစ်ရိုးအတိုင်း စုန်မျှောကြသည်။ သစ်မျှောရန် အကောင်း ဆုံးအခါရာသီဖြစ်၏။

**လှေသဘင်ပွဲတော်**

"တော်သလင်းကို၊ မြစ်တွင်းသင်ဖြူးခင်း" ဆိုစကားနှင့်အညီ မြစ်ပြင်တွင် လှိုင်းလေငြိမ်သက်၍ ရေသင်ဖြူးခင်းထားဘိသကဲ့သို့ရှိ၏။ ထို့ကြောင့် ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သည့် ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။

**လှေသဘင်ပွဲတော်ကို "ပန်းလှသဘင်၊ လှေပွဲသဘင်၊ မြစ်ယံပွဲ" စသည်ဖြင့် အမျိုးမျိုးခေါ်၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင် ကိုယ်တော်တိုင်၊ ဗိုလ်ပါမှူးမတ်များခြံရံပြီး "ပြည်ကြီးမွန်"မည်သော ရွှေလှေတော်ကြီးပေါ်မှ လေညင်းခံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ . . .**

လှေသဘင်ပွဲတော်ကို "ပန်းလှသဘင်၊ လှေပွဲသဘင်၊ မြစ်ယံပွဲ" စသည်ဖြင့် အမျိုးမျိုးခေါ်၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင်ကိုယ်တော်တိုင်၊ ဗိုလ်ပါမှူးမတ်များခြံရံပြီး "ပြည်ကြီးမွန်"မည်သော ရွှေလှေတော်ကြီးပေါ်မှ လေညင်းခံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။ ပြည်ကြီးမွန်လှေဆိုသည်မှာ မြန်မာမင်းကို တရားသောမင်းတို့ ညီညွတ်ဟန်ကို လှေဦးမှ ပဲ့အထိ လက်ဝဲလက်ျာ အရုပ် ၅၀ စီ ထုလုပ်တန်ဆာဆင်ထားသော ဘုရင့်ရွှေလှေတော်ကြီးဖြစ်၏။ ဘုရင်ကိုယ်တိုင် ထွက်ရှုတော်မူသည်ကို ထောက်သော် လှေသဘင်ပွဲတော်သည် ကြီးကျယ်စည်ကားလိမ့်မည်ဟုခန့်မှန်းရ၏။ လှေပြိုင်ပွဲကို တော်သလင်းလဆန်း ၈ ရက် (လပြည့်နေ့)၊ လပြည့်ကျော် ၈ ရက် (လကွယ်နေ့)များတွင် ကျင်းပပြုလုပ်၏။ ပြိုင်ပွဲဝင်ရန် အလှည့်ကျသော လှော်လှေခတ်လှေတို့သည် "ရွှေသားစက်ကွင်း"ရှိရာသို့ အကြိတ်အနယ်လုယက်ပြိုင်တက်၍ လှော်ခတ်ကြရ၏။ ရွှေသားစက်ကွင်းဆိုသည်မှာ အဝါရောင် စက္ကူတွင် အလယ်၌အမည်းကွက်ပြုလုပ်ထားသော စက်ကွင်းဖြစ်၏။ အမရပူရကောင်းစားစဉ်က ရွှေခဲလှေတော်၊ နတ်မြားလှေတော်၊ ရွှေတုံးလှေတော် စသည်ဖြင့် နာမည်ကျော်များရှိခဲ့၏။ ထိုပြိုင်လှေကျော်များမှ လှေတော်သားတို့သည် မိမိတို့လှေကို ဂုဏ်တင်ပြီး လှေချင်းသံများကို မြစ်လုံးညံမျှ သီဆိုကျူးရင့်လေ့ရှိ၏။

ရှေးမြန်မာဘုရင်များလက်ထက်တွင် ကျင်းပခဲ့သော လှေသဘင်ပွဲတော်အခမ်းအနားကို ခန့်မှန်းနိုင်စေရန် ဖော်ပြပါ၏။ သီပေါမင်းတရားလက်ထက် ၁၂၄၅ ခုနှစ် တော်သလင်းလ လှေသဘင်ပွဲတော်အကြောင်းကို ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီးတွင် ရေးသားဖော်ပြထားသည်မှာ "ယင်းသည် လဆန်း ၁၁ ရက်နေ့ နှစ်စဉ် ကျင်းပမြဲရေသဘင်ပွဲတော်ပြုလုပ်ရန် မှူးတော်၊ မတ်တော်အရာရှိတို့ ရွှေမြို့တော် အနောက်မျက်နှာ ဧရာဝတီမြစ်ဆိပ်သို့ ထွက်လာကြပြီးလျှင် လှေချလွှတ်ရန် သမ္ဘန်ကို ဝန်ထောက်ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ သွားရောက် ဖက်စပ်ချထားရသည်။ ပထမလှေရှေ့ဖျားတွဲဖက်မရှိ၍ စုန်သွားစေရသည်။

ထို့နောက် လက်ရွေးကြီး၊ လက်သစ်လှေကားတော်ကြီးနှစ်စင်း၊ ယင်းနောက် ပြည်လုံးအံ့နှင့်ရွှေးကြီးတွဲဖက်ပြိုင်ဆိုင်စေရသည်။ ပြီးလျှင် လှော်ကားတော်စင်းရေ တစ်ဆယ့်နှစ်၊ ပြီးလျှင် ပုလိပ်ရွှေခဲ၊ အစေခံတောင်လုံး၊ ပွဲတိုင်းကျော်၊ ထွက်ဆိုင်း ရစေသော လှော်လှေတော်စင်းရေ နှစ်ဆယ့်နှစ်၊ ပြီးလျှင် ရွှေတုံး၊ မင်းစံ၊ တောင်လုံးမှိုင်း၊ ရွှေလောင်းကြီးယင်ပုံ၊ မင်္ဂလာရန်နှင်း၊ ခိုတောင်ရွှေခဲစသော ခတ်လှေတော် နှစ်ဆယ့် ရှစ်စင်း၊ ပြီးလျှင် သုံးလူတောက်ပ၊ သုံးလူပူဇော်စသော လောင်းတော်စင်းရေ နှစ်ဆယ့်ကိုး၊ ပြီးလျှင် သေနတ်အစု အမှုထမ်းတို့ရဲ့လှေစင်းရေ လေးဆယ့်ငါး၊ ပြီးလျှင် မှူးတော်၊ မတ်တော်တို့ လှော်ကားချင်းပြိုင်ဆိုင်ရသည်။ ယင်းလဆန်း ၁၂ ရက်နေ့ ထိုနည်းတူပြိုင်ဆိုင်ရ၏။

ယင်းလဆန်း ၁၃ ရက်နေ့ ပင်လယ်သွားစကြာယာဉ်ပျံသဘော်ာတော်၊ ဧရာဝတီမြစ်သွားရတနာယာဉ်သာ၊ ရတနာယာဉ်ပျံ၊ စကြာရန်လွင်စသော သဘော်ာစင်းရေ နှစ်ဆယ့်နှစ်ကိုတွဲဖက်ပြိုင်ဆိုင်ရသည်။ ပြီးလျှင် အထက်နေ့က ခိုတောင်ရွှေခဲ ခတ်လှေတော်နှင့် မင်္ဂလာရန်နှင်းခတ်လှေတော်ပြိုင်ဆိုင်ရာ မင်္ဂလာရန်နှင်း ရှုံးနိမ့်သည်ကို စိတ်မကျေ ထပ်မံပြိုင်ဆိုင်ရန် အမိန့်တော်မြတ်ခံပြီးဖြစ်သည့်အတိုင်း ယင်းလှေတော်နှစ်စင်းပြိုင်ဆိုင်ကြရာ မင်္ဂလာရန်နှင်းနိုင်၍ ပန်းရသည်။ ပြီးလျှင် ရေပွဲသဘင်တော်သိမ်းသည်"ဟု ဖော်ပြထား၏။

အမြော်အမြင်ကြီးမားသော ရှေးမြန်မာကြီးတို့သည် လှေသဘင်ပွဲတော်ကို "ရေကြောင်း လှေကြောင်းလည်း ကျွမ်းကျင်ကြစေ၊ ပျော်လည်း ပျော်ရွှင်ကြစေ" ဟူသော သဘောဖြင့် ကျင်းပခဲ့ကြ၏။ မြန်မာဘုရင်တို့ ကျင်းပခဲ့သော လှေပြိုင်ပွဲသည် ပျော်ပွဲသက်သက် မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော်ဖြစ်၏။

သစ်ဆင်းပွဲခေါ်ဆိုခြင်းမှာ သစ်ဆင်းပွဲနှင့်ပတ်သက်ပြီး အမျိုးမျိုးယူဆကြ၏။ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "တော်သလင်းကို မြစ်တွင်းသင်ဖြူးခင်း" ဟူသည့် ရှေးသူဟောင်းတို့ဆိုရိုးစကားနှင့်အညီ ရေစီးအဟုန်မည့်မဖျင်းဖြစ်၏။ လှေအသင်းအတွင်းဝန်မင်း၏ ဆရာရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန် ဆရာတော်ကြီးက ဤသည်ကိုအကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ခြင်းဖြစ်ဟန်တူ၏။ ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လှေအသင်းအတွင်းဝန်မင်း၏ ဆရာရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန်ဆရာတော်ကြီးက သမန္တစက္ခုဒီပနီပထမအုပ်တွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကို ဆိုလို၏။ သစ်ဆင်းသဘင်ဆိုသည်မှာ လှေပွဲသဘင်ကို ဆိုလိုသည်ဟုလည်းကောင်း၊ ကုသပျို့အပိုဒ်(၃၁)၌လည်းကောင်း ရေးသားဖွဲ့ဆိုထားခဲ့၏။

ဤအရေးအသားတို့ကို ထောက်ရှု၍ ဆရာတော်ကြီး၏အလိုမှာ တော်သလင်းလတွင် သစ်ဆင်းပွဲဟူ၍ ပွဲသီးခြားမရှိ၊ လှေပွဲသဘင်ကိုပင် သစ်ဆင်းပွဲခေါ်သည်ဟု ယူဆတော်မူခဲ့သည်ကို မှတ်သားရဖူး၏။ မင်းဇေယျရန္တမိတ်၏ မင်းရဲနရာချေင်းတို့ကို ထောက်လျှင် လှေအသင်းအတွင်းဝန်ယူဆသကဲ့သို့ သာမန်သစ်ဖောင်များ စုန်ဆင်းခြင်းမဖြစ်တန်ရာ၊ ပျော်ပျော်ပါးပါး ခမ်းခမ်းနားနား ကျင်းပပြုလုပ်သော ပွဲမျိုးသာဖြစ်တန်ရာ၏ဟူ၍ ဆိုထားပြန်၏။

တချို့သော ချေင်းများနှင့် ဦးအောင်ကြီး၏ ကန်ရာသီဖွဲ့လူးတားတို့တွင် လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲနှစ်ခုစလုံးကိုပင် တစ်ခုစီခွဲ၍ ဖော်ပြလျက်ရှိသည်ကို တွေ့ရ၏။

တောင်သူလယ်သမားတိုင်း မိုးကောင်းရေးကို အထူးပင်လိုလားတောင့်တကြ၏။ မိုးဆိုသည်မှာ ရာသီဥတုသဘာဝတရားများဖြစ်၏။ လူတို့ဖန်တီး၍ ရနိုင်သော အရာမဟုတ်ပါ။ ထို့ကြောင့် အယူသီးသော လယ်သမားကြီးများသည် မိုးကောင်းစေရန် နည်းအမျိုးမျိုးတို့ဖြင့် ကြံဖန်ပြုလုပ်ပြီး ဆုတောင်းလေ့ရှိသော ပွဲဖြစ်နိုင်၏။ သစ်ဆင်းပွဲသည်လည်း ထိုနည်းအမျိုးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်တန်ရာ၏။ လူတို့သည် နတ်ပွဲများတွင် ငါးကြော်၊ မုန့်ဖြူမုန့်နီ စသည်ဖြင့် ပူဇော်ပသလေ့ရှိသကဲ့သို့ ထိုပွဲတွင်လည်း နတ်ပွဲကဲ့သို့ တင်မြှောက်ပြီး လေးတိုင်စင်မြင့်ပေါ်မှ ကခုန်ပြီး ဆင်းရ၏။ အကယ်၍ ခုန်ဆင်းသူသည် မှောက်လျက်ကျလျှင် မိုးကောင်းမည်။ ပက်လက်ကျလျှင် မိုးမကောင်းဟု ယူဆကြ၏။ ထိုပွဲသဘင်သည် အင်းဝခေတ်တွင် လ၏အမည်ကို စွဲမြဲမှတ်သားလောက်အောင် လူတို့အလေးဂရုစိုက်ပြီး ကျင်းပလေ့ရှိခဲ့သည်ဟု ခန့်မှန်းရ၏။ ယင်းပွဲတော်သည် လူ့အသက်များ ပျက်စီးတတ်၍လည်းကောင်း၊ လူတို့ ထိုပွဲကို မလိုလား၍လည်းကောင်း၊ လူ့ယဉ်ကျေးမှုတိုးတက်မြင့်မားလာ၍ ကောက်ယူသည့်နိမိတ်များကို မယုံကြည်ကြသောကြောင့် လည်းကောင်း၊ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ထိုသစ်ဆင်းပွဲတော်မှာ လုံးဝကွယ်ပျောက်ခဲ့ပြီး ကုန်းဘောင်ခေတ် ၁၂ ရာသီပွဲတော်တွင် သစ်ဆင်းပွဲအကြောင်း ထည့်သွင်းဖွဲ့ဆိုကြသည်ကို မတွေ့ရခြင်းဖြစ်ပေသည်။ ။

# အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့်ရောင်းချမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

အစိုးရငွေတိုက်စာချုပ်များ (Government Treasury Bonds) များကို စက်တင်ဘာ ၂၀ ရက်မှစ၍ လစဉ် တတိယမြောက်ရက်သတ္တပတ်၏ အင်္ဂါနေ့တိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)၌ လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်သည်။

လေလံပွဲ ကျင်းပမည့်နေ့ရက်၊ လေလံခေါ်ယူသည့်ပမာဏနှင့် ငွေတိုက်စာချုပ်များ၏ သက်တမ်းစေ့ ရောက်မည့်နေ့ရက်၊ အတိုးနှုန်းတို့ကို လေလံပွဲမတိုင်မီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ Website များတွင် ကြေညာမည်ဖြစ်သည်။ ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ-၂(ဆ)နှင့် ပုဒ်မ-၅၂(ည) တို့အရ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ရရှိထားပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် စာရင်းဖွင့်လှစ်ထားသည့် ဘဏ်အဖွဲ့အစည်းများသည် လေလံပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် မှတ်ပုံတင်ခွင့်ရှိသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလက စတင်ခဲ့သော အစိုးရငွေတိုက်လက်မှတ်များ (Government Treasury Bills) လေလံစနစ်ဖြင့် ရောင်းချခြင်းတွင် မှတ်ပုံတင်ပြီးသော အဖွဲ့အစည်းဖြစ်ပါက ထပ်မံမှတ်ပုံတင်ရန် မလိုပါ။ မှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းများသည် လေလံပွဲမတိုင်မီ ၁၀ ရက်ကြိုတင်၍ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။ တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံလိုပါက လောလောဆယ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Underwriter များအဖြစ် ခန့်အပ်ထားသော မြန်မာ့စီးပွားရေးဘဏ်-MEB နှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်-MSEC တို့မှတစ်ဆင့် လေလံဝင်ရောက်နိုင်သည်။ အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံစနစ်ဖြင့် ရောင်းချခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (နေပြည်တော်)တို့တွင် တောင်းခံရရှိနိုင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲ (ဖုန်း ၀၆၇-၄၁၀၁၇၀၊ ၀၆၇-၄၁၀၁၇၂)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းဌာန(ဖုန်း ၀၆၇-၄၁၈၂၄၁၊ ၀၁-၈၆၀၅၀၉၇၊ ၀၁-၈၆၀၃၇၄၆)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားဖြစ်ထွန်းဖော်ဆောင်ရေးအထောက်အကူပြုရန် E–Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မည်

**နေပြည်တော် စက်တင်ဘာ ၁၅**

E – Government ဆိုသည်မှာ နိုင်ငံသားများ၏အချိန်ကို ဖြုန်းတီးမှုမရှိသည့် အစိုးရအုပ်ချုပ်မှုစနစ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ E – Government ကို ထိရောက်စွာ အကောင်အထည်ဖော်မည်ဆိုလျှင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ အခွန်ကောက်ယူရာတွင် ပိုမိုတိကျစနစ်ကျလာပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေများ တိုးပွားမည်ဖြစ်ကြောင်း **နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ဆွေးနွေးပြောကြားသည်။


ဦးနိုင်ထူးအောင်
နွားထိုးကြီး မဲဆန္ဒနယ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့တွင် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ၏ **နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင် ပတ်သက်သူများအားလုံးသည် E – Government Website များနှင့် Mobile Application များမှ တစ်ဆင့်ဌာနဆိုင်ရာ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E – Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို**နှင့်စပ်လျဉ်း၍ ဦးနိုင်ထူးအောင်က ထိုသို့ ဆွေးနွေးခြင်းဖြစ်သည်။

ထို့ပြင် E – Government ကို အကောင်အထည်ဖော်မည်ဆိုပါက ပွင့်လင်းမြင်သာမှုရှိလာပြီး အကျင့်ပျက်လာဘ်စားမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း၊ E – Government ကို အကောင်အထည်ဖော်ရာတွင် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများက အစိုးရ၏ ဝန်ဆောင်မှုများကို ရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အဟန့်အတားများနှင့် ကြန့်ကြာမှုများကို ဖော်ထုတ်ပြီး အိုင်စီတီနည်းပညာသုံးစွဲ၍ မည်သို့ဖြေရှင်းရမည်ကိုစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ E–Government ကိုအကောင်အထည်ဖော်ခြင်းသည် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပိုမိုထိရောက် မြန်ဆန်ကောင်းမွန်ရန် ပြောင်းလဲခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် E – Government အကောင်အထည်ဖော်မှုများကို လေ့လာကြည့်လျှင် ၆၀ ရာခိုင်နှုန်းကျော် မအောင်မြင်သည်ကိုတွေ့ရပါကြောင်း၊ ထိုမအောင်မြင်သည့် အကြောင်းအရင်းများကို သင်ခန်းစာယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ E – Government အကောင်အထည်ဖော်ရာ၌ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်းစဉ်များရှိရန် လိုအပ်မည်ဖြစ်ကြောင်း ဦးနိုင်ထူးအောင်က ဆက်လက်ဆွေးနွေးသည်။

**ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း**က E – Government စနစ်ဆိုသည်မှာ စီမံခန့်ခွဲမှုများကို အိုင်စီတီနည်းပညာဖြင့် စီမံခန့်ခွဲအုပ်ချုပ်ခြင်း ဖြစ်ပါကြောင်း၊ E – Government စနစ်ကို ကျင့်သုံးပါက ကောင်းမွန်ထိရောက်သည့် စီမံခန့်ခွဲမှုများရှိပြီး ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုများရှိခြင်းကြောင့် ပြည်သူလူထုက ပိုမိုယုံကြည်လာမည်ဖြစ်ကြောင်း၊ ကနဦးကုန်ကျစရိတ်မြင့်မားသော်လည်း ရေရှည်တွင် အချိန်နှင့်ငွေကြေးကုန်ကျမှု သက်သာလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းနှင့် သဘာဝဘေး အန္တရာယ်များကို ကြိုတင်သိရှိရှောင်ရှားနိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်မှုများကြောင့် တရားဥပဒေစိုးမိုးပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အခွန်ဘဏ္ဍာများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်မှုများကို စောင့်ကြည့်အကဲဖြတ်ရန်နှင့် စောင့်ကြည့် တာဝန်ယူနိုင်ရန် E–Government စနစ်သည်သာ အကောင်းဆုံးဖြစ်ပါကြောင်း။


ဦးဇာနည်မင်း
ရွှေကူမဲဆန္ဒနယ်

E – Government စနစ်ဖော်ဆောင်ရာ၌ စိန်ခေါ်မှုများစွာရှိပါကြောင်း၊ မူဝါဒများ၊ ဥပဒေများ၊ အဖွဲ့အစည်းများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ နည်းပညာအခြေခံအဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ခြင်း၊ သတင်းအချက်အလက်များ စုစည်းခြင်း၊ စံနှုန်းသတ်မှတ်ခြင်း၊ ကွန်ရက်ချိတ်ဆက်မှုအားကောင်းရန် သုတေသနပြုခြင်း၊ ဖြစ်နိုင်ခြေ ကွန်ရက်များတည်ဆောက်ထားခြင်း၊ အသုံးပြုသူများနှင့် ဝန်ဆောင်မှုပေးသူများကို နည်းပညာ ကျွမ်းကျင်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် အစီအမံများ လုပ်ဆောင်ထားခြင်း၊ ဝန်ကြီးဌာနအလိုက် သတ်မှတ်ချက်များဖွဲ့စည်းထားခြင်း၊ လုပ်ငန်းစဉ်များကို အချိန်ဇယားချ၍ မဟာဗျူဟာ ကျကျချမှတ်ဆောင်ရွက်ထားရန်လိုအပ်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်**က E– Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အသုံးစရိတ် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုးတက်လာခြင်း၊ အချက်အလက်ဖြန့်ဝေမှု မြန်ဆန်လာခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု၌ အကျိုးသက်ရောက်မှုပိုမိုဖြစ်ထွန်းခြင်း၊ အဂတိလိုက်စားမှု လျှော့ပါးသွားစေနိုင်ခြင်း၊ အစိုးရနှင့်ပြည်သူ၊ အစိုးရနှင့် လုပ်ငန်းရှင်များ၊ အစိုးရဌာနများတွင် လုပ်ငန်းဆောင်ရွက်မှုများ အပြန်အလှန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ E – Government လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ အားသွန်ခွန်စိုက် စနစ်တကျအကောင်အထည်ဖော်လျှင် အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း တိုးတက်အောင်မြင်သည့် အသီးအပွင့်များ ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်**က ဖွံ့ဖြိုးမှုများစွာ နောက်ကျနေသည့် နိုင်ငံ၏ ယိုယွင်းသည့် အခြေအနေများကိုပြောင်းလဲရန် မှန်ကန်သည့် ကုစားမှုနှင့် မှန်ကန်သည့်လားရာသို့ အရှိန်အဟုန်ဖြင့် ရွေ့လျားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အလွဲကုစားမှုများနှင့် လားရာတည့်မတ်နိုင်ရန် အစိုးရအနေဖြင့် အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ သုံးစွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် အိုင်တီနည်းပညာ အခြေခံအဆောက်အအုံ အတိုင်းအတာတစ်ခုထိ ပိုင်ဆိုင်ခြင်း၊ E–Government စနစ်ကို အောင်မြင်အောင်ဆောင်ရွက်နေသည့် နိုင်ငံတကာ အတွေ့အကြုံနှင့် နည်းပညာများကို ရယူနိုင်သည့် အားသာချက်ရှိခြင်း၊ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် အတော်အတန် ရှိနေခြင်းများကြောင့် E – Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ရေးဆွဲ အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား ဖြစ်ထွန်းဖော်ဆောင်ရေးကို အထောက်အကူပြုစေရန် E–Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းအစီရင်ခံစာ၌ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၃၃ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၂၆ ခု၊ စုစုပေါင်း မေးခွန်း ၅၉ ခု မေးမြန်းခဲ့ပြီး အဆိုတစ်ခု တင်သွင်းခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း ၂၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၄ ခု ကတိဖြစ်ပေါ်ခဲ့ပြီး အဆိုတစ်ခုကို လွှတ်တော်က မှတ်တမ်းအဖြစ်သာထားရှိကြောင်း ပါရှိသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **"မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မောင်ငံရပ်ကွက် အုပ်စုအမှတ် ၉၊ အကွက်နံပါတ် ၇၀၊ အကွရာနံပါတ် ၈၆၊ ဦးပိုင်အမှတ် ၆၅၊ ဧရိယာ ၄ ဒသမ ၅၉၁ ဧကရှိ မြေကွက်များကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ရန် သိမ်းယူခဲ့ပြီးနောက် ယခုလက်ရှိတွင် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိတော့သဖြင့် မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များ၏ နစ်နာဆုံးရှုံးမှုများကို ကုစားပေးရန် သို့မဟုတ် အစားထိုး ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မောင်ငံရပ်ကွက် အကွက်နံပါတ် ၇၀၊ ဦးပိုင်အမှတ် ၆၅၊ ဧရိယာ ၄ ဒသမ ၅၉၁ ဧကရှိ မြေနေရာသည် တပ်မတော်ဆက်သွယ်ရေးတပ်မှ နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ လွှဲပြောင်းရယူခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အမှုဆောင်ကော်မတီဆုံးဖြတ်ချက်များဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပေးထားသည့် တင်ဒါရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ပေးခဲ့သော Myanmar White Glod ကုမ္ပဏီလီမိတက်ဖြင့် မြေငှားစာချုပ်ချုပ်ဆိုပြီး ရရှိဝင်ငွေကို နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းခဲ့ပါကြောင်း။

ဌာနမှ တရားဝင်မြေနေရာ လျှောက်ထားချက်အရ ပြည်ထဲရေးဝန်ကြီးဌာန မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမိန့်ကြော်ငြာစာဖြင့် လျော်ကြေးရယူလိုပါက သတ်မှတ်ရက်အတွင်း မတောင်းခံပါက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာခဲ့သော်လည်း မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ လာရောက်တင်ပြသူမရှိသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ကုန်းလမ်းပို့ဆောင်ရေးဌာနအတွက် အသုံးပြုရန် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်၍ မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များအား အစားထိုးဖြေလျှော့ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **"တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ထောင်ခမတ်ကျေးရွာ အုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ စားအုန်းဆီပင်များ စိုက်ပျိုးထားသော မြေနေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ၊ ဘုတ်ပြင်းလေဆိပ်ဆောက်လုပ်ရေး စီမံကိန်းအတွက် သိမ်းဆည်းခံရသော ဥယျာဉ်ခြံမြေများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် လေဆိပ်စီမံကိန်းမှ မသုံးဘဲ ကျန်ရှိနေသော ဥယျာဉ်ခြံမြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ ဘုတ်ပြင်းမြို့နယ်နှင့် ကရသူရိမြို့များတွင် လက်ရှိစိုက်ပျိုးထားရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ဥပဒေနှင့်အညီ လျှောက်ထားရယူ၍ အရင်းအနှီးစိုက်ထုတ် စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း၊ မူလတောင်သူလက်ငုတ်များ ပါဝင်မှုမရှိခြင်းတို့ကြောင့် စိုက်ပျိုးပြီးဧရိယာအပေါ် ပြန်လည်စွန့်လွှတ်ရန် မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဘုတ်ပြင်းမြို့နယ်အတွင်း ကျန်မြေဧရိယာ ၁၆၄၈ ဧကအား ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းရေး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ ဒေသခံတောင်သူများအား ဥပဒေနှင့်အညီ လျှောက်ထားစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘုတ်ပြင်းလေဆိပ်အတွက် သိမ်းဆည်းထားသော မြေဧရိယာတွင်ပါဝင်သည့် မြေပိုင်ရှင်များအတွက် အစားထိုး



မြေကွက်များအား ထိုစဉ်က ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြန်လည်ပေးအပ်ခဲ့သော်လည်း မြေလျော်ကြေး ပေးချေထားခြင်း မရှိပါကြောင်းနှင့် မြေလျော်ကြေးတောင်းခံမှုနှင့်ပတ်သက်၍ အစားထိုးမြေကွက်ရရှိမှုအခြေအနေ၊ သိမ်းဆည်းခဲ့သည့်ဧရိယာ၊ အမှန်တကယ်ပေးလျော်ရမည့်သူ၊ ပေးလျော်သင့်သည့် ပမာဏတို့ကို ဒေသအာဏာပိုင်အဆင့်ဆင့်နှင့် ညှိနှိုင်းစိစစ်သွားမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **"ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ရဲကျွန်း-မြောက်ရွာ ဆိပ်ခံတံတားကို စက်လှေများ ဆိုက်ကပ်နိုင်ရေးအတွက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စက်လှေများ ရာသီမရွေးဆိုက်ကပ်နိုင်ရန် ဒီလှိုင်းကာ ကျောက်နံရံတည်ဆောက်ပေးရန် ခန့်မှန်းကုန်ကျငွေ တွက်ချက်ခဲ့ရာ လိုအပ်သည့် အလျား ပေ ၁၅၀၊ အနံ ၆ ပေရှိ ဒီလှိုင်းကာကျောက်တန်းတစ်ခု တည်ဆောက်ပါက ခန့်မှန်းတန်ဖိုး (၂၁ ဒသမ ၅)သိန်းကုန်ကျမည်ဖြစ်ပါကြောင်း။

မာန်အောင်မြို့နယ် ရဲကျွန်း-မြောက်ရွာ ဆိပ်ခံတံတားတွင် စက်လှေများ ရာသီမရွေးဆိုက်ကပ်နိုင်ရန်အတွက် ဒီလှိုင်းကာကျောက်စီနံရံ တည်ဆောက်ရေးလုပ်ငန်းအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး ဆောင်ရွက်သင့်သည့် အစီအမံများကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံအခြေစိုက် Coffey အဖွဲ့အစည်းမှ Anti-Corruption Consultant ဖြစ်သူ Ms. Elizabeth Hart ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၁၄ ရက် နံနက် ၁၀နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေမူဘောင်များနှင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှုဆိုင်ရာမှုခင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဗြိတိန်နိုင်ငံအခြေစိုက် Coffey အဖွဲ့အစည်းမှဆောင်ရွက်မည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်ခင်ချိုအုန်းနှင့် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဆက်စပ်သည့် တိုင်းရင်းသားရေးရာကဏ္ဍများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းသည် Westminister Foundation For Democracy (WFD) မှ နည်းပညာအကြံပေး Mr.Franklin De Vrieze ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-6) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သက်ဆိုင်ရာကော်မတီများနှင့် သင့်လျော်သည့်အကြောင်းအရာများကိုအခြေခံပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးမည့်ကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များကို WFD ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား အရည်အချင်းမြှင့်တင်ရေးလုပ်ငန်းကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာအထွေထွေကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဆက်စပ်သည့် တိုင်းရင်းသားအခန်းကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မိုင်းယော်ကျေးရွာအနီးတိုက်ပွဲဖြစ်စဉ်တွင် ရွာသားငါးဦးသေဆုံးမှုနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်များအား ပြစ်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာအနီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ဇွန် ၂၅ ရက် ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းနှင့် TNLA အဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိုဖြစ်စဉ်၌ မိုင်းယော်ရွာသား ငါးဦးသေဆုံးမှုနှင့် ပတ်သက်၍ တပ်မတော်က လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်တရားရုံးဖွဲ့စည်း၍ တပ်မတော်မှ အရာရှိ၊ စစ်သည် ခုနစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်တစ်ဦး၊ မိုင်းယော်ရွာသား ၁၈ ဦးတို့၏ ထွက်ဆိုချက်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်တရားရုံး၏စစ်ဆေးတွေ့ရှိချက်အရ အရာရှိ၊ စစ်သည် ခုနစ်ဦးသည် တပ်မတော်အက်ဥပဒေပုဒ်မ(၇၁) **"နယ်ဘက်ပြစ်မှုတစ်ရပ်ဖြစ်သောရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၂)/၃၄"** အား ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ အရာရှိလေးဦးအား **"ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်ရန်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်အား နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရန်"** ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းနှင့် အခြားအဆင့်စစ်သည်သုံးဦးအား **"တပ်သားအဆင့်သို့လျှော့ချ၍ အမြဲတမ်းထုတ်ပစ်ရန်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်အား နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရန်"** ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။
(မြဝတီ)

# မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**



ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chong Qing မြို့တော်အခြေစိုက် Yin Qiao Group မှ ဥက္ကဋ္ဌ Mr. Zhao Yin Chun ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံစဉ် Yin Qiao Group အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် နိုင်ငံတကာအဆင့်မီ စက်ရုံများ တည်ဆောက်မည့်အစီအစဉ်များနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေးအတွက် အကူအညီပေးအပ်မည့် စီမံကိန်းများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဦးသက်လွင် (ခ) ဦးပေါခင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဖားကန့်၌ ရေမဆေးကျောက်ရှာဖွေသူ ၇၀၀ ခန့် ကုမ္ပဏီအတွင်း ဝင်ရောက်ရန် ကြိုးပမ်း

**ဖားကန့် စက်တင်ဘာ ၁၅**

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ ရာဇဌာနီကုမ္ပဏီလုပ်ကွက် (အကျိုးတူ) အတွင်းသို့ စက်တင်ဘာ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်က ရေမဆေးကျောက်ရှာဖွေသူ စုစုပေါင်း ၇၀၀ ခန့်က အင်အားဖြင့်ဝင်ရောက်ရန် ကြိုးပမ်းနေသောကြောင့် တားမြစ်ထိန်းသိမ်းပေးရန် ကုမ္ပဏီက အကူအညီတောင်းခံသဖြင့် လုံခြုံကင်းတာဝန်ထမ်းဆောင်နေသည့် ဒုရဲအုပ်မောင်ကျော် ဦးစီးသောတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းခဲ့သည်။

ထိုသို့ တားမြစ်ထိန်းသိမ်းနေစဉ် ရေမဆေး စုစုပေါင်း ၅၀ ခန့်သည် ကျောက်ခဲများဖြင့် ပစ်ပေါက်အကြမ်းဖက်လာသည့်အတွက် ဒုရဲအုပ်ဦးစီးသောတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ၁၂ ချက် မိုးပေါ်သို့ ပစ်ဖောက်ခြောက်လှန့်လူစုခွဲခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် လူစုကွဲသွားပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက် )

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ကရင်ပြည်နယ်တွင် မိုင်းရှင်းလင်းရေးရှေ့ပြေးစီမံချက် စတင်ဆောင်ရွက်ရန် တပ်မတော်ဘက်က အဆိုပြု

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် စက်တင်ဘာ ၁၅**

မိုင်းရှင်းလင်းရေးရှေ့ပြေးစီမံချက်ဧရိယာ၊ ရှေ့ပြေးလုပ်ဆောင်မည့်နေရာတစ်ခုအဖြစ် ကရင်ပြည်နယ်အားသတ်မှတ်၍ စတင်ဆောင်ရွက်ရန် တပ်မတော်ဘက်က အဆိုပြုခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်က နိုဝင်ဘာလတွင် ကျင်းပမည့် အဌမအကြိမ် JMC-U အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးမည်ဟု အတည်ပြုခဲ့ကြောင်း ယနေ့ ကျင်းပသည့် JMC-U အစည်းအဝေးမှ သိရသည်။

စက်တင်ဘာ ၁၃ရက်ကစတင်၍ သုံးရက်ကြာပြုလုပ်ခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် တတိယနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC ) ရန်ကုန်ရုံးခွဲ၌ ကျင်းပခဲ့သည်။ ယနေ့အစည်းအဝေးတွင် မိုင်းရှင်းလင်းရေး (Demining) ကိစ္စအား ဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

"မိုင်းရှင်းလင်းရေးအတွက်က Pilot ဧရိယာ ရှေ့ပြေးလုပ်ဆောင်မယ့်နေရာတစ်ခု သတ်မှတ်ပြီးမှသာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ပြန်ဆွေးနွေးပါမယ်။ ရှေ့ပြေးလုပ်ဆောင်မယ့် နေရာတစ်ခုသတ်မှတ်ပြီး စတင်ဆောင်ရွက်ဖို့ ကျွန်တော်တို့က အဆိုပြုပါတယ်။ ဒါကို သူတို့က သဘောတူတယ်။ ရှေ့လာမယ့် JMC-U အစည်းအဝေး မှာ ပြန်ပြီးတော့ ဆွေးနွေးဖို့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က အတည်ပြုပါတယ်။ ရှေ့ပြေးလုပ်ဆောင်မယ့်ဧရိယာတစ်ခု သတ်မှတ်အတည်ပြုပြီး ပြီဆိုရင်တော့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေပူးပေါင်းပြီး ရှင်းလင်းသွားမှာ ဖြစ်ပါတယ်" ဟု JMC-U ၏ အတွင်းရေးမှူး(၂)ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

မိုင်းရှင်းလင်းရာတွင် ပြည်ပမှနည်းပညာနှင့် အထောက်အကူယူ၍ မိုင်းရှင်းလင်းရေးလုပ်ဆောင် ရာတွင် တပ်မတော်နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကသာ ပူးပေါင်းပြီး ရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

JMC-U ၏ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက "မိုင်းရှင်းလင်းရေးကိစ္စက နှစ်ဖက်ယုံကြည်မှုမြင့်လာတဲ့အချိန်မှာ လုပ်ရမှာပါ။ မိုင်းရှင်းလင်းရေးကိစ္စကို လူမျိုးစုအဖွဲ့အစည်းတွေမှာလည်း လုပ်ထားတာရှိတယ်။ ကြိုတင်ပြင်ဆင်ထားတာရှိတော့ အစိုးရဘက်ကလည်း အတူတူတွဲပြီး လုပ်မယ်ဆို အခက်အခဲသိပ်မရှိပါဘူး။ အချိန်ကာလက အတိအကျပြောလို့မရဘူး။ ဘယ်နေရာမှာ စလုပ်မယ်၊ ရှင်းလင်းမယ်ဆိုတာကနေ အဆင့်ဆင့်သွားရမှာပါ။ အောက်ခြေမှာ သူ့ပုံစံနဲ့သူရှင်းနေတာရှိတယ်။ အခုလောလောဆယ်တော့ စစ်ဘေးရှောင် (IDPs) တွေ ပြန်ဝင်လာမယ့်နေရာတွေမှာ ပထမဦးစားပေး ရှင်းရမှာပါ။ မိုင်းရှင်းလင်းဖို့ အခက်အခဲတော့မရှိပါဘူး" ဟု ပြောသည်။

JMC-U ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးရလဒ်များအဖြစ် အောက်တိုဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး(တောင်ငူ) ၌ JMC-S ဖွဲ့ရန်၊ နိုဝင်ဘာလအစည်းအဝေးတွင် ဆုံးဖြတ်ချက်များထပ်မံချမှတ်၍ ချင်းပြည်နယ်(ဟားခါး)၌ JMC-S ဖွဲ့ရန်၊ နယ်မြေပိုင်းခြားသတ်မှတ်မှုများနှင့်ပတ်သက်၍ တပ်မတော်ဘက်မှ တပ်မှူးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ တပ်မှူးများ ကော်မတီဖွဲ့၍ ဆွေးနွေးရန်၊ NCA လက်မှတ်ရေးထိုးထားသည့်နေရာများတွင် ချိုးဖောက်မှုများရှိလာပါက စိစစ်အတည်ပြုရေးအဖွဲ့ (Verification Team) က သွားရောက်၍ စစ်ဆေး တာဝန်ယူဆောင်ရွက်ရန်၊ မိုင်းရှင်းလင်းရေးကိစ္စများအတွက် Pilot Project ထားကာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပူးပေါင်းရှင်းလင်းရန်နှင့် ဘတ်ဂျက်ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် JMC-U အလုပ်အမှု ဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး၊ အတွင်းရေးမှူးတို့၏ လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းတာဝန်များအား အတည်ပြုနိုင်ခဲ့သည်။



စောအိုင်းဇက်ဖိုး
JMC-U ဒုတိယဥက္ကဋ္ဌ(၁)



ဗိုလ်မှူးကြီး ဝဏ္ဏအောင်
JMC-U အတွင်းရေးမှူး(၂)

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ အဌမအကြိမ် အစည်းအဝေးကို နိုဝင်ဘာလတတိယပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေသော အကျင့်ပျက်ခြစားမှု

## ■ ယမင်းမြတ်အေး

အကျင့်ပျက်ခြစားမှုများသည် မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအပြောင်းအလဲများ ပြုလုပ်ရာတွင်ပင် အကျပ်အတည်းကိုဖြစ်စေ၏။ အကျင့်ပျက်ခြစားမှုကို မတိုက်ဖျက်နိုင်သမျှ ကောင်းမွန်သောအစိုးရ (Good Governance) ဆိုသည်မှာ အိပ်မက်တစ်ခုသာ ဖြစ်နေဦးမည်။

ထို့အတူ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး (Law Enforcement) မရှိသမျှ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဆိုသည်မှာလည်း နတ်သမီးပုံပြင်တစ်ခုသာ ဖြစ်နေလေဦးမည်။ ထို့ကြောင့် အပြောင်းအလဲအတွက် ဘာလုပ်သင့်သည်၊ ဘယ်လိုလုပ်သင့်သည်ဆိုသည်ကို စဉ်းစားရန် လိုအပ်ပါသည်။

တစ်ဖန် ကောင်းမွန်သောအစိုးရ (Good Governance)သည် ပွင့်လင်းမြင်သာမှု (transparency)ကို တောင်းဆိုနေသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) လည်း မရှိမဖြစ် လိုအပ်သည်။ အဆိုပါအချက်များနှင့် မပြည့်စုံပါက (Good Governance) ကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ အဂတိလိုက်စားမှုကိုလည်း ထိရောက်အောင် တိုက်ထုတ်နိုင်မည်မဟုတ်ပေ။

မြန်မာနိုင်ငံတွင် အကျင့်ပျက်ခြစားမှုများသည် ထိုနယ်ပယ်သုံးခုလုံးတွင် ဖြစ်ပေါ်နေသည့်အတွက် မည်သည့်အလွှာကို စကိုင်မည်ဆိုသည်ကို ဆုံးဖြတ်ချက်ချရန် ခက်နေသည်။ အထက်ကစပြီး ကိုင်တွယ်သင့်သည်(သို့မဟုတ်) အောက်ကစပြီး ကိုင်တွယ်ရမည်ဆိုသည့် ပြဿနာလည်း ရှိနေသေးသည်။ အထက်မှာဖြစ်သလို အောက်မှာလည်းဖြစ် (As Above So Below, As Below So Above) ဟူသော စကားပုံကဲ့သို့ အကျင့်ပျက်ခြစားမှုမှာ နေရာတကာပျံ့နှံ့နေပါသည်။

စာရေးသူအမြင် ပြောရမည်ဆိုလျှင် အထက်ကစ ကိုင်တွယ်ရမည်ဟုသာ မြင်မိပါသည်။ အကြီးစားကျူးလွန်မှုများကို မကိုင်တွယ်နိုင်ဘဲ အောက်ခြေနှင့် အလယ်လွှာကို ဖိအားပေးခြင်းဖြင့် ထိရောက်မည်မဟုတ်ပါ။ တရားမျှတမှုလည်း ရှိမည်မဟုတ်ပါ။

ထို့ကြောင့် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်မည်ဆိုပါက နိုင်ငံ၏ ခေါင်းဆောင်ပိုင်းက ရဲရဲတင်းတင်းတိုက်ဖျက်ရန် လိုအပ်သကဲ့သို့ အစိုးရအနေဖြင့်လည်း လုံလောက်သော သတ္တိနှင့် နိုင်ငံရေးစိတ်ဆန္ဒ (Political will) ပြင်းပြရန် လိုပါသည်။

### ခေါင်းဆောင်များ၏ အခန်းကဏ္ဍ

လူ့အဖွဲ့အစည်းကို ထိန်းကျောင်းနေသော ပုဂ္ဂိုလ်များ (Community Leaders)တွင် ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။ အကျင့်ပျက်ခြစားမှုပြဿနာနှင့်ပတ်သက်လျှင် ခေတ်အဆက်ဆက် ထိုခေါင်းဆောင်များကိုယ်တိုင်က လေးလေးနက်နက် မရှိခဲ့ခြင်းကြောင့် ယင်းပြဿနာသည် ယနေ့ကာလတွင် ဖြေရှင်းရခက်ခဲသည့်အဆင့်သို့ ရောက်နေရခြင်းဖြစ်သည်။

ဥပမာ ဘာသာရေးခေါင်းဆောင်များသည် လူ့အဖွဲ့အစည်းအတွင်း အကျင့်ပျက်ခြစားမှုကင်းစေမည့် ကိုယ်ကျင့်တရား သီလ သမာဓိတရားကိုသာ ဦးစားပေး၍ ဟောမည်ဆိုလျှင် အတိုင်းအတာတစ်ခုအထိ ကောင်းကျိုးရနိုင်ပါသည်။ အကျင့်သီလနှင့် လူ့အဖွဲ့အစည်း ကောင်းကျိုးကိုဆက်စပ်ပြီး ဟောကြားရေးသည် ဒီမိုကရေစီခေတ်အတွက် ဘာသာရေးခေါင်းဆောင်များ အထူးဝါယမစိုက်ရမည့် အလုပ်ဖြစ်ပေမည်။

ထိုကဲ့သို့ ဟောကြားမှုများသည် ဘာသာရေးစာအုပ်စာပေတွင် အများအပြားရှိနေသည်။ အကျင့်ပျက်ခြစားမှုကို ဗုဒ္ဓမြတ်စွာကိုယ်တိုင် လုံးဝတားမြစ်ခဲ့ပြီး အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်နိုင်မည့် အကျင့်သီလတရားများကို စနစ်တကျ ဟောကြားခဲ့ပါသည်။ ပိဋကတ်စာအုပ်စာပေများ၏ စာမျက်နှာမှန်သမျှတွင် အကျင့်သီလ ဦးစားပေးသော တရားဓမ္မများ ပါရှိနေပြီးဖြစ်ပါသည်။

ဥပမာ အင်္ဂလန်နိုင်ငံကထုတ်သည့် (Rolls- Royce Car) ကားကို ပိုက်ဆံရှိတိုင်း ဝယ်ယူ၍မရ။ ဝင်ငွေရလမ်း ဖော်ပြနိုင်မှသာ ကုမ္ပဏီက ရောင်းပါသည်။ ယင်းမှာ တစ်နည်းတစ်ဖုံ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ခြင်းပင်ဖြစ်သောကြောင့် နမူနာယူသင့်ပါသည်။

### ပညာရေးကဏ္ဍ

လက်ရှိအနေအထားကို လေ့လာကြည့်ပါက လူငယ်အများစုသည်လည်း အကျင့်ပျက်နေသော လူကြီးများ၏နောက်ကို ထက်ကြပ်မကွာ လိုက်နေကြသည်ကို အထင်းသား တွေ့ရပေလိမ့်မည်။ စာမေးပွဲအောင်ရန် လာဘ်ပေးခြင်း၊ အလုပ်ရရန် လာဘ်ပေးခြင်း၊ လုပ်ကိုင်ခွင့်ရရန် လာဘ်ပေးခြင်း၊ အနည်းဆုံးအားဖြင့် ဆရာသမား၏ မျက်နှာသာပေးမှုကို ရယူလိုသည့်အတွက် လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ခြင်းများမှာ ဓလေ့ထုံးတမ်းတစ်ခုကဲ့သို့ ဖြစ်နေသည်။

သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းက ဆရာကန်တော့ခြင်းသည် လာဘ်ပေးလာဘ်ယူပုံစံတစ်ခုဖြစ်ကြောင်း အတိအလင်းသတိပေးခဲ့ဖူးသည်။ ဓလေ့ထုံးတမ်းအဆင့်သို့ ရောက်ရှိလာခဲ့ခြင်းမှာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရန်အတွက် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်နေသည်။

ယခုကဲ့သို့ စနစ်ပြောင်းလဲချိန်တွင် ကျောင်းဆရာများက အကျင့်ပျက်ခြစားမှုကို ဦးဆောင်ပယ်ဖျက်ပေးရန် လိုအပ်သည်။ ဆရာများ၏ စားဝတ်နေရေးအတွက်ကို တတ်နိုင်သလောက် ပံ့ပိုးပေးရမည့်အပိုင်းမှာ နိုင်ငံတော်အပိုင်းဖြစ်ပါသည်။

ဘုန်းတော်ကြီးများက အကျင့်ပျက်မှုတိုက်ဖျက်ရေးကို ဟောပြောနေသည့် တစ်ချိန်တည်းတွင် ကျောင်းဆရာ ဆရာမများက အကျင့်ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ရှောင်ရှားသင့်ကြောင်း၊ စာမေးပွဲအောင်ချင်သည့်အတွက် ဆရာကို လက်ဆောင်ခြင်းတောင်းနှင့်လာကန်တော့ခြင်း မလုပ်သင့်ကြောင်း ပြောဆိုဆုံးမသင့်ပါသည်။ သို့မှသာ ပညာရေးနှင့်အတူ အကျင့်သီလပိုင်းပါ သင်ယူတတ်မြောက်လာမည်ဖြစ်သည်။ လူငယ်များကို အကျင့်သီလရှိအောင် ကူညီသင်ပြပေးခြင်းသည် အနာဂတ်ခေါင်းဆောင်များကို အကျင့်ပျက်ခြစားမှုကင်းအောင် လုပ်ပေးနေခြင်းပင် ဖြစ်သည်။

အလားတူပညာရေးစနစ်ကို ပြုပြင်လိုက်ခြင်းဖြင့် စာသင်ခန်းတို့က နောက်မျိုးဆက်တို့၏ ကိုယ်ကျင့်တရားကို မြှင့်တင်ပေးနိုင်သည့်နေရာတစ်ခု ဖြစ်လာပေမည်။ အကျင့်ပျက် ခြစားမှုကင်းစင်ရေးကို စာသင်ခန်းက အစပြုနိုင်မှ နိုင်ငံတော်အဆင့်အထိ သွားနိုင်မည်။

### နိုင်ငံရေးကဏ္ဍ

ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ကောင်းမွန်သော အစိုးရတစ်ရပ်ရှိရန် လိုအပ်သည့်အတွက် အစိုးရတွင် ပါဝင်သည့်သူများကိုယ်တိုင် အကျင့်ပျက်ခြစားမှုကင်းရန် လိုအပ်သည်မှာ အထူးပြောရန် မလိုအပ်ပါ။ အကျင့်ပျက်ခြစားမှုကို ရဲရဲတင်းတင်း ကိုင်တွယ်ပြမည်ဆိုပါက ဦးစွာ ဥပဒေကိုရေးဆွဲနေသော လွှတ်တော်အမတ်များကိုယ်တိုင် အကျင့်ပျက်ခြစားမှုမရှိကြောင်း ထင်သာမြင်သာ ပြသနိုင်ရပါမည်။ အလားတူ သမ္မတက ရွေးချယ်သဖြင့် အစိုးရအဖွဲ့အတွင်းသို့ ဝင်ရောက်လာသော ဝန်ကြီးများကိုယ်တိုင် ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ပြောနိုင်ဖို့ လိုပါသည်။ ယင်းကိစ္စမျိုးတွင် အဖော်ညှိနေရန်မလိုသကဲ့သို့ သိက္ခာမရှိသူများ၏ ငြိုငြင်မှုကို စိုးရွံ့နေရန်လည်း မလိုအပ်ပါ။

**လူ့အဖွဲ့အစည်းကို ထိန်းကျောင်းနေသော ပုဂ္ဂိုလ်များ (Community Leaders) တွင် ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။ အကျင့်ပျက်ခြစားမှုပြဿနာနှင့်ပတ်သက်လျှင် ခေတ်အဆက်ဆက် ထိုခေါင်းဆောင်များကိုယ်တိုင်က လေးလေးနက်နက် မရှိခဲ့ခြင်းကြောင့် ယင်းပြဿနာသည် ယနေ့ကာလတွင် ဖြေရှင်းရခက်ခဲသည့်အဆင့်သို့ ရောက်နေ**

ယခင်အစိုးရလက်ထက်တွင် ကောင်းမွန်သောအစိုးရကို ဖော်ဆောင်မည် ကြွေးကြော်ခဲ့သော်လည်း ပိုင်ဆိုင်မှုကြေညာသည့်အဆင့်တွင်ပင် သဘောတူညီမှု မရခဲ့ပါ။ ထို့ကြောင့် ကောင်းမွန်သောအစိုးရတစ်ရပ် ဖော်ဆောင်ရေးမှာ ပုံပြင်တစ်ပုဒ်သာ ဖြစ်ခဲ့သည်။ ထို့ကြောင့် လက်ရှိအစိုးရအနေဖြင့် ဦးဆောင်ပြီး အစပြု လုပ်ဆောင်သင့်ပါသည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌများက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ပြမည်ဆိုလျှင် အောက်ခြေပြည်သူလူထုအတွက် အထူးပညာပေးနေရန် လိုအပ်မည်မဟုတ်တော့ပါ။

အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်လျှင် Transparency International က သုံးမျိုးခွဲပြထားသည်။ ပထမသည် ထိပ်တန်းအရာရှိများ ကျူးလွန်သည့်အကျင့်ပျက်ခြစားမှု(Grand Corruption)ဖြစ်ပြီး ဒုတိယမှာ အလယ်လွှာနှင့် အောက်ခြေတွင်ဖြစ်လေ့ရှိသော (Petty Corruption)ဖြစ်သည်။ နောက်ဆုံး အမျိုးအစားမှာ Political Corruption တို့ဖြစ်ပြီး အထူးသဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် ဆရာမွေး၊ တပည့်မွေး လုပ်ဆောင်မှု(Clientalism) လည်း Political Corruption တွင် အကျုံးဝင်နေသည်ကို တွေ့ရသည်။ ခေါင်းဆောင်ပိုင်းကသာ အကျင့်ပျက်ခြစားမှုကို အင်တိုက်အားတိုက် ဆန့်ကျင်ပြမည်ဆိုလျှင် ယင်းကဲ့သို့ ဆရာမွေး၊ တပည့်မွေးပြီး ဂိုဏ်းဖွဲ့ကျူးလွန်သည့် အကျင့်ပျက်မှုများ ပျောက်ကွယ်သွားပါလိမ့်မည်။

### တပ်မတော်

အကျင့်ပျက်ခြစားမှုသည် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းတွင် ဓလေ့ထုံးတမ်းကဲ့သို့ ဖြစ်လာသည့်အတွက် ခေါင်းဆောင်ပိုင်းကစတင်ပြီး ပြတ်ပြတ်သားသားဆန့်ကျင်ရန် မဖြစ်မနေလိုအပ်နေသည်ဖြစ်ရာ မြန်မာ့နိုင်ငံရေးတွင် ခေါင်းဆောင်သည့်အခန်းကဏ္ဍက နှစ်ပေါင်းများစွာနေရာယူခဲ့သည့် မြန်မာ့တပ်မတော်အနေဖြင့် အထူးတာဝန်ရှိသည်ဟု ဆိုချင်သည်။ စည်းကမ်းအစ စာသင်ခန်းနှင့် တပ်မတော်ကဟူသော ကြွေးကြော်သံမှာ ယနေ့အချိန်တွင် လေးနက်စွာ လက်တွေ့ဖော်ဆောင်ရမည့်အရာဖြစ်သည်။ တပ်မတော်ကိုယ်တိုင် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်နေကြောင်း လူတိုင်းသိအောင် လုပ်ဖို့လိုသည်။

လတ်တလောတွင် တပ်မတော်၏ နယ်မြေအတွင်းသို့ ဝင်ရောက်ပါက လက်ဆောင်ပစ္စည်းမယူရဆိုသည့် အသံကိုကြားနေရသည်။ စစ်ဆေးရေးဂိတ်များတွင် လက်ဆောင်ခြင်းများတွေ့လျှင် အတွင်းသို့ သယ်ယူခွင့်မပြုဘဲ တားမြစ် ပိတ်ပင်သည့် သတင်းများကြားနေရသည်။ ယင်းမှာ ကောင်းမွန်သည့် ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် လေးလေးနက်နက်လုပ်လာကြမည်ဆိုလျှင် အကျင့်ပျက်ခြစားမှု ပပျောက်ရေးအတွက် လှုပ်ရှားမှုတစ်ခုဖြစ်လာနိုင်သည်။

ယင်းသို့ ဘာသာရေးခေါင်းဆောင်များ၊ စာသင်ကျောင်းများ၊ လက်ရှိအစိုးရအဖွဲ့နှင့် တပ်မတော်ပါ ပါဝင်လာမည်ဆိုလျှင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးသည် အမျိုးသားလှုပ်ရှားမှုကြီးတစ်ခု ဖြစ်လာပေလိမ့်မည်။ ပြည်သူလူထုကလည်း တစ်ခဲနက် ပူးပေါင်းပါဝင်ပေလိမ့်မည်။ ခေါင်းဆောင်များနှင့် ဦးဆောင်အဖွဲ့အစည်းများက စတင်လုပ်ဆောင်မှုမရှိလျှင် ပြည်သူလူထုက ပါဝင်မည်မဟုတ်။ ပြည်သူလူထုမပါဝင်သမျှ အကျင့်ပျက်ခြစားမှုသည် ပပျောက်ရန်မဆိုထားနှင့် လျော့ပါးရန်ပင် မဖြစ်နိုင်ပါ။

### စီးပွားရေးကဏ္ဍ

Transparency International က ထုတ်ပြန်ထားသည့် Corruption Perceptions Index 2015 တွင် နိုင်ငံပေါင်း ၁၆၈ နိုင်ငံ၏ နိုင်ငံအလိုက်ရရှိသော အဆင့်များကို ဖော်ပြထားသည်။ ထိုအထဲတွင် ၂၀၁၅ ခုနှစ်၏ အကျင့်ပျက်ခြစားမှု အနည်းဆုံးနိုင်ငံသည် ဒိန်းမတ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံက အဆင့် ၁၄၇ တွင် ရှိနေသည်။ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်ပါက မြန်မာ့လူ့အဖွဲ့အစည်းသည် များစွာရှုန်းကန်ရပါဦးမည်။ အကျင့်ပျက်ခြစားမှုကင်းစင်လာမှသာ နိုင်ငံတကာ ညွှန်းကိန်း(International Index)တွင် မျက်နှာပန်းလှလာမည်။ သို့မှသာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများမှာလည်း ရဲရဲတင်းတင်းဝင်လာပါမည်။ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရှားပါးမှုများကိုပါ ဖြေရှင်းပြီးသားဖြစ်သွားမည်။

NLD အစိုးရက ပြီးခဲ့သည့် ဇူလိုင်လက ချမှတ်ထားသည့် စီးပွားရေးမူဝါဒတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး (National Recouncilation)ဆိုသည့် အချက် ပါနေသည်။ ယင်းအချက်သည် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို ဟန့်တားနေသော ကြီးမားသည့် အတားအဆီးတစ်ခုဖြစ်နေသည်ကို သတိပြုရန် လိုအပ်သည်။ လေ့လာသုံးသပ်သူများကမူ အမျိုးသားပြန်လည်သင့်မြတ်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းဖော်ဆောင်ရေးတို့အတွက်သာဖြစ်သင့်ပြီး ခြစားမှုတိုက်ဖျက်ရေးမှာ ကောင်းမွန်သော အစိုးရတစ်ရပ် ဖော်ဆောင်ရေးအတွက်ဖြစ်သဖြင့် ပေါ်လစီနှစ်ခု မရောထွေးသင့်ကြောင်း သုံးသပ်ကြသည်။

### ဥပဒေပြင်ဆင်ရေး

NLD အစိုးရလက်ထက်တွင် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်မည်ဆိုပါက ပြီးခဲ့သည့်အစိုးရလက်ထက်တွင် အတည်ပြုခဲ့သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဥပဒေ (Anti -corruption Law) ကို ပြင်ဆင်သင့်ကြောင်း (သို့) အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း သုံးသပ်သည့်အမြင်များရှိသည်။ အချို့က ယင်းဥပဒေနှင့်အတူ ဆက်စပ်ဥပဒေများကိုပါ ပြင်သင့်သည်ဟုပင် မြင်သည်။

ဥပမာအားဖြင့် ဗျူရိုကရေစီယန္တရားထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ခြစားမှုကို ဖော်ထုတ်ဖို့ရန်ဆိုပါက (Access to Information Law) ကို ပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် သတင်းအချက်အလက်သိရှိပိုင်ခွင့် (Access to Information) သည် သာမန်ပြည်သူများအတွက် မဆိုထားနှင့် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုကြားတွင်ပင် ဝေဝါးနေဆဲဖြစ်သည်။

ထို့အတူ ခြစားမှုတိုက်ဖျက်ရေးဥပဒေသည် ခရိုနီများနှင့်တစ်ချိန်က အာဏာရှိသူများအကျိုးစီးပွားကို ကာကွယ်ထားကြောင်းနှင့် ပြီးခဲ့သည့်အစိုးရလက်ထက်တွင် ယင်းကဲ့သို့ အကျိုးစီးပွားကာကွယ်သည့် ဥပဒေပေါင်း ၂၃၂ ခုကို အသစ်ပြန်လည်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းထားခဲ့ကြောင်းလည်း သိရသည်။ ယင်းမှာ အစိုးရသစ်အတွက် ခေါင်းခဲရသည့် ပြဿနာဖြစ်နေသည်။

ခြုံငုံဆက်စပ်ကြည့်ပါက အကျင့်ပျက်ခြစားမှုသည် မြန်မာ့နယ်ပယ်အသီးသီးကို ကူးစက်ပျံ့နှံ့နေသည့်အချက်ကို လက်ခံရန်လိုသည်။ မြန်မာ့ယဉ်ကျေးမှုဟူသော မျက်နှာဖုံးကိုစွပ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို ချည့်နဲ့ပျက်စီးအောင်လုပ်သည်ကို မြင်ရန်လိုသည်။ စာသင်ခန်း၊ ဓမ္မာရုံမှစ၍ ရုံးခန်းများ၊ တရားရုံးများအထိ လွှမ်းမိုးနေသည်ကို သိရန်လိုသည်။ ယင်းကဲ့သို့ ကူးစက်ရောဂါသဖွယ် ဒုက္ခပေးနေသည်ကို မြင်ပြီး အားလုံးတာဝန်ရှိသည်ဟု ခံယူရန်လိုသည်။ နိုင်ငံရေး၊ စစ်ရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်အသီးသီးရှိ ခေါင်းဆောင်များက အစပြုရမည်ဆိုသည်ကိုတော့ နောက်ဆုံးအကြိမ် ထပ်မံပြောလိုပါသည်။ အပေါ်မှာ ဖြစ်သည့်အတိုင်း အောက်မှာဖြစ်နေရသည့် နိယာမ (As Above So Below) ကို မမေ့ဖို့ ဖြစ်ပါသည်။ ။


**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၁) အနိုင်အရှုံး ၁၄/၁၅ - ၉ - ၂၀၁၆**

| | | | | |
|---|---|---|---|---|
| အုပ်စု(က) | ပီအက်စ်ဂျီ | ၁ - ၁ | အာဆင်နယ် | |
| | ဘေဆယ်လ် | ၁ - ၁ | လူဒိုဂိုရက်စ် | |
| အုပ်စု (ခ) | ဒိုင်နမိုကိဗ် | ၁ - ၂ | နာပိုလီ | |
| | ဘင်ဖီကာ | ၁ - ၁ | ဘက်ဆစ်တပ်စ် | |
| အုပ်စု(ဂ) | ဘာစီလိုနာ | ၇ - ၀ | ဆဲလ်တစ် | |
| | မန်စီးတီး | ၄ - ၀ | ဂလာဘတ် | |
| အုပ်စု (ဃ) | ဘိုင်ယန်မြူးနစ် | ၅ - ၀ | ရော့စ်တော့ဗ် | |
| | ပီအက်စ်ဗွီ | ၀ - ၁ | အက်သလက်တီကို | |
| အုပ်စု (င) | လေဗာကူဆင် | ၂ - ၂ | CSKA မော်စကို | |
| | စပါး | ၁ - ၂ | မိုနာကို | |
| အုပ်စု (စ) | ရီးရဲလ် | ၂ - ၁ | စပို့တင်းစီပီ | |
| | လီဂီယာဝါဆော | ၀ - ၆ | ဒေါ့မွန် | |
| အုပ်စု(ဆ) | ကလပ်ဘရူ | ၀ - ၃ | လက်စတာ | |
| | ပေါ်တို | ၁ - ၁ | ကိုပင်ဟေဂင် | |
| အုပ်စု(ဇ) | လိုင်ယွန် | ၃ - ၀ | ဒိုင်နမိုဇာဂရက် | |
| | ဂျူဗင်တပ်စ် | ၀ - ၀ | ဆီဗီလာ | |

# ဘရာဇီးသမ္မတဟောင်းနှင့်ဇနီးကို လာဘ်စားမှုဖြင့်အရေးယူမည်

**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁၅**

ဘရာဇီးသမ္မတဟောင်း လုဇ်အင်နာစီရို လူလာဒါစီလ်ဗာကို အကျင့်ပျက်ခြစားမှုဖြင့် အရေးယူဆောင်ရွက်ရန် ဖက်ဒရယ်ရှေ့နေများက တောင်းဆိုထားကြောင်း သိရသည်။ လူလာနှင့်၎င်း၏ဇနီးတို့သည် ဂွာရူဂျာ ပင်လယ်အပန်းဖြေစခန်းအတွင်းရှိ ဇိမ်ခံအိမ်ကို ပိုင်ဆိုင်မှုအဖြစ် ကြေညာရန် အထောက်အထားပြသနိုင်ခဲ့ခြင်း ရှိ မရှိကို ရှေ့နေများက စုံစမ်းလျက်ရှိကြောင်း သိရသည်။



လူလာကမူ နေအိမ်တိုက်ခန်းအား မပိုင်ဆိုင်ကြောင်း ငြင်းဆန်လျက်ရှိပြီး အဆိုပါကိစ္စရပ်သည် နိုင်ငံရေးအရ ပြုမူဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါ တိုက်ခန်းကို လာဘ်စားခဲ့သော နိုင်ငံပိုင် Petrobras ရေနံကုမ္ပဏီနှင့် ဆက်နွှယ်လျက်ရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တည်ဆောက်ခဲ့သည်။

လူလာသည် Petrobras ရေနံကုမ္ပဏီ၏ လုပ်ငန်းရှင်သူဌေးကြီးတစ်ဦးဖြစ်ပြီး လုပ်ပိုင်ခွင့် အာဏာအပြည့်အဝရှိသူဖြစ်ကြောင်း ရှေ့နေဒယ်လ်တန် ဒါလက်ဂနိုက ဗုဒ္ဓဟူးနေ့တွင် ကျူရီတီဗာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **(ဘီဘီစီ)**

# ဂျပန်နိုင်ငံ၏အဓိကပြိုင်ဘက်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်သစ်အဖြစ် ခေတ္တဥက္ကဋ္ဌ ရန်ဟိုကို ရွေးချယ်



**တိုကျို စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံ၏အကြီးဆုံး အတိုက်အခံပါတီအဖွဲ့များနှင့် ထောက်ခံသူများသည် ၎င်းတို့၏ခေါင်းဆောင်သစ်ကို တင်မြှောက်ရွေးချယ်ရန် စက်တင်ဘာ ၁၅ ရက်က တွေ့ဆုံစုဝေးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒီမိုကရက်တစ် ပါတီခေါင်းဆောင်ဟောင်းက ၎င်းသည် ဇူလိုင်လတွင် နောက်ထပ် သက်တမ်းတစ်ခုအတွက် တာဝန်မထမ်းဆောင်နိုင်တော့ကြောင်း၊ ထို့ကြောင့်ဒီမိုကရက်တစ်ပါတီအနေဖြင့် လာမည့်ရွေးကောက်ပွဲများအနိုင်ရရေးအတွက် ခေါင်းဆောင်သစ်ကို ရွေးချယ်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် ခေါင်းဆောင်သစ်နေရာရရှိရန် ဒီမိုကရက်တစ်ပါတီတွင်းလူသုံးဦးမှာ ပါတီခေတ္တဥက္ကဋ္ဌ ရန်ဟို၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆယ်ဂျိမေ့ဟာရာနှင့် ဒုတိယလွှတ်တော်ရေးရာအကြီးအကဲ ယူချီရိုတာမာကီတို့ဖြစ်ကြသည်။ လူပ်ရှားမှု ရက်သတ္တပတ်နှစ်ပတ်အတွင်း ပါတီအတွက် ပြည်သူလူထု ထောက်ခံမှုရရှိရန်မည်သို့ လုပ်ဆောင်မည်ကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် ၎င်းတို့သည် ၂၀၁၈ ခုနှစ်နောက်ဆုံးထားယှဉ်ပြိုင်မည့် အောက်လွှတ်တော်နေရာများအတွက် မည်သို့ယှဉ်ပြိုင်မည်ကိုလည်း အခြားအတိုက် အခံပါတီများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်းပါတီအဖွဲ့ဝင်များက ခေါင်းဆောင်သစ်ရွေးချယ်ရေးအတွက် ၎င်းတို့၏မဲများကို မေးလ်များမှတစ်ဆင့်ပေးပို့ခဲ့ကြသည်။ ၎င်းတို့၏မဲများက အဖြူအမည်းခွဲခြားပေးမည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးသတင်းများအရ ဒီမိုကရက်တစ်ပါတီ၏ခေါင်းဆောင်သစ်ကို ရွေးချယ်နိုင်ခဲ့ကြောင်းသိရပြီး ရွေးချယ်ထားသောခေါင်းဆောင်သစ်မှာ ယင်းပါတီခေတ္တဥက္ကဋ္ဌ ရန်ဟိုဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုဖြစ်ပွား၊ သုံးဦးသေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုမှုဖြစ်ပွားပြီး လူသုံးဦးသေဆုံးကာ လေးဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည့် သတင်းတစ်ရပ်ကို ဆင်ဟွာသတင်းအေဂျင်စီတွင် စက်တင်ဘာ ၁၅ ရက်က ဖော်ပြခဲ့သည်။

အသက်ရှင်လွတ်မြောက်သူများ၏ပြောပြချက်များအရ တန်ဟွာနှင့် ငီအမ်းပြည်နယ် အလယ်ပိုင်းနှင့်ကပ်လျက်ရှိသော တောအုပ်ထဲသို့ မှိုစ်ချိုးရန် ၎င်းတို့အပါအဝင် လူ ၁၀ ဦးသွားခဲ့ကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် ၎င်းတို့သည် တဲတစ်ခုတွင် စခန်းချ အိပ်စက်နေစဉ် ရုတ်တရက်မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။

၎င်းတို့ထဲမှ သုံးဦးမှာ မြေပြိုမှုမှ လွတ်မြောက်ခဲ့ပြီး ကျန် ခုနစ်ဦးမှာ ပိတ်မိနေကြောင်း သိရသည်။ မြို့တော် ဟန္နိုင်းတောင်ဘက် ၁၄၀ ကီလိုမီတာအကွာရှိ တန်ဟွာပြည်နယ် နှုတ်မ်ပြည်သူ့ကော်မတီ၏ စက်တင်ဘာ ၁၄ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၃၀ ပြောပြချက်အရ သေဆုံးသူသုံးဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အခြားလေးဦးမှာ ဆက်လက်ပျောက်ဆုံးလျက်ရှိကြောင်း ပြည်တွင်းသတင်းစာ တီအန်ဖုန် (စွန့်စားသူ) သတင်းစာတွင် စက်တင်ဘာ ၁၅ ရက်က ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

## ဘာသာရေးအဆောက်အအုံအား မီးရှို့ခဲ့သည့် ဖလော်ရီဒါမှ အမျိုးသားတစ်ဦးကိုဖမ်းဆီး

**ဖလော်ရီဒါ စက်တင်ဘာ ၁၅**

လူမှုကွန်ရက်စာမျက်နှာပေါ်၌ စုံစမ်းစစ်ဆေးရေးအဖွဲ့က အိုင်အက်စ်အဖွဲ့၏ လက်ပါးစေဟု လှုံ့ဆော်တင်ထားခဲ့သည့် ဖလော်ရီဒါမှ အမျိုးသားတစ်ဦးအား ဘာသာရေးအဆောက်အအုံကို မီးရှို့ရန် ကြိုးစားခဲ့မှုဖြင့် ဗုဒ္ဓဟူးနေ့က ဖမ်းဆီးခဲ့သည်။

ဖလော်ရီဒါပြည်နယ်၏ ဥပဒေအရ အဆိုပါကိစ္စရပ်ကို ရန်ငြိုးဖွဲ့ရာဇဝတ်မှုကျူးလွန်မှုဖြင့် တရားစွဲထားပြီး သံသယရှိသူ ဆခရီဘာ(၃၂ နှစ်)သည် တနင်္လာနေ့က ဘာသာရေးအဆောက်အအုံအား တမင်မီးရှို့ခဲ့သည်မှန်လျှင် ၎င်းအနေဖြင့် အကျဉ်းထောင်ထဲတွင် အနှစ် ၃၀ ထက်မနည်းနေထိုင်ရလိမ့်မည်ဖြစ်ကြောင်း စိန့်လူစီခရိုင်တရားရုံးမှ သိရသည်။

ဇွန်လအတွင်းက ဖလော်ရီဒါနိုက်ကလပ်၌ သေနတ်သမားအိုမာမိတ်တင်က လူ ၄၉ ဦးကို သေနတ်ဖြင့် မပစ်သတ်မီ ဆုတောင်းဝတ်ပြုခဲ့သည့် ဖော့တ်ပီးယားစ် ဘာသာရေး အဆောက်အအုံကို အကြီးအကျယ်မီးလောင်ပျက်စီးစေခဲ့မှုဖြင့် ဆခရီဘာအား တရားစွဲဆိုထားသည်။

အတ္တလန္တိတ်ကမ်းခြေမြို့တော် ဖော့တ်ပီးယားစ်၏အနောက်မြောက်ဘက်မိုင် ၁၀၀(၁၆၀ ကီလိုမီတာ)အကွာရှိ အော်လန်ဒို၌ သေနတ်ပစ်ခတ်မှုအပြီးတွင် သေနတ်သမားမိတ်တင်သည်လည်း ဥပဒေအရာရှိများ၏ သေနတ်ပစ်ခတ်မှုဖြင့် သေဆုံးသွားခဲ့သည်။

မီးစွဲလောင်စဉ် ဘာသာရေးအဆောက်အအုံအတွင်း၌ လူတစ်ဦးမျှ ရှိမနေခဲ့ကြောင်း သိရသည်။
**(ရိုက်တာ)**

# ပန်ဂျပ်ပြည်နယ်၌ အမြန်ရထားနှင့် ကုန်ရထား တိုက်မိ၍ ခြောက်ဦးသေ၊ ၁၅၀ ကျော် ဒဏ်ရာရ

**ကရာချိ စက်တင်ဘာ ၁၅**

ကရာချိသို့ ဦးတည်ခုတ်မောင်းလာသော အမြန်ရထားတစ်စင်းသည် ကုန်ရထားတစ်စင်းနှင့် ပါကစ္စတန်အလယ်ပိုင်း ပန်ဂျပ်ပြည်နယ်၌ စက်တင်ဘာ ၁၅ရက် နံနက်အစောပိုင်းတွင် တိုက်မိရာ အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ပြီး လူ ၁၅၀ ထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း ဂျီဟိုရုပ်သံက ပြောကြားခဲ့သည်။

မူတန်မြို့မှ ၂၅ကီလိုမီတာ (၁၅ မိုင်)အကွာခန့်တွင် အာဝမ်အမြန်ရထားနှင့် ကုန်ရထားတို့ တိုက်မိခဲ့သဖြင့် ရထားတွဲလေးတွဲလုံးမှာ လုံးဝတိမ်းမှောက်သွားကြောင်း အဆိုပါ ရုပ်သံလိုင်းက ဆက်လက်ပြောကြားခဲ့သည်။

ရထားတိုက်မိမှုဖြစ်ပွားချိန် ပါကစ္စတန်တွင် အစ်ဒ်နေ့ဖြစ်သောကြောင့် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်များ နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပြီး ဒဏ်ရာရရှိသူများအနက် ၁၀ ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ရထားလမ်းများမှာ ကိုလိုနီခေတ်ကတည်းကဖြစ်ပြီး ဆယ်စုနှစ်အတော်ကြာကြာ ပြန်လည်ပြုပြင်မှုများမလုပ်ခဲ့ကြောင်း သိရသည်။

၂၀၀၅ ခုနှစ်ကလည်း ဆင်းဒ်ပြည်နယ်ရှိ ဘူတာတစ်ခုတွင် ရပ်ထားသောရထားတစ်စင်းအား အခြား ရထားတစ်စင်းက အနောက်မှဝင်တိုက်ရာ လူပေါင်း ၁၃၀ခန့်သေဆုံးခဲ့ကြောင်း သိရသည်။
**(ရိုက်တာ)**



**အ**မေရိကန်သမိုင်းတွင် သေဆုံးမှုအများဆုံးဖြစ်ခဲ့သော ၂၀၀၁ ခုနှစ် စက်တင်ဘာ (၉/၁၁) အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်မှာ ယခုအခါ(၁၅)နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသို့ အကြမ်းဖက်သမားများက ဝမ်းနည်းပူဆွေးမှုများနှင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို သယ်ဆောင်လာသည့် ထိုနေ့ကို ကမ္ဘာတစ်ဝန်းလုံးသာမက အထူးသဖြင့် အမေရိကန်နိုင်ငံအနေဖြင့် လုံးဝမေ့ပျောက်နိုင်မည်မဟုတ်ပေ။

# (၉/၁၁) အကြမ်းဖက်တိုက်ခိုက်မှု (၁၅) နှစ်ပြည့်နှစ်ပတ်လည်နှင့် အမေရိကန်၏အကြမ်းဖက်တိုက်ဖျက်ရေးမူဝါဒ

ဂျာမနီမှ ပြင်သစ် ယင်းမှတစ်ဖန် ဘယ်လ်ဂျီယံမှ ဗြိတိန်တို့တွင် အကြမ်းဖက်တိုက်ခိုက်မည့်အိပ်မက်ဆိုးကြီးကို ခံစားနေရသည်။ ပြင်သစ်တွင်လည်း မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရရုံသာမက ယခုအခါတွင် ယင်းအကြမ်းဖက်မှုသည် အရှေ့တောင် အာရှသို့ပင် ကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။

**တင်လင်းအောင်**



၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု (၁၅) နှစ်ပြည့် အထိမ်းအမှတ်ကျင်းပနေစဉ်

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ပြန်ပေးဆွဲခံရသော ခရီးသည်တင်လေယာဉ်လေးစင်းသည် ကုန်သွယ်ရေးအဆောက်အအုံ၏ မျှော်စင်ညီနောင်၊ ဝါရှင်တန်ဒီစီအနီးရှိ ပင်တဂွန်စစ်ဌာနချုပ်နှင့် ပင်ဆယ်ဗေးနီးယားသို့ ဦးတည်ပျံသန်းကာ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ယင်းတိုက်ခိုက်မှု သုံးခုတွင် လူပေါင်း ၃၀၀၀နီးပါး သေဆုံးခဲ့သည်။

ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ထိုနေ့က အသက်သွေးချွေးပေးဆပ်ခဲ့ရသူများအတွက် အောက်မေ့ဖွယ် အခမ်းအနားကို မင်ဟက်တန်ရှိ Ground Zero ဟုခေါ်သော တိုက်ခိုက်ခံရသောနေရာတွင် စက်တင်ဘာ ၁၁ရက် တနင်္ဂနွေနေ့က ကျင်းပခဲ့ရာ ကျန်ရစ်သူမိသားစုများနှင့် အစိုးရအရာရှိများ တက်ရောက်ခဲ့ကြသည်။ ထို့အပြင်ယင်း အောက်မေ့ဖွယ် အခမ်းအနားသို့ ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်နှင့် ၄င်း၏ပြိုင်ဘက် ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်တို့လည်း တက်ရောက်ခဲ့ကြသည်။ ကျန်ရစ်သူမိသားစုဝင်များက သေဆုံးသူများ၏အမည်စာရင်းကို ရွတ်ဆို၍ ပထမလေယာဉ်ကုန်သွယ်ရေးအဆောက်အအုံကို တိုက်ခိုက်ခဲ့သည့် နံနက် ၈ နာရီ ၄၆ မိနစ်တွင် ခဏကြာငြိမ်သက်တိတ်ဆိတ်ပြီး ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

ထို့အပြင် နောက်ထပ်နေရာများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် နာရီအတိုင်း ကျန်ရစ်သူ မိသားစုဝင်များက သေဆုံးသူများ၏အမည်စာရင်းကို ရွတ်ဆို၍ငြိမ်သက်တိတ်ဆိတ်ပြီး ဆုမွန်ကောင်းတောင်းပေးခြင်းများ ထပ်မံပြုလုပ်ခဲ့ကြသည်။

တိုက်ခိုက်ခံရခြင်း (၁၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို အမေရိကန်ပြည်ထောင်စုအတွင်းသာမက အပြင်ဘက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်ကောင်းနေဆဲအချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။



ကုန်သွယ်ရေးအဆောက်အအုံ၏ မျှော်စင်ညီနောင်ကို အကြမ်းဖက်သမားများ လေယာဉ်ဖြင့် တိုက်ခိုက်နေစဉ်

(၉/၁၁) တိုက်ခိုက်ခံရခြင်းမှ အစပြုသည့် အမေရိကန် စစ်ဘက်ဆိုင်ရာ တန်ပြန်ထိုးစစ်ဆင်လှုပ်ရှားဆောင်ရွက်မှုများသည် ဘယ်တော့မှ အဆုံးသတ်တော့မည်မဟုတ်ပေ။ အမေရိကန်တပ်ဖွဲ့များသည် အီရတ်နှင့် ဆီးရီးယားတို့တွင် အသစ်အသစ်သော အိုင်အက်စ်ဆန့်ကျင်စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်သည်။

လူသားမျိုးနွယ်များ၏ ဘုံရန်သူဖြစ်သော အကြမ်းဖက်သူများကို တန်ပြန်ထိုးစစ်ဆင်မှုများ ဆင်နွှဲနေသော်လည်း ၄င်းတို့မှာ ယုတ်လျော့သွားခြင်းမရှိဘဲ အကြမ်းဖက်မှုများကို ပို၍လုပ်ဆောင်ခြင်းမှာ အမေရိကန်ပြည်ထောင်စု၏ အကြမ်းဖက်တန်ပြန်ချေမှုန်းရေး မူဝါဒ သို့မဟုတ် သံတမန်နည်းလမ်းများကို ပြန်လည်ပြုပြင်ရန်လိုအပ်ပေသလောဆိုသည့် အတွေးကို လူတွေ၏စိတ်ထဲတွင် စတင်စဉ်းစားလာကြပြီဖြစ်သည်။ ပထမဆုံးအနေဖြင့် ပြောရမည်ဆိုလျှင် စစ်ပွဲများသည် အကြမ်းဖက်ဝါဒကို အမြစ်ပြတ်ချေမှုန်းနိုင်သည့် နည်းလမ်းများ မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေဖြင့် ပြောရမည်ဆိုလျှင် အကြမ်းဖက်လုပ်ရပ်များဖြစ်ပေါ်ရန် သွေးမြေကျမှုများ ဖန်တီးပေးသလိုဖြစ်နေသည်။

(၉/၁၁) အကြမ်းဖက်တိုက်ခိုက်ရေးဖြစ်ပေါ်ပြီးနောက် အမေရိကန်အစိုးရသည် အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး ကြွေးကြော်သံကို ကိုင်ဆွဲလျက် ၂၀၀၃ တွင် အီရတ်ကို ကျူးကျော်ပြီး ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချခဲ့သည်။ ယင်းဖြုတ်ချမှုကြောင့် အကြမ်းဖက်မှုများ၊ ဆူပူမငြိမ်သက်မှုများနှင့် ဂိုဏ်းဂဏကွဲမှုများ ဖြစ်ပေါ်ခဲ့ကာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကဲ့သို့သော အစွန်းရောက်အဖွဲ့များပေါ်ပေါက်ရန် ဖန်တီးပေးသလိုဖြစ်ခဲ့သည်။ အလားတူဖြစ်ရပ်မျိုး လစ်ဗျား၊ ဆီးရီးယားနှင့် အခြားဒေသများတွင် ပေါ်ပေါက်ခဲ့သည်။ ယင်းဒေသများတွင် အမေရိကန်ဦးဆောင်သည့် စစ်ရေးလှုပ်ရှားမှုများသည် ဒီမိုကရေစီကို အကာအကွယ်ပြုလျက် ပြည်တွင်းရေးအထိ ပါဝင်ခဲ့သည်။


ဒုတိယအနေဖြင့် ပြောရမည်ဆိုလျှင် အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲများသည် အကြမ်းဖက်မှုများကို ပိုမိုဖြစ်ပေါ်စေရုံသာမက မဟာမိတ် ဥရောပတစ်ခွင်ယင်းပြဿနာ၏ အမွေဆိုးကို ခါးစည်းခံခဲ့ရသည်။ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတစ်ခွင်တစ်ပြင်တွင် စစ်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးကြရသော ဒုက္ခသည်အရေအတွက်မှာလည်း ဒုတိယကမ္ဘာစစ်ထက် ပိုဆိုးလို့နေသည်။

တတိယအနေဖြင့် ပြောရမည်ဆိုလျှင် ယင်းဖြစ်ပေါ်နေသော ပြဿနာများကို ပြေလည်စေရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများလိုအပ်နေပြီး အကြမ်းဖက်မှုဖြစ်ပွားရသည့် ရင်းမြစ်ကို ရှာဖွေဖို့လိုအပ်လာပြီဖြစ်သည်။

ယခုအခါတွင် အကြမ်းဖက်ဝါဒနှိမ်နင်းရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေရန်မှာ အမေရိကန်အရေးသာမက ကမ္ဘာ့နိုင်ငံအားလုံး၏ အရေးပါဖြစ်နေပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် အကြမ်းဖက်ဝါဒ ဆန့်ကျင်နှိမ်နင်းရေးကို ယခင်နည်းဟောင်းကြီးအတိုင်း မဟုတ်ဘဲ တစ်မျိုးတစ်ဖုံနည်းသစ်ထွင်ကာ ချဉ်းကပ်သင့်နေပြီဖြစ်သည်။ အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရေး ထိရောက်သော နည်းလမ်းများကို ချမှတ်ခြင်းသည် ကျွဲကူးရေပါဆိုသလို ဒုက္ခသည် ပဋိပက္ခများ၊ ဆင်းရဲမွဲတေမှုများ၊ လူမှုရေး တန်းတူရည်တူရှိမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ......။ ။

**အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရေး ထိရောက်သော နည်းလမ်းများကို ချမှတ်ခြင်းသည် ကျွဲကူးရေပါဆိုသလို ဒုက္ခသည် ပဋိပက္ခများ၊ ဆင်းရဲမွဲတေမှုများ၊ လူမှုရေး တန်းတူရည်တူရှိမှုများကို ဖြေရှင်းနိုင်မည် ဖြစ်ကြောင်း ......။ ။**

## တရုတ်နိုင်ငံအလယ်ပိုင်းတွင် အင်အားပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်



**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံတောင်ပိုင်းတွင် အင်အားပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နေသည့်အတွက် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်း တရုတ်အစိုးရက သတိပေးထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

မိုးလေဝသဆိုင်ရာ အရာရှိများက တိုင်ဖွန်း မီရန်သီသည် ဖူကျန်ပြည်နယ်ဇီမင်းကို ဒေသစံတော်ချိန် နံနက် ၃ နာရီတွင် ဝင်ရောက်တိုက်ခတ်သွားပြီးနောက် နံနက် ၁၀ နာရီတွင် မြောက်ဘက်သို့ တစ်နာရီလျှင် လေတိုက်နှုန်း ၂၀ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း ပြောကြားခဲ့သည်။

ယခုအခါ အဆိုပါမုန်တိုင်းမှာ အင်အားပြင်းထန်သော အပူပိုင်းမုန်တိုင်းအဖြစ်ရောက်ရှိလာပြီး မုန်တိုင်းအလယ်ဗဟိုချက်မတွင် လေထုဖိအား ၉၉၀ ဟက်တိုပါစကယ်ရှိပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း သိရသည်။

အချို့ဒေသများတွင် စက်တင်ဘာ ၁၅ရက်မှစတင်ကာ စက်တင်ဘာ ၁၆ရက် ညနေအထိ မိုးရေချိန်လက်မ ၂၅၀ မှ ၃၀၀ မီလီမီတာ (မမ)အထိရှိလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ မုန်တိုင်းကြောင့် ဖူကျန်ပြန်နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရေပြတ်တောက်မှုများ အများအပြားဖြစ်ပေါ်နေကြောင်း သိရသည်။ အမြန်ရထားများနှင့် လေယာဉ်ခရီးစဉ်များကိုလည်း ဖျက်သိမ်းထားကြောင်း သိရသည်။ ထိုင်ဝမ်တွင် ယင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ၃၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဟန္နိုင်းမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် Mr. Vladimir A. Goshin အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Vladimir A. Goshin ကို ၁၉၆၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကာဇက်စတန်နိုင်ငံ အက်တိုဘီပြည်နယ် ဒယ်ဇူရမ်ကျေးရွာ၌မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၈၄ ခုနှစ်တွင် မင့်စ်နိုင်ငံခြားဘာသာတက္ကသိုလ်မှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ရုရှားအကောက်ခွန်တက္ကသိုလ်မှ အကောက်ခွန်ဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့် လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဘယ်လာရုစ်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတက္ကသိုလ်မှ လည်းကောင်း ဘွဲ့များရရှိခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့အကောက်ခွန်ဌာနတွင် ရာထူးအသီးသီးဖြင့် လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘယ်လာရုစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဥရောပ-အာရှ စီးပွားရေးကော်မရှင်၏ အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် (ဝန်ကြီး) အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှစတင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးတစ်ဦးရှိသည်။

**(သတင်းစဉ်)**

# ဖင်လန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် Ms.Satu Suikkari-Kleven အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Ms.Satu Suikkari-Kleven ကို ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၉၃ ခုနှစ်တွင် ဟယ်လ်ဆင်ကီး တက္ကသိုလ်မှ မဟာဥပဒေဘွဲ့ကို ရရှိခဲ့ပါသည်။ Ms.Satu Suikkari-Kleven သည် ၁၉၉၈ ခုနှစ်တွင် သံတမန်တစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဖင်လန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ပြင်သစ်နိုင်ငံ Strasbourg မြို့ရှိ ဥရောပကောင်စီ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ဖင်လန်နိုင်ငံသံရုံးတို့တွင် ရာထူးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပြည်သူ့ဥပဒေဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေးတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## အလိမ္မာ စာမှာရှိ

# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာဒေသခံအချို့က တိုက်နယ်ဆေးရုံနှင့် မီးသတ်စခန်းမြေနေရာများ ပြန်လည်ရရှိရေးနှင့် ရေကော်မတီ စာရင်းရှင်းတမ်းထုတ်ပြန်ရေးတို့အတွက် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စု ပုပ္ပားရွာတွင် ဒေသခံအချို့က ပုပ္ပားတိုက်နယ် ဆေးရုံမြေနေရာ၊ မီးသတ်စခန်းမြေနေရာပြန်လည်ရရှိရေးနှင့် ပုပ္ပားရေကော်မတီမှ စာရင်းရှင်းတမ်းထုတ်ပြန်ပေးရေးတို့အတွက် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ ၈ နာရီခွဲအထိ ပုပ္ပားကျေးရွာဆုတောင်းပြည့်စေတီမှ စတင်ထွက်ခွာပြီး မြင်းခြံအထွက်မောင်းတုံးတွင် ရပ်နားခဲ့ကြောင်း သိရသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိခဲ့ကြပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကုန်းတော်ကြီးမင်္ဂလာစေတီမှစတင်ထွက်ခွာ၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ကြကာ မကွေး-မိတ္ထီလာလမ်း ဘူတာလမ်းဆုံ ယင်းမှ ရန်ကုန်-ပြည်-မန္တလေးလမ်း အတိုင်း မြောက်ဘက်သို့ ချီတက်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရပ်နားခဲ့ကြကြောင်း သိရသည်။



အဆိုပါအဖွဲ့ကို ပုပ္ပားကျေးရွာ ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်ဟိန်းကဦးဆောင်ခြင်းဖြစ်ပြီး သံဃာခုနစ်ပါး၊ အမျိုးသား ၃၀၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၃၉ ဦးတို့က ပုပ္ပားတိုက်နယ်ဆေးရုံ မြေနေရာ ၃ ဒသမ ၂၄၃ ဧကပြန်လည်ရရှိရေး၊ ပုပ္ပားမီးသတ်စခန်းမြေနေရာပြန်လည်ရရှိရေး၊ ပုပ္ပားရေကော်မတီမှ စာရင်းရှင်းတမ်း ထုတ်ပြန်ရေးအစရှိသည့် ဆိုင်းဘုတ်များ၊ ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်ခဲ့ကြကြောင်း၊ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများထံမှ ခွင့်ပြုချက်တောင်းခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ငါးပူတင်းငါးစားမိ၍ မိသားစုဝင်နှစ်ဦးသေဆုံး စားသုံးမိသူများ ဆေးကုသမှုခံယူ

**ထားဝယ် စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြင်ကြီးကျေးရွာ၌ ငါးပူတင်းငါးချက်ပြုတ်စားသောက်ရာမှ မိသားစုဝင်နှစ်ဦးသေဆုံးပြီး ကျန်မိသားစုဝင်လေးဦးနှင့် အိမ်နီးချင်းတစ်ဦးမှာ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြကြောင်း သိရသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြင်ကြီးကျေးရွာနေ သေဆုံးသူ ဦးဖုန်းနိုင်ဦး (ခ) ဦးသန်းနိုင်၏ သားဖြစ်သူ မောင်ပြည့်ဖြိုးအောင်သည် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပင်လယ်ကမ်းခြေ၌ ငါးမျှားခဲ့ရာ ငါးပူတင်း ငါးတစ်ကောင်ရရှိသဖြင့် သေဆုံးသူ၏ သားသမီးများဖြစ်ကြသော မသက်သက်ထွေး(၁၄ နှစ်)၊ မောင်ပြည့်ဖြိုးအောင် (၁၂ နှစ်)၊ မအေးအေးအောင်(၁၀နှစ်)၊ မလှဲ့လှဲ့ဝင်း (၇ နှစ်)၊ မစိုးနန္ဒာ(၅ နှစ်)နှင့် အိမ်နီးချင်း မောင်သိန်းကိုထိုက်(၁၂ နှစ်)တို့က ချက်ပြုတ်စားသောက်ခဲ့ကြသည်။

ယင်းသို့ချက်ပြုတ်စားသောက်ပြီး မွန်းတည့် ၁၂ နာရီတွင် ဦးဖုန်းနိုင်ဦး(ခ) ဦးသန်းနိုင်အပါအဝင် စားသုံးသူအားလုံး မူးဝေပြီး ထားဝယ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသခဲ့ကြသည်။ ဆေးကုသမှုခံယူနေစဉ် ဦးဖုန်းနိုင်ဦး (ခ) ဦးသန်းနိုင်(၄၈နှစ်)သည် ညနေ ၅ နာရီ မိနစ် ၂၀ က လည်းကောင်း၊ မအေးအေးအောင်(၁၀နှစ်)သည် ည ၇ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သေဆုံးသွားသဖြင့် မောင်းမကန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သက်ဦးက အမှုဖွင့်အရေးယူစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ “မဟာဂီတ”

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ပန်းမှုန်ကြွယ် | (ယိုးဒယား) |
| (ခ) | ရွှေပန်းပန်အစချီလေးတွေ သံကတ်နှင့်မြင်းခင်း | |
| (ဂ) | မင်းခမ်းတော်စုံ | (သီချင်းခံ) |
| (ဃ) | လွမ်းဝေလေ့ | (ပတ်ပျိုး) |
| (င) | ဘုန်းများများမင်း | (ပတ်ပျိုး) |
| (စ) | ခွာပြာသင်း | (ပတ်ပျိုး) |
| (ဆ) | ဟောဝန်စုံမြိုင် | (ပတ်ပျိုး) |
| (ဇ) | သီတင်းကျွတ်လဘွဲ့ပဒေသာများ | (ပတ်ပျိုး) |
| (ဈ) | နေနတ်ကယ်မှ ရာဇာလေ | (တန်ခူးလဘွဲ့ အဲချင်း) (အစွမ်းပြသီဆိုရန်) |

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ဒီပါမြေ | (ပတ်ပျိုး) |
| (ခ) | ရွှေဖီဇင်ဂေါ် | (ပတ်ပျိုး) |
| (ဂ) | ဇမ္ဗူကျွန်းလုံး | (သီချင်းခံ) |
| (ဃ) | စိန်ကြယ်ညီးလင်း | (မွန်) |
| (င) | ပန်းမြိုင်လယ် | (ယိုးဒယား) |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | သောင်းလုံးမြေချာ | (မွန်) |
| (ခ) | ခါနွေဆန်း | (ယိုးဒယား) |
| (ဂ) | ထွန်းလင်းလျှံလက် | (ပတ်ပျိုး) |
| (ဃ) | မန်းတောင်လက်ယာ | (ယိုးဒယား) |

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | အောင်မြေမြမန်း | (ပတ်ပျိုး) |
| (ခ) | ဆယ်ဆယ်ရောင် | (ဒိန်းသံ) |
| (ဂ) | ပြည်ပြည်မင်းပေါင်း | (သီချင်းခံ) |
| (ဃ) | ပန်းဟောဝန် | (ယိုးဒယား) |

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | သည်ဆောင်းဟေမာန် | (ဘွဲ့) |
| (ခ) | ရွှန်းရွှန်းမြ | (သီချင်းခံ) |
| (ဂ) | မှော်ရုံဟောဝန် | (ယိုးဒယား) |
| (ဃ) | မြိုင်တန်းမှော်ဝေ | (ကရင်သြ) |

**ဖခင်အမည်မှန်**
ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်းကျေးရွာနေ မောင်ဦးအောင်သန်း တက္ကသိုလ်ဝင်တန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဖြူလှ ၁၁/ပဏတ(နိုင်)၀၄၀၃၄၀ ဖြစ်ပါကြောင်း။
**ဦးမောင်ဖြူလှ**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်နေ မသဇင်ဦး၊ အထက(ခွဲ)မင်းတန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်မွန်မျိုးအောင်နှင့် သတ္တမတန်းမှ မောင်သိန်းမျိုးထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းငွေ ၁၀/ပမန(နိုင်)၁၇၃၃၇၅ ဖြစ်ပါကြောင်း။
**ဦးဝင်းငွေ**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထက (G-11)မှ ကျောင်းဝင်အမှတ်(၉၆၃၂) မနွေးနွေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၅/ခဥတ(နိုင်)၀၇၁၈၂၀ ဖြစ်ပါကြောင်း။
**ဦးမင်းအောင်**

**အမည်မှန်**
ဒီးမော့ဆိုမြို့နယ်၊ ပူဖားကျေးရွာနေ ဦးမောင်ငေး၏သား မောင်အေးမီးလို၏ အမည်မှန်မှာ မောင်မားရီယို ဖြစ်ပါကြောင်း။
**မောင်မားရီယို**

**မိခင်အမည်မှန်**
မိုးကောင်းမြို့နယ်၊ပင်းဘော အထက တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းပွင့်ဝေ ၁/မကတ(နိုင်)၁၄၄၁၇၅၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းစိန် ၁/မကတ(နိုင်)၀၆၃၅၈၂ ဖြစ်ပါကြောင်း။
**ဒေါ်ဝင်းစိန်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ တက္ကသိုလ်ဝင်တန်း (C)မှ မခိုင်သင်းကြည်၏ ဖခင်အမည်မှန်မှာ ဦးဖိုးစို ၈/စလန(နိုင်)၁၄၂၄၂၄ ဖြစ်ပါသည်။
**ဦးဖိုးစို**

**မိဘအမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(ခွဲ)၊သရက်ချဉ်တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးထက်ကို၊မြောင်းခွလ(ခွဲ) အဋ္ဌမတန်းမှ မအေးသဉ္ဇာမိုး၏ မိဘအမည်မှန်မှာ ဦးမြတ်သူ ၈/စလန(နိုင်)၁၀၇၆၅၆၊ ဒေါ်အေးမြသီတာ၈/စလန(နိုင်)၁၀၃၆၄၂ ဖြစ်ပါသည်။**ဦးမြတ်သူ- ဒေါ်အေးမြသီတာ**

**ဖခင်အမည်မှန်**
ထီးချိုင့်မြို့နယ်၊ ကမ်းနီ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်း ၅/ကလတ(နိုင်)၀၁၄၉၀၃ဖြစ်ပါသည်။ **ဦးမောင်သန်း**

**အမည်ပြောင်း**
မြင်းခြံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(H)မှ လွေးအေစံအား ပုံစံ(၆၆)နှင့်အညီ လွေးအေကန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**လွေးအေကန့်**

**အမည်ပြောင်း**
မြင်းခြံမြို့၊ အထက(၄)သတ္တမတန်းမှ လွေးအီစောကန့်အား ပုံစံ(၆၆)နှင့်အညီ လွေးအီကျောဟု ပြောင်းလဲခေါ်ဆိုပါရန်။
**လွေးအီကျော**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ကျောဇီကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်သန့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးလှိုင် ၉/တသန(နိုင်)၁၀၅၇၀၅ ဖြစ်ပါကြောင်း။ **ဦးကျော်မိုးလှိုင်**

**ဖခင်အမည်မှန်**
မိုးကောင်းမြို့နယ်၊ ပင်းဘော အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇေရာထွန်း ၁/မကတ(နိုင်)၁၃၆၃၉၁ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွေး ၁/မကတ(နိုင်)၀၃၇၂၈၄ ဖြစ်ပါကြောင်း။
**ဦးဝင်းထွေး**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(E)မှ မကျော့အိဖြူ၏ ဖခင်အမည်မှန်မှာ ဦးမင်းသန့် ၈/စလန(နိုင်)၁၅၈၂၅၀ ဖြစ်ပါသည်။ **ဦးမင်းသန့်**

**ပြင်ဆင်ဖတ်ရှုပါရန်**
၇-၉-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးကျော် ဦး ၁၄/မအပ(နိုင်)၀၃၃၂၆၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**
ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁) အထက တက္ကသိုလ်ဝင်တန်း(G)မှ မအင်ကြင်းဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်မင်းထွန်း ၉/ကပတ(နိုင်)၁၂၈၇၉၀ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွန်း**

**မိခင်အမည်မှန်**
သထုံမြို့နယ်၊ အမက(လွန်)ငါးကြီးအင်း သတ္တမတန်းမှ မဖြူစင်အေး၏ မိခင်အမည်မှန်မှာ ဒေါ်နော်စပါယ်အေး ၃/လဘန(နိုင်)၀၉၁၈၀၅ ဖြစ်ပါသည်။ **ဒေါ်နော်စပါယ်အေး**

**မိခင်အမည်မှန်**
မိုးကောင်းမြို့နယ်၊ပင်းဘော၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်နိုင်းနိုင်း ၁/မကတ(နိုင်) ၁၃၃၆၇၀ နှင့် ဆဋ္ဌမတန်း(B)မှ မနှင်းထက်ထက်တို့၏ မိခင်အမည်မှန်မှာဒေါ်ခင်မာကြူ၁/ဝမန(နိုင်)၀၄၃၁၆၃ဖြစ်ပါကြောင်း။**ဒေါ်ခင်မာကြူ**

**မိခင်အမည်မှန်**
မြင်းခြံမြို့နယ်၊ ကျီးပင်ကန် ဆိတ်ကုန်း အထက(ခွဲ)ရွာသစ် နဝမတန်းမှ မအေးသန္တာအောင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသင်း ၉/မခန(နိုင်)၂၄၀၈၈၅ ဖြစ်ပါကြောင်း။
**ဒေါ်အေးအေးသင်း**

**အမည်မှန်**
ဦးမောင်ထွန်းအေး၏သား မြေပုံမြို့နယ်၊ ရှောက်ခြံကျေးရွာအုပ်စု၊ ကြာအင်း တောင်ကျေးရွာနေ မောင်ဝေထွန်းလင်း ၁၁/မပတ(နိုင်)၀၇၇၅၄၃ ၏ အမည်မှန်မှာ မောင်အောင်ထွန်းလင်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ သရက်ချဉ် အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသီသီစန်း၊ မြောင်းခွ လ(ခွဲ) အဋ္ဌမတန်းမှ မောင်မြင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးပိန် ၈/စလန(နိုင်)၁၁၈၆၈၀ ဖြစ်ပါသည်။ **ဦးဖိုးပိန်**

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အလက (နောက်ကုလားရွာကြီး) ဆဋ္ဌမတန်းမှ မရွှေမှုံဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၀/သထန (နိုင်) ၁၄၄၂၆၉ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတိုက်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ ရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၅/၇) နှင့် (၁၆/၀) ကြားတွင် ယနေ့ နံနက် ၄ နာရီခွဲက နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ကျော်ကျော်ဦး မောင်းနှင်လာသော မင်းရာဇာ ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ် ဘာရီယာတုံးကို တိုက်မိပြီး လမ်း၏ ယာဘက်မြေသားလမ်းပေါ်သို့ ရောက်ရှိ ရပ်တန့်သွားသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်မှာ ရှေ့ဘန်ဘာပြုတ်ထွက်၊ ရေတိုင်ကီကွဲ၊ နောက်ဘားတန်း ကျိုးပဲ့၊ ကိုယ်ထည် ယာဘက်နောက်ပိုင်း ကျိုးပဲ့ပျက်စီးသွားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကျော်ကျော်ဦးအား အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထိုကဲ့သို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်း ပပျောက်သွားရန်အတွက် အမြန်လမ်းရဲတပ်ဖွဲ့မှ သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော ယာဉ်များကို မြန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ကိုးစီး ဖမ်းဆီးအရေးယူခဲ့ရာ ခရီးသည်တင်ယာဉ် နှစ်စီးပါရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မြေအောက်ဆက်သွယ်ရေးလိုင်းတူးဖော်စဉ် သံချေးတက်နေသော ဗုံးသီးငါးလုံး တွေ့ရှိ

**မကွေး စက်တင်ဘာ ၁၅**

မကွေးမြို့နယ် သပြေစမ်းကျေးရွာအုပ်စု သပြေစမ်း(တောင်)ရွာအနီး ခြောက်ဖာလုံခန့်အကွာ မကွေး - တောင်တွင်းကားလမ်းဘေး မိုင်တိုင်အမှတ်(၃၂၃/၁) အနီး၌ မြေအောက်ဆက်သွယ်ရေးကေဘယ်ကြိုးများ တပ်ဆင်ရန် အလုပ်သမားများ မြေတူးဖော်စဉ် မြေအောက် အနက် လေးပေခန့်မှ သံချေးတက်နေသော ဗုံးသီးဆန် ငါးလုံး **(ယာပုံ)** ကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြင်းခြံရွာနေ အလုပ်သမား ကိုဇော်ဝင်းမောင် မြေကျင်းတူးဖော်ရာမှ အရှည် ၁၆ လက်မ၊ လုံးပတ် ၁၁ လက်မ၊ နောက်မြီး ဒလက်ခြောက်ခုပါ ဗုံးသီးဆန် ငါးလုံးကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သပြေစမ်းကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် နယ်မြေရဲစခန်းသို့ သတင်းပို့ခဲ့ရာ စခန်းမှူးရဲအုပ်သန်းစိုးနှင့် အဖွဲ့ ရောက်ရှိလာကာ ထိန်းသိမ်းမှုများ၊ လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ခဲ့သည်။



ရဲတပ်ဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ် ဌာနချုပ်သို့ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် နယ်မြေခံတပ်မှ ဗိုလ်မှူး ဖြိုးကျော်သူနှင့်အဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၂၀ တွင် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ဘူးသီးတောင်မြို့နယ်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**ဘူးသီးတောင် စက်တင်ဘာ ၁၅**

ဘူးသီးတောင်မြို့နယ် ခြင်းသမားကျေးရွာအုပ်စု ဖောင်တော်ပြင်ကျေးရွာတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲခန့်က ဦးရော်ရှီး နေအိမ်ရှိ မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကြောင့် ၎င်းအိမ်အနီးရှိ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်သည့် အလျား ပေ ၆၀ ရှိသော အဆောင်သို့ ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူ ရှစ်ဦးကို နီးစပ်ရာဆွေမျိုးများ၏ အိမ်တွင် နေရာချထားပေးခဲ့ပြီး အဆောင်နေ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဘူးသီးတောင်မြို့နယ် တောင်ပူဇာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြတ်ဝေ**

# စာသင်ဆောင်ရှေ့ရပ်ထားသော ဆိုင်ကယ်နှင့်စက်ဘီးများအား ဖျက်ဆီးခဲ့သော လူငယ်ခြောက်ဦးအားတိုင်ကြား

**ပခုက္ကူ စက်တင်ဘာ ၁၅**

ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်ရှိ စာသင်ဆောင်ရှေ့၌ ရပ်ထားသော ဆိုင်ကယ်နှင့်စက်ဘီးများအား စက်တင်ဘာ ၁၃ ရက်က ဓားဖြင့်ခုတ် ဖျက်ဆီးခဲ့သော လူငယ်ခြောက်ဦးအား ကျူရှင်ဆရာက အမှုဖွင့်တိုင်ကြားထားကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကျူရှင်ဆရာ ဦးအောင်စိုးမိုး(၃၆ နှစ်) အမှတ်(၄)ရပ်ကွက်ပခုက္ကူမြို့နေသူသည် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က ယင်းရပ်ကွက်ရှိ ဂုဏ်ထူးဆောင်ကျူရှင်ဝိုင်းတွင် ၁၀ တန်းကျောင်းသား ကျောင်းသူများအား စာသင်နေစဉ် အဆောင်ရှေ့တွင် ရိုက်ချိုး ဖျက်ဆီးနေသည့်အသံများ ကြားရ၍ ကျောင်းသားများနှင့်အတူ ထွက်ကြည့်ရာ ချစ်ဇော်ဘို (၁၅ နှစ်) အမှတ်(၅)ရပ်ကွက်၊ စန်းညွန့်ဝင်း၊ သူရထွန်း၊ ပြည့်စုံနိုင်၊ ဝေယံအောင်နှင့် စိန်စွမ်းကို(စုံစမ်းဆဲ)တို့ ခြောက်ဦးက ညစ်ညမ်းစွာတိုင်းထွာပြီး ဦးအောင်စိုးမိုးပိုင် Dayang 125 ဆိုင်ကယ်နှင့် ကျောင်းသား နှစ်ဦးပိုင် စက်ဘီး နှစ်စီးတို့ကို ဓားဖြင့်ခုတ်ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချစ်ဇော်ဘိုပါ ခြောက်ဦးအား အရေးယူပေးပါရန် ဦးအောင်စိုးမိုးက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မော်တော်ယာဉ် အင်ဂျင်ခန်းအပူလွန်ကဲ မီးလောင်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၅** - တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ်(၁၇၃) ရှေ့တွင် မော်တော်ယာဉ်တစ်စီး စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က အပူလွန်ကဲပြီး အင်ဂျင်ခန်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယာဉ်မောင်း ဦးအောင်ထွန်း (၃၅ နှစ်) မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ မောင်းနှင်လာသော 7B /---- ပါဂျဲရိုးယာဉ် အင်ဂျင်ခန်း အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ်ထွေအုပ်၊ ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်းကို တာမွေမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ် ဒေါ်သာကျေးရွာ၌ မိုးကြိုးစက်ကွင်းမိ၍ ဆိတ်၊ သိုး ၆၃ ကောင် သေဆုံး

ဆိပ်ဖြူ စက်တင်ဘာ ၁၅

**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဒေါ်သာကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ချစ်ချောင်းအနီး စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက သစ်ပင်ကို မိုးကြိုးထိမှန်ခြင်းကြောင့် ဆိတ်၊ သိုး ၆၃ ကောင် မိုးကြိုးစက်ကွင်းမိ၍ သေဆုံးခြင်းဖြစ်ပွားခဲ့ကြောင်း သိရသည်။**



အဆိုပါဖြစ်စဉ်ကြောင့် ဒေါ်သာကျေးရွာမှ ဦးလှမောင်ဌေး ပိုင်ဆိုင်သော ဆိတ် ၅၁ ကောင်နှင့် ဦးသိန်းထွန်း ပိုင်ဆိုင်သည့် သိုး ၁၂ ကောင် လွှတ်ကျောင်းချိန်တွင် မိုးကြိုးထိမှန် သေဆုံးခဲ့ခြင်း ဖြစ်သည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးတို့ ပါဝင်သောအဖွဲ့သည် အဆိုပါ ကျေးရွာသို့ သွားရောက်ခဲ့ပြီး မိုးကြိုးထိမှန် သေဆုံးခဲ့သည့် ဆိတ်နှင့် သိုးများကို မြေမြှုပ်သုတ်သင် ရှင်းလင်းစေရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး **(ယာပုံ)** မိုးကြိုးထိမှန် သေဆုံးခဲ့သည့် ဆိတ်၊ သိုး ၆၃ ကောင်၏ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၂၄ သိန်း ခန့်ရှိကြောင်း သိရပြီး လူထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**


## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

MMR-1110-16

ရက်စွဲ ၁၅-၉-၂၀၁၆

welthungerhilfe အဖွဲ့သည် မြစ်ဝကျွန်းပေါ် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော အစိုးရမဟုတ်သည့် ဂျာမနီ INGO အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျောင်းအဆောက်အအုံနှစ်လုံးဆောက်လုပ်ရန်အတွက် ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ဖိတ်ခေါ်အပ်ပါသည်။

| တည်နေရာ | အရေအတွက် | အဆောက်အအုံအမျိုးအစား |
|---|---|---|
| ဖြူးစခန်းကျေးရွာအုပ်စု မငဲ့ကလေးကျေးရွာ၊ ဘိုကလေးမြို့နယ် | ကျောင်းအဆောက်အအုံ (၁)လုံး | (80'x30'x12')အရွယ် ကျောင်းဆောင်တစ်လုံး၊ (10'x5'x7')အရွယ် နှစ်ခန်းတွဲအိမ်သာတစ်လုံး၊ ဂါလန်သုံးထောင်ဆံ့ မိုးရေလှောင်ကန်တစ်လုံး၊ လက်ဆေးဘေစင်သုံးလုံးနှင့် ရေပိုက်သွယ်တန်းခြင်း၊ |
| ဘုရားသုံးဆူကျေးရွာအုပ်စု မုဆိုးချောင်းကျေးရွာ၊ ဘိုကလေးမြို့နယ် | ကျောင်းအဆောက်အအုံ (၁)လုံး | (80'x30'x12')အရွယ် ကျောင်းဆောင်တစ်လုံး၊ (10'x5'x7')အရွယ် နှစ်ခန်းတွဲအိမ်သာတစ်လုံး၊ ဂါလန်သုံးထောင်ဆံ့ မိုးရေလှောင်ကန်တစ်လုံး၊ လက်ဆေးဘေစင်သုံးလုံးနှင့် ရေပိုက်သွယ်တန်းခြင်း၊ |
| ဘုရားသုံးဆူကျေးရွာအုပ်စု မုဆိုးချောင်းကျေးရွာ ဘိုကလေးမြို့နယ် | ကျောင်းဆောင်ဟောင်း | (60'x30')အရွယ်ကျောင်းဆောင်အမိုးသစ်ပြန်လည်ပြုလုပ်ခြင်းနှင့်အမိုးပြန်လည်ပြုလုပ်ခြင်း မျက်နှာကြက်အသစ်ပြုလုပ်ခြင်းလုပ်ငန်းများ |

တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို ယခုကြော်ငြာသည့်ရက်မှစ၍ ထုတ်ယူနိုင်ပြီး တင်ဒါနှင့်ပတ်သက်သော အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အောက်တွင်ပါရှိသည့် လိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ၂၉-၉-၂၀၁၆ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထားပြီး တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါစာရွက်အား လူကိုယ်တိုင်လာရောက်မထုတ်ယူနိုင်ပါက အောက်တွင်ပါသော အီးမေးလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**Welthungerhilfe Bogale Office**

**hhtet78@gmail.com**

**အမှတ် ၂၀(က)၊ စာတိုက်ဟောင်းလမ်း၊ (၅)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဖုန်း-၀၄၅-၄၅၂၆၆၊ ၀၉-၄၉၃၃၀၉၆၄**



## ကျေးဇူးတင်လွှာ

Trust Oo Enterprise Ltd. မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော **Healthcare FIRST AID KIT** (ကျန်းမာရေးဆေးအိတ်) များကို ရေဘေးသင့်ဒေသများသို့ ဝယ်ယူလှူဒါန်းပေးပါသော




" CB Bank " နှင့်
" Ve Ve အချိုရည် " အား
ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Healthcare.com.mm အဖွဲ့သားများ
Trust Oo Enterprise Ltd.
09 967 855 844



## ဖခင်အမည်မှန်

အောင်လံမြို့၊ ရွှေပန်းတော အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မအိအိချော၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးဝင်းအောင် ဖြစ်ပါသည်။

## မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(က)မှ မချိုသက်လွင် (က၀-၉၈၄၀/၁၆)၏ မိခင်အမည်မှန်မှာ ဒေါ်လှစန်း ၁၃/လရန(နိုင်)၀၁၇၈၆၅ ဖြစ်ပါသည်။

## အမြန်ရောင်းမည်

မြေကွက်လှလှ
ထောင့်ကွက်
ကမ္ဘာအေးဂမုန်းပွင့်နောက်
၉၀×၆၀(ဘိုးဘွား)
ဖုန်း-၀၉-၇၇၃၂၄၇၀၇၁

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၉၂၆၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# နိုင်ငံတကာစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုဒိုင်တစ်ဦး သွားရောက်ကိုင်တွယ်မည်

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ-မိုးမခ**

**ရန်ကုန် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၂၂)ကြိမ်မြောက် Asian Junior & Cadet Table Tennis Championships 2016 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု ဒိုင်အဖြစ် နိုင်ငံတကာအတွေ့အကြုံရှိ နိုင်ငံကိုယ်စားပြုဒိုင်တစ်ဦးကို စေလွှတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ သိရသည်။



World Team Table Tennis Championship 2016 ပြိုင်ပွဲ၌ ဒိုင်အဖြစ်ဆောင်ရွက်ခဲ့သည့် မသူဇာလွင်ကို တွေ့ရစဉ်

ယခုကျင်းပမည့် (၂၂)ကြိမ်မြောက် Asian Junior & Cadet Table Tennis Championships 2016 ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ နိုင်ငံတကာပြိုင်ပွဲများတွင် အတွေ့အကြုံရှိသည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးသင်တန်းတွင် အောင်မြင်ခဲ့သည့် မသူဇာလွင်အား စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ နိုင်ငံတကာပြိုင်ပွဲတွေကို အခုလို သွားရောက်ကိုင်တွယ်ခွင့်ရတာ ဒါနဲ့ဆို သုံးကြိမ်ရှိပါပြီ။ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်အနေနဲ့ကတော့ နိုင်ငံတကာဒိုင်အဖြစ် စေလွှတ်ခြင်းခံခဲ့ရတာ ကျွန်မက ပထမဦးဆုံးပါ။ အခုလို နိုင်ငံကိုယ်စားပြုဒိုင်အဖြစ် ထပ်မံဖိတ်ခေါ်ခြင်းခံရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူသလို နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင်လည်း ပေးထားတဲ့တာဝန်ကို အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု နိုင်ငံကိုယ်စားပြု ဒိုင်အဖြစ် သွားရောက်ကိုင်တွယ်မည့် မသူဇာလွင်က ပြောသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၂၂)ကြိမ်မြောက် Asian Junior & Cadet Table Tennis Championships 2016 ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ဒိုင်အဖြစ် သွားရောက်စေလွှတ်ခြင်းခံရသော မသူဇာလွင်မှာ ယခုလက်ရှိတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ယခုပြိုင်ပွဲအပါအဝင် နိုင်ငံတကာစားပွဲတင် တင်းနစ်ပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုဒိုင်အဖြစ် ဖိတ်ကြားခြင်းခံရသည်မှာ သုံးကြိမ်မြောက်ရှိပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စင်ကာပူ၌ ကျင်းပသည့် 8th Asean Para Games 2015 နှင့် ယခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ၌ကျင်းပသည့် World Team Table Tennis Championship 2016 ပြိုင်ပွဲတွင်လည်း နိုင်ငံကိုယ်စားပြုဒိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

# မြန်မာနှင့် လာအိုအသင်း ယနေ့ ယှဉ်ပြိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ) တတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည်လာအိုအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

မြန်မာအသင်းသည် လာအိုအသင်းနှင့် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အခြားပွဲများအဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် သြစတြေးလျနှင့် အင်ဒိုနီးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားပြီး လာအိုအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရရှိသေးပေ။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး သြစတြေးလျကို သုံးဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ထားသည်။ လာအိုအသင်းကလည်း လက်ရှိချန်ပီယံ ထိုင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို သုံးဂိုးပြတ် ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် သြစတြေးလျကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်သုံးပွဲတွင် အမှားပြုလုပ်၍ မရတော့ပေ။ မြန်မာအသင်းသည် ယနေ့ကစားမည့်လာအိုအသင်းအပါအဝင် ကမ္ဘောဒီးယား၊ ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လာအို၊ ကမ္ဘောဒီးယားတို့နှင့် ပွဲများတွင်ရလဒ်ကောင်းမှသာ ထိုင်းအသင်းနှင့် နောက်ဆုံးပွဲတွင် အရေးပါလာမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့်ကစားပြီးသည့်နှစ်ပွဲတွင် ခံစစ်ပိုင်းအားနည်းချက်များရှိခဲ့ပြီး ပေးထားရသည့်ငါးဂိုးစလုံး ခံစစ်နှင့်ဂိုးသမား အမှားမကင်းပေ။ မြန်မာအသင်းအနေဖြင့် အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ပြီးနိုင်ပွဲရရှိအောင် စွမ်းဆောင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# တာမွေမြို့နယ်၌ အခန်းအတွင်း အဲကွန်းဖွင့်လျက် လူလေးဦး သတိလစ်မေ့မြောရာမှ တစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၁၅**

တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက် ၁၅၇ လမ်းအမှတ်( ၇/၅ လွှာခြေရင်း) အဲကွန်းဖွင့်ထားသောအခန်း၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က လူလေးဦး သတိလစ်မေ့မြောမှု ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်တင်တင်မြင့် (၆၁ နှစ် )၊ ဒေါ်ဖြူဖြူဝင်း (၆၆ နှစ်)၊ ဦးဖြိုးဒေဝါကျော်(၃၁ နှစ်) နှင့် ဦးမြင့်အောင် (၅၉ နှစ်)တို့ လေးဦးသည် အဆိုပါအခန်း၌ အဲကွန်းဖွင့်လျက် သတိလစ်မေ့မြောနေကြောင်း ပတ်ဝန်းကျင်နေအိမ်များမှ သတင်းပေးချက်အရ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးခင်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သျှင်ပါကူဆေးရုံသို့ပို့ဆောင်ကာ အရေးပေါ် အသက်ကယ်ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီး သို့ ဆက်လက်ပို့ဆောင်ခဲ့ရာ မွန်းလွဲ ၁ နာရီတွင် ဦးဖြိုးဒေဝါကျော်မှာ သေဆုံးသွားခဲ့သည်။ အမှုနှင့်ပတ်သက်၍ တာမွေမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လှလှ (ပြန်/ဆက်)**

# မြန်မာ့လက်ရွေးစင်အသင်းဥရောပခရီးစဉ် ပထမဆုံးခြေစမ်းပွဲ၌ သရေကျ

**စက်တင်ဘာ ၁၅**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျာမနီနိုင်ငံ၌ လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပထမဆုံး ခြေစမ်းပွဲအဖြစ် နယ်သာလန်တတိယတန်းကလပ် EVV Echt အသင်းနှင့် စက်တင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၀၀း၃၀ နာရီက နယ်သာလန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ကျော်ဇင်လွင်၊ ဇော်မင်းထွန်း၊ အောင်ဇော်၊ နန္ဒကျော်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ မောင်မောင်လွင်၊ ကျော်ကိုကို၊ ဝင်းနိုင်စိုး၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့ပြီး EVV Echt အသင်းကို ရင်ဆိုင်ခဲ့သည်။ ၂၄ မိနစ်တွင် မြန်မာအသင်းဂိုးစပေးခဲ့ရသော်လည်း ၆၂ မိနစ်တွင် အောင်သူက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက်မှစတင်ကာ ဂျာမနီနိုင်ငံ နစ်ဘတ်မြို့၌ လေ့ကျင့်လျက်ရှိပြီး ဒုတိယခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံ တတိယတန်းကလပ် Berchem အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန်ပိုင်းအထိ ဂျာမနီနိုင်ငံ၌ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံ၌ ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**


## ဝန်ထမ်းအလိုရှိသည်

**စာရေးမ (ငွေကိုင်)** ၂ ဦး

**စာရေးမ (အကင်စာရေး)** ၂ ဦး

ကျွမ်းကျင်သူ(သို့) လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဆက်သွယ်ရန်**

**PARADISE စားသောက်ဆိုင်**

**၆၆ လမ်း၊ ၂၄×၂၅ လမ်းကြား၊ အရှေ့ကျုံးလမ်း၊ မန္တလေးမြို့၊**

**ဖုန်း-၀၉-၄၄၂၀၂၇၉၉၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၃၁၉၄ Nissan Sunny FB 12, S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်လတ် ၁၂/တမန(နိုင်)၀၉၇၁၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြ အထက(ခွဲ)အဌမတန်းမှ မဝင်းရွှေဇင်ထိုက်နှင့် မောင်သီဟစိုးတို့၏ဖခင်အမည်မှန်မှာ ဦးစန်းထွန်းဦး ၉/မခန(နိုင်)၁၆၈၁၅၇ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

မနှင်းရီ ၉/မနတ(နိုင်)၀၂၇၆၆၅ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း-၀၉-၉၆၅၁၀၉၉၀၆**

## မိခင်အမည်မှန်

မြင်းခြံမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း (F)မှ မောင်ဇင်မောင်သက်၏မိခင်အမည်မှန်မှာ ဒေါ်အေးအေးခိုင် ၉/မခန(နိုင်)၁၄၄၇၀၂ ဖြစ်ပါသည်။

## မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B) မှ နန်းထွေးလောဝ်၏ မိဘအမည်မှန်မှာ ဦးစိုင်းလင်းထွန်း ၁/မစန(နိုင်)၀၀၉၃၁၆ - ဒေါ်ခမ်းလို ၁/မမန(နိုင်)၀၄၁၈၉၄ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ဦးသက်ခိုင်ဝင်း ၁၂/တမန(နိုင်)၀၈၁၅၄၉ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း-၀၉-၅၁၀၉၉၀၆**

## အမည်မှန်

မြဝတီမြို့နေ ဦးဇော်ဝဏ္ဏ၏သမီး မသင်းကြည်ပြာဖြိုး၏အမည်မှန်မှာ မသျှင်းကြည်ပြာဖြိုး ဖြစ်ပါကြောင်း။

**မသျှင်းကြည်ပြာဖြိုး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ အထူးအဖွဲ့/ခရိုင်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်များ**

| | | |
|---|---|---|
| ၁။ လမ်းခင်းကျောက်(ရွယ်စုံ) | ၂။ မြစ်သဲ | ၃။ ဘိလပ်မြေ |
| ၄။ သံချောင်း(ရွယ်စုံ) | ၅။ အုတ် | ၆။ တောသစ် |
| ၇။ ငါးထပ်သား | ၈။ ကျောက်စရစ် | ၉။ ချောင်းကျောက် |
| ၁၀။ ထုံး | ၁၁။ ဒီဇယ်ဆီ | ၁၂။ ကတ္တရာ |

**ပစ္စည်းဝယ်ယူမည့်တည်ဆောက်ရေးအထူးအဖွဲ့/ခရိုင်များ**

၁။ လမ်းအထူးအဖွဲ့(၂၂)ရုံး ဖုန်း-၀၉-၆၅၂၀၂၀၆၊ ၀၉-၈၇၃၀၉၂၁၊ ၀၉-၈၅၉၆၀၆၅ (ဘားအံမြို့၊ သံလွင်တံတားအနီး)

၂။ လမ်းဦးစီးဌာန၊ ဘားအံခရိုင်ရုံး ဖုန်း-၀၉-၇၃၇၉၀၅၄၉၊ ၀၅၈-၂၁၀၁၄၅၊ ၀၉-၄၀၁၅၃၀၁၉၁ (ဘားအံမြို့)

၃။ လမ်းဦးစီးဌာန၊ ကော့ကရိတ်ခရိုင်ရုံး ဖုန်း-၀၉-၃၂၉၁၉၈၁၀၊ ၀၉-၇၉၄၈၄၆၄၁၄၊ ၀၅၈-၄၀၀၂၈(ကော့ကရိတ်မြို့)

၄။ လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင်ရုံး ဖုန်း-၀၉-၇၈၉၆၆၇၅၅၄၊ ၀၉-၂၅၆၃၈၁၉၆၃၊ ၀၉-၇၈၅၄၉၈၉၁၉(ဖာပွန်/ဘားအံမြို့)

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ အထက်ဖော်ပြပါရုံးများတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်များကို ၎င်းရုံးများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါတင်သွင်းမည့်ရက်/အချိန်/နေရာ** - ၃၀-၉-၂၀၁၆ရက်(သောကြာနေ့)၊ မွန်းလွဲ ၁၃း၀၀နာရီ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃၀-၉-၂၀၁၆ရက်(သောကြာနေ့)၊ မွန်းလွဲ ၁၃း၀၀နာရီ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

**ကရင်ပြည်နယ်တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၁)၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်မည့် ကလေးမြို့နယ်၊ ဟံသာဝတီ-ကျောက်ဆည်လမ်းပေါ်ရှိ မြစ်သာမြစ်ကူးကြိုးတံတား၊ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဖော်ပြပါကိုရီးယားနိုင်ငံထုတ်ပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ရေတွက်ပုံ |
|---|---|---|
| 1 | Main Cable(32 mmØ) | M/Ton |
| 2 | Hanger Cable(22 mmØ) | M/Ton |
| 3 | Spanning Cable (22 mmØ) | M/Ton |

| Main Cable Detail; | | Main Cable Specification | |
|---|---|---|---|
| Center Span | = 187.64 meter | Dia.of cable | = 32 mm |
| Backstay-1 | = 52.53 meter | No.of cable | = 5*2=10Nos |
| Backstay-2 | = 68.12 meter | Type | = SteelWireRope(IWRC) |
| For end-loop | = 2*3.05 meter | Construction | = 6x37 |
| 1-piece length | = 314.40 meter/pc | App Weight | = 4.0 kg/m |
| 1-piece weight | = 1257.60 kg/pc | Grade | = 180 kg/mm² |
| Total (10-cables) | = 12576.00 kg | Protection | = Hot Dip Galvanised |
| | (12.6 metric-ton) | Breaking Load | = 66.60 Metric-ton |

| Hanger cable specification | | Spanning cable specification | |
|---|---|---|---|
| Dia. of cable | = 22 mm | Dia. of cable | = 22mm |
| Total hanger length | = 928 meter | No. of cable | = 1*2=2 Nos |
| Type | = Steel Wire Rope(IWRC) | Type | = Steel Wire Rope(IWRC) |
| Construction | = 6x37 | Construction | = 6x37 |
| App Weight | = 2.0 kg/m | App Weight | = 2.0 kg/m |
| Grade | = 180 kg/mm² | Grade | = 180 kg/mm² |
| Protection | = Hot Dip Galvanised | Protection | = Hot Dip Galvanised |
| Total Weight | = 1964 kg(2 metric-ton) | | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၉-၂၀၁၆ ရက်

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၂-၁၀-၂၀၁၆ ရက်

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့တို့တွင် ၁၅-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၉-၆၄၇၂၆၅၂၊ ၀၉-၄၃၀၅၆၁၆၅**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

***ယမန်နေ့မှအဆက်***

၇၈။ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဇုန်(၁)အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ဇုန်(၂)အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးမှုရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားဇုန်(၃)အဖြစ်လည်းကောင်း အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်က ယင်းသတ်မှတ်ဇုန်အတွင်း အစိုးရအဖွဲ့က အတည်ပြုထားသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှုများအား အောက်ပါအတိုင်းကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဇုန်(၁)အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိလည်းကောင်း၊ ဇုန်(၂) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ လည်းကောင်း၊ ဇုန်(၃) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၃နှစ်အထိ လည်းကောင်းဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(ခ) အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကော်မရှင်သည် ဇုန်သတ်မှတ်ခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ကာ အခါအားလျော်စွာ လိုအပ်သလိုပြောင်းလဲသတ်မှတ်နိုင်သည်၊

(ဂ) ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဆောင်ရွက်ရန် ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကဏ္ဍများအတွက်သာ ခွင့်ပြုရမည်။

၇၉။ အခန်း(၁၁)ပါ ရင်းနှီးမြှုပ်နှံမှုများ ဆက်ဆံဆောင်ရွက်ခြင်းပြဋ္ဌာန်းချက်တွင် မည်သို့ပင်ဆိုစေကာမူ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့် နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် အထူးနှင့် သာလွန်သောကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်။

၈၀။ ကော်မရှင်သည်ရင်းနှီးမြှုပ်နှံသူက တင်ပြလျှောက်ထားလာလျှင် အောက်ပါအကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို စိစစ်ခွင့်ပြုပေးနိုင်သည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ပို့ကုန်ထုတ်လုပ်ရန်အတွက် တင်သွင်းသော ကုန်ကြမ်းပစ္စည်းများ၊ တစ်ပိုင်းတစ်စထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ပြည်ပမှကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်းထုတ်လုပ်ပြီးသော ပစ္စည်းများတင်သွင်းပြီး ပြည်တွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့ခဲ့လျှင် တင်ပို့သည့် ကုန်ပစ္စည်းပမာဏအတွက် ပြည်ပမှတင်သွင်းခဲ့သော ကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်းထုတ်လုပ်ပြီးသော ပစ္စည်းများအပေါ်တွင်ကောက်ခံခဲ့သော အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပြန်လည်ထုတ်ပေးခွင့်၊

(ဃ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အမှန်တကယ်အသုံးပြုရန် လိုအပ်၍တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊လုပ်ငန်းသုံးပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

၈၁။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် အောက်ပါကင်းလွတ်ခွင့်နှင့်သက်သာခွင့်ကို လိုအပ်သလိုစိစစ်ခွင့်ပြုနိုင်သည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ဖြစ်စေ၊ ၎င်း၏အခြားအမျိုးအစားတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေတစ်နှစ်အတွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် သတ်မှတ်အချိန်ကာလထက် လျော့နည်းသော ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအရ တွက်ချက်ခံစားခွင့်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်၍ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှနုတ်ပယ်ခွင့်။

၈၂။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများပေးဆောင်သည့် ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၈၃။ ပုဒ်မ ၇၈၊ ၈၀ နှင့် ၈၁ တွင် ပြဋ္ဌာန်းထားသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမှအပ အခြားအခွန်ဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ အခွန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ အထက်ဖော်ပြပါကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည်အထူးစီးပွားရေးဇုန်တွင်လုပ်ကိုင်နေသောစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၉)
## အငြင်းပွားမှုဖြေရှင်းခြင်း

၈၅။ ဤဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်များအား တရားဝင်အငြင်းပွားမှုအဆင့်သို့ မရောက်ရှိခင် ဖြေရှင်းနိုင်ရန်၊ အငြင်းပွားမှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့် သက်ဆိုင်သည့်စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နိုင်ရန်အတွက် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းတစ်ရပ်ကို စီမံချမှတ်ရမည်။

၈၆။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအချင်းချင်းအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအငြင်းပွားမှုများကိုတရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားမစွဲဆိုမီ အငြင်းပွားသူများသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန်ထိုက်သင့်သည့် ကြိုးပမ်းမှုများအားလုံးကိုအသုံးပြုရမည်။

၈၇။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်း၍ ပြေလည်မှုမရရှိပါက-

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် စီရင်ပိုင်ခွင့်ရှိသော တရားရုံး သို့မဟုတ် အနုညာတခုံရုံး၌ နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၂၀)
## စီမံခန့်ခွဲရေးပြစ်ဒဏ်

၈၈။ ကော်မရှင်သည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည့် သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ရင်းနှီးမြှုပ်နှံသူအပေါ်တွင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ သို့မဟုတ် တစ်ရပ်ထက်ပိုသောပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) ကော်မရှင်က သတ်မှတ်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(၄) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(၅) နောင်တွင်မည်သည့်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်း စာရင်း၌ ထည့်သွင်းခြင်း။

(ခ) ပုဒ်မ ၈၈ပုဒ်မခွဲ (က) အရစီမံခန့်ခွဲမှုပြစ်ဒဏ် မချမှတ်ခင်ကော်မရှင်က စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်းသည့် ကြိုတင်အကြောင်းကြားစာကို ရင်းနှီးမြှုပ်နှံသူသို့ အကြောင်းကြားရမည်။ ရင်းနှီးမြှုပ်နှံသူသည် ၎င်းအပေါ် ချမှတ်မည့် စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ စာဖြင့်ရေးသားမေးမြန်းဖြေရှင်းနိုင်ခွင့်ရှိရမည်။

(ဂ) ပုဒ်မ၈၈ ပုဒ်မခွဲ(က)အရ စီမံခန့်ခွဲမှု ပြစ်ဒဏ်ချမှတ်ရာတွင် ထိုသို့ချမှတ်ရသည့် အကြောင်းအရင်းကို ယင်းချမှတ်သည့် ဆုံးဖြတ်ချက်နှင့် အတူ ဖော်ပြပေးရမည်။

၈၉။ ကော်မရှင်က ပုဒ်မ ၈၈ အရ ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိသည့် ရင်းနှီးမြှုပ်နှံသူသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၉၀။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်၊ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများစသည်တို့ကို မရိုးမဖြောင့်သော သဘောဖြင့် မမှန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၉၁။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၄၄ ပါ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း အပါအဝင် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်လျှင် ဤဥပဒေအရ အရေးယူမည့်အပြင် လိုအပ်ပါကတည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူခြင်းခံရမည်။

## အခန်း(၂၁)
## ခြွင်းချက်ပြုရမည့်အချက်များ

၉၂။ ဤဥပဒေပါမည်သည့် ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မူတမှုရှိသည့် အောက်ပါဆောင်ရွက်ချက်များကို တားမြစ်သည်ဟု မှတ်ယူခြင်းမပြုရ-

(က) ပြည်သူ့ကိုယ်ကျင့်တရားကာကွယ်ရန် သို့မဟုတ် အများပြည်သူအကျိုးငှာ ထိန်းသိမ်းရန်လိုအပ်ချက်၊

(ခ) လူသား၊ တိရစ္ဆာန် သို့မဟုတ် အပင်များ၏ သက်တမ်း သို့မဟုတ် ကျန်းမာရေးကာကွယ်ရန်လိုအပ်ချက်၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်တွင်ငွေကြေးအပ်နှံသူများ၊ ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများ၊ အာမခံထားရှိသူများ၊ အာမခံတောင်းသူများ သို့မဟုတ် ယုံမှတ်အပ်နှံမှုတာဝန်ရှိသည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုက ၎င်းမှတာဝန်ရှိသည့် လူပုဂ္ဂိုလ်များကိုကာကွယ်ခြင်း၊

(ဃ) ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ လုံခြုံရေး၊ရပ်တည်နိုင်မှု၊ တည်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(င) နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ် တည်တံ့ခိုင်မြဲမှုနှင့်တည်ငြိမ်မှုကို အာမခံခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူနှင့်ပတ်သက်၍ မျှတ၍ထိရောက်မှုရှိသော စည်းကြပ်ခြင်း သို့မဟုတ် တိုက်ရိုက်အခွန်များ ကောက်ခံခြင်းအား သေချာစေရန်ရည်ရွယ်ခြင်း၊

(ဆ) အနုပညာဆိုင်ရာ၊ သမိုင်းဆိုင်ရာ သို့မဟုတ် ရှေးဟောင်းတန်ဖိုးရှိသော အမျိုးသားအမွေအနှစ်ရတနာများ ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုများကြောင့် ထိခိုက်မှုဖြစ်စေပါက ယင်းသို့မဖြစ်စေရန် သဘာဝသယံဇာတများအား ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း။

## အခန်း(၂၂)
## လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များ

၉၃။ (က) ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့က လုံခြုံရေးအလို့ငှာ လိုအပ်သော ဆောင်ရွက်ချက်များပြုလုပ်ခြင်းကို တားမြစ်သည်ဟု မမှတ်ယူရ။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် အစိုးရအဖွဲ့က နိုင်ငံတော်၏အရေးပါသော လုံခြုံရေးကိစ္စကို ကာကွယ်ရန်အတွက် လိုအပ်သည်ဟု ယူဆရသည့် အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်စုံတစ်ရာ လုပ်ဆောင်ခြင်းကိုတားဆီးခြင်း မရှိစေရ -

(၁) တပ်မတော် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့အား လက်နက်၊ ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ကိရိယာ၊ တန်ဆာပလာများထောက်ပံ့ရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်သော ဆောင်ရွက်ချက်များ၊

(၂) နိုင်ငံတကာဆက်ဆံရေးတွင် စစ်ဖြစ်ပွားခြင်းနှင့် အခြားအရေးပေါ်အခြေအနေများအရ လိုအပ်သလိုဆောင်ရွက်ခြင်း။

## အခန်း(၂၃)
## အထွေထွေ

၉၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် နိုင်ငံတော်က အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ပါအချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်ကွဲလွဲပါက ထိုဆန့်ကျင်သည့် ပြဋ္ဌာန်းချက်အတွက် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ပါအချက်များကို လိုက်နာရမည်။

၉၅။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁/၂၀၁၂) အရထုတ်ပြန်ခဲ့သော နည်းဥပဒေများကို ဆက်လက်ကျင့်သုံးနိုင်သည်။

၉၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၁၀/၁၉၈၈)သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) သို့မဟုတ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။) တို့ကိုအခြေခံ၍ ကော်မရှင်က ပေးအပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်သည် အဆိုပါခွင့်ပြုမိန့်၏သတ်မှတ်သက်တမ်းကုန်ဆုံးသည့် အချိန်အထိဆက်လက် အကျိုးသက်ရောက်စေရမည်။

၉၇။ အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၉၈။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီသို့မဟုတ်အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။

၉၉။ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

၁၀၀။ ကော်မရှင်အဖွဲ့ဝင်များသည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် ကိစ္စများမှတစ်ပါး အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၁၀၁။ ပုဒ်မ ၈၉ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အယူခံခြင်းမှတစ်ပါး ဤဥပဒေအရအပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၀၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုသည် -

(က) ကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၁၀၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ခ) ကော်မရှင်သည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁၈။)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့် ကော်မရှင်သည် ဤဥပဒေအရ ဆက်ခံမည့် ကော်မရှင်အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

---

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၄)

# ဥပဒေရေးဆွဲခြင်းတာဝန်



## ဦးဟန်ညွန့်(ဥပဒေ)

**အနုပညာ**

**ဥပဒေရေးဆွဲခြင်းသည် အနုပညာတစ်ရပ်ဖြစ်ကြောင်း စာရေးဆရာ ဦးအုန်းသန်း(ဥပဒေ)က အောက်ပါအတိုင်းရေးသည် -**

"စာဖတ်ခြင်းသည် အနုပညာတစ်ခုဖြစ်သကဲ့သို့ စဉ်းစားတွေးခေါ်ခြင်းနှင့် စာရေးခြင်းတို့သည်လည်း အနုပညာတစ်ခုဖြစ်ပါ၏။ ထိုသို့ဆိုလျှင် ဥပဒေကြမ်းရေးဆွဲခြင်းသည် စာရေးသားခြင်းတစ်ခုဖြစ်၍ ယင်းကိုလည်း အနုပညာတစ်ခုဟုဆိုလျှင် မှားအံ့မည်မထင်ပါ။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာအဖြစ် အနုပညာကို ဖန်တီးရာတွင် စိတ်ကူးဖြန့်၍ အတွေးဆန့်ရ၏။ အနုပညာ အလင်္ကာရသမြောက်စေမည့် ဝေါဟာရတို့ဖြင့် ရေးသားဖွဲ့နွဲ့ရသည်။ တစ်ခါတစ်ရံ အိပ်မက်ကိုလည်းကောင်း၊ စိတ်ကူး အတွေးကိုလည်းကောင်း အရေးသက်သက်ဖြင့် ဘဝဖြစ်အောင် ထုဆစ်ပုံဖော်ပေးရသည့်အခါများလည်း ရှိနိုင်ပါသည်။ စိတ်ကူးချိုမှ အရေးပိုနိုင်ပါသည်။

ထို့ကြောင့် စာရေးသားခြင်းသည် အနုပညာတစ်ခုဖြစ်၍ သိမ်မွေ့နူးညံ့ပါသည်။ ပုစ္ဆာကဲ့သို့ ခက်ခဲပါသည်။ သမုဒ္ဒရာကဲ့သို့ကျယ်ဝန်းနက်ရှိုင်းပါသည်။ စာပေအနုပညာအတွက် ကုန်ကြမ်းများသည် သဘာဝလောကသက်ရှိသက်မဲ့များနှင့် အချိန်ကာလစသည့်အရာတို့ဖြစ်ပါသည်။

ဥပဒေကြမ်းရေးဆွဲရာတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးသားခြင်းနှင့်မတူပေ။ ဥပဒေရေးဆွဲခြင်း အနုပညာအတွက် ကုန်ကြမ်းများသည်ကား မူဝါဒ၊ စိတ်ကူး၊ ဥပဒေ ဝေါဟာရများ၊ အခြေခံမူသဘောတရားများနှင့် ရေးထုံးရေးနည်းတို့ဖြစ်ပါသည်။ ဥပဒေကြမ်းရေးဆွဲရာတွင် သတ်မှတ်ထားသော အခြေခံမူသဘောတရားများကို လိုက်နာရသည်။ ရေးထုံးရေးနည်းများနှင့်အညီ ရေးသားရသည်။ အမိန့်ဆန်သော ဝါကျများဖြင့် ဝါကျတည်ဆောက်ရေးသားရခြင်းမှာ ဥပဒေရေးဆွဲခြင်းအနုပညာ၏ ထူးခြားမှုတစ်ခုဖြစ်ပါသည်။

**(ဥပဒေရေးဆွဲခြင်းအနုပညာစာအုပ်၊ ပိတောက်ရနံ့စာအုပ်တိုက်၊ မန္တလေးမှထုတ်ဝေသည်။ ပထမအကြိမ် ၂၀၁၅၊ စာမျက်နှာ-၃)**

**ဆရာကြီးဦးကျော်အေး၏ အမြင်**

ဥပဒေလောကတွင် အတွေ့အကြုံများလှသော ဆရာကြီးဦးကျော်အေးက အောက်ပါအတိုင်းမြင်သည် -

"မိမိ၏အတွေ့အကြုံအရပြောရပါမူ ဥပဒေကြမ်း ရေးဆွဲခြင်းအတတ်ပညာသည် ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ သီချင်းရေးသားခြင်း၊ ပန်းချီ ပန်းပုရေးဆွဲထုဆစ်ခြင်း အစရှိသော အနုပညာဖန်တီးထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် များစွာ အလားတူသော အတတ်ပညာဆိုင်ရာလုပ်ငန်းဖြစ်ပါသည်။ စာမျိုးစုံဖတ်ခဲ့သူ၊ ပင်ကိုဉာဏ်ကောင်းသောသူသည် ဤလုပ်ငန်း၌ ထူးချွန်သောသူဖြစ်လာနိုင်ပါသည်။ ဥပမာ ရွှေတိဂုံဘုရား၏ပုံတူကို ရှုထောင့်တစ်ခုတည်းမှ ပန်းချီဆရာအများက ရေးဆွဲကြသည်ဆိုပါစို့။ ထွက်လာသော လက်ရာများသည် အတိအကျတူညီခြင်းမရှိနိုင်။ ပန်းချီဆရာ၏ လေ့ကျင့်မှုနှင့် ပင်ကိုဉာဏ်အပေါ် မူတည်၍ လက်ရာအဆင့်အတန်း ကွာခြားသွားမည်သာဖြစ်ပါသည်။ အလေ့အကျင့် အတွေ့အကြုံချင်းတူလျှင် ပင်ကိုဉာဏ်ကောင်းသူ၏ လက်ရာက အသာရပါလိမ့်မည်။ ဥပဒေကြမ်းရေးဆွဲခြင်းတွင်လည်း ဤအတိုင်းပင်ဖြစ်ပါသည်"

**[မှားတော့ မှားတာပေါ့၊ မှားမှန်းမသိကြတော့လည်း - နှင့် ဥပဒေ သုတဆောင်းပါးများစာအုပ်၊ တရားသစ္စာစာအုပ်တိုက်၊ ပထမအကြိမ် ၂၀၁၅၊ စာမျက်နှာ-၁၂]**

**သမိုင်းအကျဉ်း**

ဥပဒေများကိုစိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဘာသာပြန်ဆိုခြင်းလုပ်ငန်းတာဝန်ကို ၁၉၈၈ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေတွင် ရှေ့နေချုပ်၏ တာဝန်အဖြစ်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတွင် ဥပဒေများကို ဘာသာပြန် ဆိုခြင်းတာဝန်သာ ပေးအပ်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၆၊ ၉၈၊ ၉၉ တို့အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား(၁)တွင်ဖော်ပြထားသော ပြည်ထောင်စု ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအတွက်သော် လည်းကောင်း ဥပဒေပြုခွင့်အာဏာရှိသည့်အပြင်၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခြင်းများကို ဥပဒေပြုခွင့်အာဏာအပ်နှင်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ အရ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်ခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကိုပြုနိုင်သည်။

**ဥပဒေကြမ်းရေးဆွဲရာတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးသားခြင်းနှင့်မတူပေ။ ဥပဒေရေးဆွဲခြင်း အနုပညာအတွက် ကုန်ကြမ်းများသည်ကား မူဝါဒ၊ စိတ်ကူး၊ ဥပဒေ ဝေါဟာရများ၊ အခြေခံမူသဘောတရားများနှင့် ရေထုံးရေးနည်းတို့ဖြစ်ပါသည်။ ဥပဒေကြမ်းရေးဆွဲရာတွင် သတ်မှတ်ထားသော အခြေခံမူ သဘောတရားများကို လိုက်နာရ**

**ကော်မရှင်**

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများက လေ့လာသောကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကိုလေ့လာရန်နှင့် လွှတ်တော်အသီးသီး၏ ကော်မတီဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ချက်အရ "ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်" ကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-ခ၊ ၇-ဂ နှင့် နည်းဥပဒေ ၁၀၅-ခ တို့နှင့်အညီ ဖွဲ့စည်းထားသည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

အထက်ပါကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ-

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့မှတစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်သို့ တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ယင်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

(ဂ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက သတ်မှတ်ပေးသည့်လုပ်ငန်းတာဝန်များကို သတ်မှတ်သော အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဃ) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေ သတ်မှတ်ဆောင်ရွက်ရမည်။

(င) နာယကနှင့် လွှတ်တော်ဥက္ကဋ္ဌများက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့် အခါ အကြံပြုချက်များပေးရမည်။ - တို့ဖြစ်သည်။

**(နိုင်ငံတော်ပြန်တမ်း၊ ၆၊ ၅၊ ၂၀၁၆၊ စာ-၈၈၇)**

**လုပ်ငန်းကော်မတီ**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ အရ ၁၆၊ ၅၊ ၂၀၁၆ ရက်စွဲဖြင့် **"ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ"** ကို ဖွဲ့စည်းထားသည်။

ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လက်ခံရရှိပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည်အထိ အဆင့်ဆင့်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါကော်မတီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူးမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ စုစုပေါင်းခုနစ်ဦးပါဝင်သည်။

**လုပ်ငန်းတာဝန်များ**

ဤကော်မတီ၏လုပ်ငန်းတာဝန်များမှာ-

(က) ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဥပဒေရေးရာအကြံဉာဏ် တောင်းခံပါက ဥပဒေရေးရာအကြံဉာဏ်ပေးခြင်း၊

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေကြမ်းကော်မတီများ၊ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ခြင်း

(ဂ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသောဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ဥပဒေအကြံဉာဏ်တောင်းခံပါက အကြံပြုခြင်း

(ဃ) ဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ရေးဆွဲသော ဌာနသို့လိုအပ်သော ဥပဒေရေးရာ အကြံဉာဏ်ပေးခြင်း

- ဥပဒေကြမ်းအပေါ်အကြံပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင် လိုအပ်ပါက အဆိုပါဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မည့်ဌာနနှင့် သက်ဆိုင်ရာဌာနတို့အား ဘာသာရပ်ဆိုင်ရာ အကြံဉာဏ်များရယူရန် ဖိတ်ကြားနိုင်သည်။ ထိုသို့ဖိတ်ကြားရာတွင် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်သည် - တို့ဖြစ်သည်။

**(နိုင်ငံတော်ပြန်တမ်း၊ ၁၇၊ ၆၊ ၂၀၁၆၊ စာ-၁၁၇၀)**

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**

ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၆ အရ ၁၉၊ ၅၊ ၂၀၁၆ ရက်စွဲဖြင့် "တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ" ကိုဖွဲ့စည်းသည်။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့်ဖွဲ့စည်းသည်။

**ကော်မတီ၏ တာဝန်များ**

ကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများမှန်ကန်စွာ ရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ရမည်။

(င) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်ငန်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။

**(နိုင်ငံတော်ပြန်တမ်း၊ ၁၇၊ ၆၊ ၂၀၁၆၊ စာ-၁၁၇၃)**

**တင်ပြချက်**

(၁) ဥပဒေရေးဆွဲခြင်း၊ ဥပဒေပြုခြင်း၏ တာဝန်ကို လူငယ်အပါင်း သိရှိလေ့လာနိုင်ရန်၊ မိတ်ဆက်ပေးခြင်းပါ။

(၂) အငြိမ်းစားဥပဒေအရာရှိတစ်ဦးအဖြစ်၊ စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးအဖြစ်၊ ဥပဒေရေးဆွဲခြင်း အနုပညာ၊ ဥပဒေပြုခြင်း တာဝန်များကို တွေးမိ၊ ရေးမိသော ဥပဒေအတွေးမျှသာပါ ...။

## ရေပေးရေးလုပ်ငန်းပြီးစီးမှုအခြေအနေစစ်ဆေး

**လေးမျက်နှာ စက်တင်ဘာ ၁၅**

လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အလုံးကြီးကျေးရွာ ရေပေးရေးကိုဆောင်ရွက်လျက်ရှိရာ နှစ်လက်မ အနက်ပေ ၃၀၀ တွင်း တစ်တွင်း၊ ပေ(၈×၆×၄)ရေကန် တစ်ခု၊ ပေ(၈×၆×၈) ရေစက်ရုံတစ်ခု၊ ၇ ၁/၄ hp Engine နှင့် သုံးလက်မ နှစ်လုံးထိုး လေမှုတ်စက်ဖြင့် တပ်ဆင်ပြီးစီးပြီးဖြစ်ကာ အလုံးကြီးကျေးရွာရှိ အိမ်ခြေ ၅၀ လူဦးရေ ၂၁၁ ဦးတို့အား အကျိုးပြုပြီး စက်တင်ဘာလပထမပတ်မှစ၍ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ဝေဝေ**



**ရထားရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ခွဲ သယ်န်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူးသိန်းဝင်းနှင့် သယ်န်းကျွန်း ရထားရဲစခန်းမှူးရဲအုပ် ခင်မောင်သိန်းတို့မှ စက်တင်ဘာလပထမပတ်က သယ်န်းကျွန်း ဘူတာရုံပိုင် ဦးမောင်မောင်မြင့်၊ ရန်အောင်ရပ်ကွက်၊ (ခ) ရပ်ကွက်၊ (င/ခ) ရပ်ကွက်တို့ရှိ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ရထားများပေါ်တွင် လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေး ဆွေးနွေးစဉ်**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## သတင်းတိုများ

### ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ဂျပန်နိုင်ငံ(JICA)အဖွဲ့က ကျေးလက်လမ်းတံတားများ ဆောင်ရွက်မှု၊ နှစ်တိုနှစ်ရှည်စီမံကိန်းများ ဆောင်ရွက်သည့်စနစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကို JICA အဖွဲ့တာဝန်ရှိသူများနှင့် ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်၊ ကျွန်းလှမြို့နယ် ကျေးလက်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### စာပန်းအိမ်စာကြည့်တိုက်(၈)နှစ်မြောက်အခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ကျုံးကျေးရွာရှိ စာပန်းအိမ်စာကြည့်တိုက်(၈)နှစ်မြောက် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးက အမှာစကားပြောကြားပြီး စာရေးဆရာ ဦးစဏ္ဍိမက စာဖတ်ခြင်းကြောင့်ရရှိနိုင်သော အကျိုးများကို ကျေးရွာနေပြည်သူများအား ဟောပြော၍ စာကြည့်တိုက်(၈)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပသော စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကာ ထူးချွန်ကျောင်းသားကျောင်းသူများကိုလည်း ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**စစ်ကြည်(စလင်း)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နေခြည်သွေးက ဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး နမ့်ခမ်းမြို့မှ ရဲစခန်းမှူး ဒုတိယရဲမှူးမင်းတင်က လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မန်းညွန့်ကြည်(ဉာဏ်မင်း)က မူးယစ်ဆေးဝါးဆက်နွယ်၍ လူကုန်ကူးမှုနှင့် ယာဉ်အန္တရာယ် ဖြစ်ပွားရခြင်းအကြောင်းများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

### ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တမူးခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၀ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သန့်ရှင်းရေးလုပ်ငန်းများကို မြို့မဘုန်းကြီးကျောင်းအတွင်းရှိ အဂ္ဂမဟာဓမ္မဗိမာန်တော်အတွင်း ငွေဆံတော်ပွင့်ဘုရားဝင်းနှင့် ဗိမာန်တော်အဝင် လမ်းဘေးဝဲယာတို့တွင် ပြုလုပ်ခဲ့သည်။

တမူးခရိုင်ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေ ဦးဆောင်၍ ခရိုင်၊ မြို့နယ်ရုံးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၇)မှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၀၉) မှ တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့စု(၃၃၉)မှ တပ်ဖွဲ့ဝင်များမှ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြော

ကရင်ပြည်နယ် ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကမမောင်းမြို့စခန်းမှူး ရဲအုပ်ဌေးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးသော်တာလင်းသန့်တို့က လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာများနှင့် လူမှောင်ခိုကူးပါက ကျခံရနိုင်သော ပြစ်မှုပြစ်ဒဏ်များကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြောကြားပြီး လူမှောင်ခိုကုန်ကူးမှုအန္တရာယ်အကြောင်း ပညာပေးနံရံကပ်စာစောင်များ၊ ခေတ်ပုံများကို ပြသကာ ပြန်/ဆက်ဦးစီးဌာနမှ ထုတ်ဝေသော လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အလယ်တန်းနှင့် အထက်တန်းအဆင့် ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဒုတိယကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ရွှေနှင့် ပြန်/ဆက်ဦးစီးမှူးတို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အား ချပြရှင်းလင်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရမ္မဝတီခန်းမ၌ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အား ချပြရှင်းလင်းပွဲကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်က အမှာစကားပြောကြားပြီး ပြည်သူဝန်ဆောင်မှုကို ရှေးရှု၍ လူတန်းစားမရွေးအကူအညီပေးနိုင်ရန်နှင့် ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းစနစ်အားချပြရှင်းလင်းခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေနှင့်တပ်ဖွဲ့ဝင်များ၊ ရမ်းဗြဲမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်း/လေကြောင်း/မူးယစ်/သတင်း/ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အရာရှိ ၂၃ ဦး၊ အခြားအဆင့် ၉၅ ဦး စုစုပေါင်း ၁၁၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မကွေးမြို့နယ်ရှိ ဘိုးဘွားများအား ဗုဒ္ဓဟူးနေ့တိုင်း ဆေးဝါးကုသပေး

**မကွေး စက်တင်ဘာ ၁၅**

မကွေးမြို့ ရွှေညောင်အုပ်စု ကင်းရပ်ကွက် ဓမ္မာရုံ၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာလဒုတိယပတ်က သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ပုံမှန်ကတော့ ဗုဒ္ဓဟူးနေ့တိုင်း သက်ကြီးဘိုးဘွားတွေကို ဆေးဝါးကုသမှု ဆောင်ရွက်နေပါတယ်။ မြို့နယ် ကျန်းမာတိုင်းကုသရေးဦးစီးဌာနနဲ့ တိုင်းပြည်သူ့ကျန်းမာက ထောက်ပံ့တဲ့ဆေးနဲ့ ပုံမှန် ဘိုးဘွားဆေးခန်းကို လာဖွင့်တာပါ။ အလှူရှင်တွေက ဆေးနဲ့အာဟာရလှူပြီး မြို့နယ်ပြည်သူ့ကျန်းမာဝန်ထမ်းတွေက လုပ်အားဒါနလှူဒါန်းပါတယ်။ အသက် ၈၀ ကျော် ဘိုးဘွားတွေကို အိမ်တိုင်ရာရောက် လိုက်လံကုသပေးနေပါတယ်"ဟု မကွေးမြို့နယ် ပြည်သူ့ကျန်းမာ ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအေးက ပြောသည်။



"ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ခဲ့တာ တစ်နှစ်လောက်ရှိပြီ။ လူနာ နည်းရင်၊ လူနာ ၁၀၀ လောက်ရအောင် အမြဲတမ်း လိုက်ခေါ်ပေးပါတယ်။ အစည်းအဝေးတစ်ခုမှာ အကြံပေးချက်အရ သက်ကြီးဘိုးဘွားတွေအတွက် ဆေးခန်းလေး ဖြစ်လာတာပါ။ ကင်း၊ ကျောက်ကုန်း ရပ်ကွက်က မိခင်နဲ့ကလေးတွေ၊ အသက်ကြီးသူတွေလည်း ဆေးရုံ၊ ဆေးခန်းတော်ရုံတန်ရုံမသွားနိုင်ကြဘူး။

ကိုယ့်ရပ်ကွက်ထဲဆိုတော့ အဆင်ပြေတာပေါ့။ ပြည်တော်သာရပ်ကွက် ဝန်ထမ်းအိမ်ရာတွေ ဘက်ကလည်း လာကြတယ်"ဟု ရွှေညောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က ဆိုသည်။

**ဇေယျတု(မကွေး)**

# ယာဉ်စည်းကမ်းမလိုက်နာသော ယာဉ်မောင်းများအား စစ်ဆေးအရေးယူ

**တနင်္သာရီ စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ကားနှင့် ဆိုင်ကယ်များကို စည်းကမ်းမဲ့ မောင်းနှင်စီးနင်းသူများအား မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်တို့ ဦးဆောင်၍ အဖွဲ့ပေါင်းစုံပူးပေါင်းပြီး စက်တင်ဘာ ၁၂ ရက်က ရှောင်တခင်စစ်ဆေးခြင်းနှင့် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တနင်္သာရီတံတားရဲကင်းနေရာ၌ အခြေပြု၍ အဖွဲ့ပေါင်းစုံဖြင့် ယာဉ်စည်းကမ်းလိုက်နာမှုမရှိသော ယာဉ်မောင်းများ၊ လိုင်စင်မပါရှိဘဲ မောင်းနှင်နေသော ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်းရာတွင် ဦးထုပ်မဆောင်းသူများ၊ နှစ်ဦးထက်ပို၍ စီးနင်းသူများကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်ဦးထုပ်မဆောင်းသူ၊ နှစ်ဦးထက်ပိုတင်ဆောင်မောင်းနှင်သူနှင့် ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်လာသူ စုစုပေါင်း ၁၇ ဦးအား ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့်အက်ကွဲခဲ့သော ကျောင်းတိုက်အဝင်မုခ်ဦးကို အသစ်တည်ဆောက်

**မော်လူး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ပဲခူးကျေးရွာမှ ပါမောက္ခရာမဘုန်းတော်ကြီးကျောင်းတိုက်၏ အဝင်မုခ်ဦးသည် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့ပြီး အချိန်မရွေး ပြိုကျပျက်စီးနိုင်သဖြင့် ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့နှင့် ရပ်မိရပ်ဖများ ပူးပေါင်းကာ စက်တင်ဘာ ၁၂ ရက်မှစ၍ အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။



ဩဂုတ် ၂၄ ရက်က "ငလျင်လှုပ်ခတ်မှုကြောင့် အကျယ် ၁၅ ပေ၊ အမြင့် ၁၅ ပေရှိတဲ့ ကျောင်းအရှေ့အဝင်မုခ်ဦးမှာ အက်ကွဲကြောင်းတွေဖြစ်လာပြီး ပြိုကျပျက်စီးမှာ စိုးရိမ်ရလို့ ဒီကနေ့နံနက်ပိုင်းကစတင်ပြီး အခုလို အသစ်တည်ဆောက်နေတာပါ"ဟု ပဲခူးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အက်ကွဲသွားသော မူလမုခ်ဦးမှာ အကျယ် ၁၅ ပေ၊ အမြင့် ၁၅ ရှိပြီး ၁၉၉၀ ခုနှစ်က ဆောက်လုပ်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်က ငလျင် လှုပ်ခတ်ခဲ့ဖူးပြီး မြေကြီးအတွင်းမှ ရေများပန်းထွက်ခဲ့သော်လည်း ပျက်စီးမှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ ယခု မုခ်ဦးသစ်ကို အကျယ် ၁၈ ပေ၊ အမြင့် ပေ ၂၀ အရွယ် တည်ဆောက်မည်ဖြစ်ပြီး အမြင့် ၄ ပေခွဲနှင့် အရှည်ပေ ၇၀ ခန့်ရှိသော အုတ်တံတိုင်းသစ်ကိုလည်း တည်ဆောက်မည်ဖြစ်ကြောင်း၊ မုခ်ဦးနှင့် အုတ်တံတိုင်းသစ်အတွက် ကျပ်သိန်း ၅၀ ကျော်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြပြီး ပဲခူးရွာဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ စုပေါင်းကာ တည်ဆောက် သွားကြမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**မြင်းမူ စက်တင်ဘာ ၁၅**

မြင်းမူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကန်ဖျား-ဂုံညင်းဆိပ်လမ်း အရှည် တစ်မိုင် ကျောက်ချောခင်းခြင်းနှင့် အင်းမကျေးရွာ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် အရည်အသွေးပြည့်မီခြင်းရှိ မရှိကို မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်တို့က စက်တင်ဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဂုံညင်းဆိပ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသည့် ကျောက်ရိုးစီ သံကူကွန်ကရစ်တံတား ဆောက်လုပ်မှုလုပ်ငန်းကိုလည်း သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ကျောက်ချောလမ်းလေးလမ်း အရှည်ငါးမိုင်ကျော်၊ မြေသားလမ်းသုံးလမ်း အရှည်နှစ်မိုင်ကျော်၊ ဂျင်းလမ်း တစ်လမ်း အရှည် နှစ်ဖာလုံနှင့် တံတားသုံးစင်း အရှည် ၁၀၈ ပေကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်ရေရရှိရေးလုပ်ငန်းများအနေဖြင့် စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံလုပ်ငန်းခြောက်ခု၊ အုတ်ရေလှောင်ကန်လုပ်ငန်းနှစ်ခုနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သုံးခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၇၇)

# ချယ်လ်ဆီးကို လီဗာပူးအနိုင်ရယူနိုင်မလား

Chelsea VS Liverpool

Date - 17 September 2016
Kick-off - 01:30

**ပရီမီယာလိဂ်ပွဲစဉ် (၄) မှာတော့ မန်ယူဟာ မန်စီးတီးကိုအရေးနိမ့်ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်ယူတို့ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာစောင့်ကြည့်ရဖို့ရှိနေသလို ဒီပွဲစဉ် (၅) မှာချယ်လ်ဆီးနဲ့ လီဗာပူးတို့ ထိပ်တိုက်ဆုံတွေ့မယ့်ပွဲလည်းပါဝင်နေပါတယ်။ ဒါကြောင့်လည်းအကြိုတ်အနယ်ရှိနိုင်ကာ ဥရောပပွဲတွေကစားခဲ့ရမယ့် အာဆင်နယ်၊ စပါး၊ မန်စီးတီး၊ လက်စတာ၊ မန်ယူ၊ ဆောက်သမ်တန် တို့အနေနဲ့ပုံမှန်ခြေစွမ်းပြသနိုင်ပါ့မလားဆိုတာကိုပါ စောင့်ကြည့်သွားရမှာဖြစ်တာကြောင့် ပွဲစဉ် (၅) က စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

## ချယ်လ်ဆီး VS လီဗာပူး

| ယမန်နှစ် | ချယ်လ်ဆီး | ၁ | ၃ | လီဗားပူး |
|---|---|---|---|---|

လက်စတာကို အနိုင်ရခဲ့တဲ့ပွဲမှာ လီဗာပူးရဲ့ ကစားပုံကောင်းမွန်မှုအပြည့်ရှိခဲ့ပါတယ်။ မာနေး ခြေစွမ်းပြနေတာကြောင့်လည်း ထိုးဖောက်ကစားပုံကောင်းမွန်နေသလို စတားရစ်ခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမိုအားကောင်းနေပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးက အိမ်ကွင်းဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်သလို ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာတော့ လီဗာပူးအမြင့်ဆုံး သရေလောက်ပဲရမယ်။

## ဝက်စ်ဘရွန်း VS ဝက်စ်ဟမ်း

| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၃ | ဝက်စ်ဟမ်း |
|---|---|---|---|---|

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းက အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကို အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းတို့နိုင်ပွဲရအောင် အားစိုက်လာမှာ ဖြစ်ပေမယ့် ဝက်စ်ဘရွန်းခြေစွမ်းကလည်း ကောင်းမွန်မှု ရှိနေသလို ဝက်စ်ဘရွန်းက အိမ်ကွင်းအားနဲ့ ဖိအားပေးကစားဖို့လည်း ရှိနေပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာ အဓိက ကစားသမားတွေ ဒဏ်ရာကြောင့် မပါဝင်နိုင်မှုနဲ့အတူ ခြေပျက်နေတဲ့ ဝက်စ်ဟမ်းတို့ အမြင့်ဆုံး သရေလောက်ပဲရမယ်။

## အဲဗာတန် VS မစ်ဒယ်ဘရော့

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

တန်းတက် မစ်ဒယ်ဘရော့က ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ နောက်ဆုံးပွဲမှာပဲလေ့စ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့်လည်း မစ်ဒယ်ဘရော့တို့ နိုင်ပွဲပြန်လည်ရရှိအောင် အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်က အသင်းလိုက်ကစားပုံ ပိုမိုကောင်းမွန်မှုရှိသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ အထူးသဖြင့် အဲဗာတန်က ထိုးဖောက်ကစားပုံလည်း ကောင်းမွန်နေလို့ အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို အနိုင်ရယူသွားနိုင်မှာပါ။

## ဆောက်သမ်တန် VS ဆွမ်ဆီး

| ယမန်နှစ် | ဆောက်သမ်တန် | ၃ | ၁ | ဆွမ်ဆီး |
|---|---|---|---|---|

ဆောက်သမ်တန်ဟာ အာဆင်နယ်ကို အရေးနိမ့်ခဲ့ရပေမယ့်ကစားပုံကောင်းမွန်ခဲ့တယ်။ အထူးသဖြင့် ဆောက်သမ်တန်ဟာ တန်ပြန်ထိုးစစ်ပိုင်း ကောင်းမွန်လာသလို ဒီပွဲမှာလည်းအိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဆွမ်ဆီးရဲ့ခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာတော့ ဆောက်သမ်တန်တို့ အခွင့်အရေးရနိုင်ပါတယ်။ ဆောက်သမ်တန်တို့ ဒီပွဲမှာတော့ နိုင်ပွဲစရသွားနိုင်ပါတယ်။

## ဟားလ် VS အာဆင်နယ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

အာဆင်နယ်က ဆောက်သမ်တန်ကို အနိုင်ရခဲ့ပေမယ့်လည်း ကစားပုံက အကောင်းဆုံးပုံစံမှာ မရှိခဲ့ပါဘူး။ ဒါ့အပြင် အာဆင်နယ်က ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဟားလ်ကတော့ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာ သေချာနေသလို ဘန်လေနဲ့ပွဲမှာလည်းနိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲမှာ ရလဒ်ကောင်းဖို့ပိုမိုအားစိုက်လာမှာပါ။ ဒါကြောင့်လည်း အာဆင်နယ်တို့ ကစားရခက်ခဲနိုင်ပြီး ကပ်ပြီးသာနိုင်မယ်။

## မန်စီးတီး VS ဘုန်းမောက်

| ယမန်နှစ် | မန်စီးတီး | ၅ | ၁ | ဘုန်းမောက် |
|---|---|---|---|---|

မန်ယူကိုအနိုင်ရခဲ့တဲ့ပွဲမှာ မန်စီးတီးရဲ့ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း အဂူရိုပါဝင်နိုင်မှာမဟုတ်ပေမယ့်ဒီဘရူနီခြေစွမ်းပြနေတာကြောင့် ထိုးဖောက်ကစားပုံက ကောင်းမွန်နေပါတယ်။ မန်စီးတီးအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့် အိမ်ကွင်းဖြစ်သလို ဘုန်းမောက်ခြေစွမ်းကလည်း သာမန်သာ ရှိပါတယ်။ ဂွါန်စတုန်းခြေစွမ်းပြနေတာကြောင့်လည်း ခံစစ်ပိုင်းပါ အားကောင်းနေတဲ့ မန်စီးတီးပဲ အနိုင်ရမယ်။

## ဝက်ဖို့ဒ် VS မန်ယူ

| ယမန်နှစ် | ဝက်ဖို့ဒ် | ၁ | ၂ | မန်ယူ |
|---|---|---|---|---|

မန်စီးတီးကို ရှုံးနိမ့်ခဲ့ရတဲ့အတွက် မန်ယူတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း မန်ယူက ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်သလို အဝေးကွင်းလည်း ဖြစ်နေပါတယ်။ ဒါ့အပြင် မန်ယူမှာ မီခီတာယန်၊ ပေါ့ဂ်ဘာတို့လည်းခြေစွမ်းပိုင်းထင်သလောက်မကောင်းသေးပါဘူး။ ဒါကြောင့်လည်း အိမ်ကွင်းအားနဲ့တုံ့ပြန်လာမယ့် ဝက်ဖို့ဒ်ကို မန်ယူတို့ ခက်ခက်ခဲခဲ ကျော်ဖြတ်ရနိုင်ကာ ကပ်ပြီးသာနိုင်မယ်။

## စပါး VS ဆန်းဒါးလန်း

| ယမန်နှစ် | စပါး | ၄ | ၁ | ဆန်းဒါးလန်း |
|---|---|---|---|---|

စတုတ်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ စပါးရဲ့ကစားပုံကောင်းမွန်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းက ထက်မြက်မှုရှိခဲ့သလို ဟယ်ရီကိန်း ဂိုးသွင်းခြေရခဲ့တာကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမိုအားကောင်းခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် စပါးတို့နိုင်ပွဲရအောင် အားစိုက်လာမှာ သေချာနေပါတယ်။ ဆန်းဒါးလန်းကတော့ အသင်းလိုက် ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေသလို ခံစစ်ပိုင်းလည်း မလုံပါဘူး။ ယူရိုပါလိဂ်ရှိပေမယ့် စပါးပဲနိုင်ပွဲရမယ်။

## လက်စတာ VS ဘန်လေ

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

လက်စတာဟာလီဗာပူးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိရာသီမှာ လက်စတာခြေစွမ်းပိုင်းက ကျဆင်းနေသလို ချန်ပီယံလိဂ်ပွဲ ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် လက်စတာ တို့ တိုက်စစ်အားပြုကစားလာမှာ သေချာနေသလို ဘန်လေရဲ့ခြေကလည်း သာမန်သာရှိတာကြောင့် လက်စတာကပ်နိုင်မယ်။

## ပဲလေ့စ် VS စတုတ်

| ယမန်နှစ် | ပဲလေ့စ် | ၂ | ၁ | စတုတ် |
|---|---|---|---|---|

စတုတ်ခြေက ဒီရာသီမှာ အားနည်းမှုတွေ ရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း စတုတ်ဟာ အိမ်ကွင်းအမှာ ကစားခဲ့ရတာတောင် စပါးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း စတုတ်တို့နိုင်ပွဲရအောင် အားစိုက်လာမှာဖြစ်ပေမယ့် မာကျော့မှုကအစ ပျောက်ဆုံးနေသလို ပဲလေ့စ်ကလည်း ခြေစွမ်းပိုင်းမဆိုးတဲ့အပြင် အိမ်ကွင်းအားလည်း ရှိနေပါတယ်။ ဒါကြောင့်လည်း စတုတ်တို့ ရလဒ်ကောင်းဖို့ ခက်ပြီး ပဲလေ့စ်ကသာကပ်နိုင်ခြေရှိတယ်။

# ဂျရတ်ကြောင့် လီဗာပူးတွင် ဘာလော့တယ်လီ ကျရှုံးခဲ့ရခြင်းဖြစ်ကြောင်း ဒီအော့ဖ် ပြောဆို

လီဗာပူးအသင်း ခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်၏ မနာလိုမှုများကြောင့် တိုက်စစ်မှူးဘာလော့တယ်လီသည် လီဗာပူးအသင်းတွင် ရှုန်းကန်ခဲ့ရခြင်းဖြစ်ကြောင်း ဆီနီဂေါတိုက်စစ်မှူးဟောင်း ဒီအော့ဖ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အီတလီတိုက်စစ်မှူး ဘာလော့တယ်လီသည် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းတွင် အေစီမီလန်မှ လီဗာပူးသို့ ပြောင်းရွှေ့လာပြီးနောက် လီဗာပူးတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရကာ ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ပြင်သစ်ကလပ် နိုက်စ်အသင်းသို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် နိုက်စ်အသင်းက မာဆေးအား ၃-၂ ဖြင့် အနိုင်ရရှိခဲ့သောပွဲတွင် နိုက်စ်အသင်းအတွက် ပထမဆုံး ပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် လီဗာပူးသို့ ပြောင်းရွှေ့ခဲ့ခြင်းသည် သူ၏ အကြီးမားဆုံးအမှားဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သူဖြစ်သည်။ တိုက်စစ်မှူးဟောင်း ဒီအော့ဖ် (၃၅ နှစ်)က "လီဗာပူးအသင်းဆီမသွားဖို့ ဘာလော့တယ်လီကို ကျွန်တော် ပြောခဲ့ပါတယ်။ ဘာလော့တယ်လီဟာ လီဗာပူးမှာ ဂျရတ်နဲ့ အဆင်ပြေမှုမရှိခဲ့ဘူး။ ဂျရတ်က ဘာလော့တယ်လီရဲ့ စွမ်းရည် အပေါ် လိုလားမှုမရှိဘဲ ဘာလော့တယ်လီနဲ့ပတ်သက်ပြီး အနုတ်လက္ခဏာဆောင်တဲ့အရာတွေကို ပြောဆိုခဲ့တယ်။ ဂျရတ်ဟာ မနာလိုစိတ်ရှိသူတစ်ဦးပါ။ ဘာလော့တယ်လီကတော့ ကောင်းမွန်တဲ့ လူတစ်ဦးဖြစ်ပြီး သူဟာ အဝတ်လဲခန်းအတွင်းမှာ ပြဿနာ မရှာတတ်သူတစ်ဦးပါ။ ဘာလော့တယ်လီနဲ့ပတ်သက်ပြီး ပြောဆိုမှုတွေ အများကြီး ရှိနေပါတယ်။ ဒါပေမယ့် သူတို့ဟာ မကြာခဏ ဆိုသလို မဟုတ်တာတွေ ပြောဆိုနေကြတယ်"ဟု ပြောဆိုခဲ့သည်။

## LaLiga စပိန်လီဂါပွဲစဉ်(၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၆-၉-၁၆)** | | | |
| နံနက် ၁း၁၅ | ဘတ်တစ် | - | ဂရန်နာဒါ |
| **စနေနေ့ (၁၇-၉-၁၆)** | | | |
| ညနေ ၅း၃၀ | လီဂါနက်စ် | - | ဘာစီလိုနာ |
| ည ၈း၄၅ | အက်သလက် | - | ဂီဂျွန် |
| ည ၁၁း၀၀ | အီဘား | - | ဆီဗီလာ |
| နံနက် ၁း၁၅ | လက်ပဲလ်မက်စ် | - | မာလာဂါ |
| **တနင်္ဂနွေနေ့ (၁၈-၉-၁၆)** | | | |
| ညနေ ၄း၃၀ | အိုဆာစူနာ | - | ဆယ်တာဗီဂို |
| ည ၈း၄၅ | ဘီလ်ဘို | - | ဗလင်စီယာ |
| ည ၁၁း၀၀ | ဗီလာရီးရဲ | - | ဆိုစီဒက် |
| နံနက် ၁း၁၅ | အက်စ်ပန်ညို | - | ရီးရဲ |
| **တနင်္လာနေ့ (၁၉-၉-၁၆)** | | | |
| နံနက် ၁း၁၅ | အလာဗက်စ် | - | ဒီပို့တီဗို |

## ပရီမီယာလိဂ်ပွဲစဉ်(၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၆-၉-၁၆)** | | | |
| နံနက် ၁း၃၀ | ချယ်လ်ဆီး | - | လီဗာပူး |
| **စနေနေ့ (၁၇-၉-၁၆)** | | | |
| ည ၈း၃၀ | ဟားလ်စီးတီး | - | အာဆင်နယ် |
| ည ၈း၃၀ | လက်စတာ | - | ဘန်လေ |
| ည ၈း၃၀ | မန်စီးတီး | - | ဘုန်းမောက် |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | အဲဗာတန် | - | မစ်ဒယ်ဘရော့ |
| **တနင်္ဂနွေနေ့ (၁၈-၉-၁၆)** | | | |
| ညနေ ၅း၃၀ | ဝက်ဖို့ဒ် | - | မန်ယူ |
| ည ၇း၄၅ | ခရစ္စတဲလ်ပဲလေ့စ် | - | စတုတ် |
| ည ၇း၄၅ | ဆောက်သမ်တန် | - | ဆွမ်ဆီး |
| ည ၁၀း၀၀ | စပါး-ဆန်းဒါးလန်း | | |

## စီးရီးအေပွဲစဉ်(၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၆-၉-၁၆)** | | | |
| နံနက် ၁း၁၅ | ဆမ်ဒိုးရီးယား | - | မီလန် |
| **စနေနေ့ (၁၇-၉-၁၆)** | | | |
| ည ၁၀း၃၀ | လာဇီယို | - | ပက်စ်ကာရာ |
| နံနက် ၁း၁၅ | နာပိုလီ | - | ဘိုလော့ဂ်နာ |
| **တနင်္ဂနွေနေ့ (၁၈-၉-၁၆)** | | | |
| ညနေ ၅း၀၀ | အူဒီးနိစ် | - | ချီယေဗို |
| ည ၇း၃၀ | ကယ်ဂလီယာရီ | - | အတ္တလန္တာ |
| ည ၇း၃၀ | ခရိုတိုနီ | - | ပါလာမို |
| ည ၇း၃၀ | ဆက်ဆူအိုလို | - | ဂျီနိုအာ |
| ည ၇း၃၀ | တိုရီနို | - | အမ်ပိုလီ |
| ည ၁၀း၃၀ | အင်တာမီလန် | - | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ | ဖီအိုရင်တီးနား | - | ရိုးမား |

## ပြင်သစ်ပထမတန်းပွဲစဉ်(၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၆-၉-၁၆)** | | | |
| နံနက် ၁း၁၅ | ကိန်းစ် | - | ပီအက်စ်ဂျီ |
| **စနေနေ့ (၁၇-၉-၁၆)** | | | |
| ည ၉း၃၀ | မိုနာကို | - | ရိန်းစ် |
| နံနက် ၀၀း၃၀ | နန်စီ | - | နန့်စ် |
| နံနက် ၀၀း၃၀ | လောရီယင့် | - | လိုင်လီ |
| နံနက် ၀၀း၃၀ | ဘော်ဒိုး | - | အန်ဂျာစ် |
| နံနက် ၀၀း၃၀ | ဒီဂျွန် | - | မက်ဇ် |
| နံနက် ၀၀း၃၀ | တူးလောက်စ် | - | ဂူအင်ဂမ့် |
| **တနင်္ဂနွေနေ့ (၁၈-၉-၁၆)** | | | |
| ည ၇း၃၀ | မောင့်ပယ်လီယာ | - | နိုက်စ် |
| ည ၉း၃၀ | စိန့်အေတီယန် | - | ဘတ်စတီယာ |
| နံနက် ၁း၁၅ | မာဆေး | - | လိုင်ယွန် |







● အောင်က

# အဂူရိုရဲ့ကွက်လပ်အတွက် အထိုက်တန်ဆုံးဖြည့်တင်းမှုတစ်ခု

## သို့မဟုတ်

# နာချို

မန်ချက်စတာဒါဘီမှာ မန်စီးတီးအသင်း အနိုင်ရရှိခဲ့ခြင်းဟာ မန်စီးတီးအသင်းရဲ့အကယ်ဒမီကနည်းပြအဖွဲ့ဝင်တွေအတော့ ဂုဏ်ယူစရာဖြစ်စေခဲ့ပါတယ်။ အဲ့ဒါကတော့ သူတို့ကိုယ်တိုင်စိုက်ပျိုးခဲ့တဲ့ အပင်ရဲ့အသီးအပွင့်လို့ဆိုရမယ့် လူငယ်တိုက်စစ်မှူးနာချိုရဲ့ စွမ်းဆောင်မှုကြောင့်ဖြစ်ပါတယ်။ နာချိုဟာ အစဉ်အမြဲပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ မန်ချက်စတာဒါဘီပြိုင်ပွဲမှာ မန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူလို့ ပြောရမှာဖြစ်ပါတယ်။

မန်စီးတီးအသင်းရဲ့ပိုင်ရှင် ရှိတ်မန်ဆော်ဟာ မန်စီးတီးအသင်းကို ဝယ်ယူခဲ့တဲ့ ၂၀၀၈ခုနှစ်ကတည်းက အသင်းအတွက် အနာဂတ်ကောင်းတွေ ပိုင်ဆိုင်နိုင်ဖို့အတွက် လူငယ်ပါရမီရှင်ကစားသမားပေါ်ထွက်ရေးအတွက် ငွေကြေးပုံအောကာ အသုံးပြုခဲ့ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအသင်းဟာ လူငယ်ကစားသမားကောင်းတွေတော့ ထွက်ပေါ်လာလေ့ရှိတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ နာချိုဟာ မန်စီးတီးအသင်းရဲ့ လူငယ်အကယ်ဒမီကို ၂၀၁၄ ခုနှစ်က စတင်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ သူဟာ မန်စီးတီးအကယ်ဒမီနဲ့အတူ တိုးတက်မှုတွေ အများကြီးရရှိခဲ့တဲ့သူလို့ ပြောရမှာဖြစ်ပါတယ်။ သူဟာမန်စီးတီးအသင်းနဲ့အတူ လူငယ်အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲမှာလည်း ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။

ဒါကြောင့်လည်း လူငယ်တိုက်စစ်မှူး နာချိုအတွက်တော့ ပွဲကြီးတွေမှာ ဂိုးသွင်းယူနိုင်ခြင်းဟာ ယဉ်ပါးနေကျလို့ ပြောရမှာဖြစ်ပါတယ်။ တိုက်စစ်မှူးနာချိုဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လကစတင်ပြီး မန်စီးတီးအသင်းမှာ ပွဲထွက်ကစားခွင့် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ နာချိုဟာ ဒီနှစ်ရာသီမှာတော့ အသင်းမှာ ပရီမီယာလိဂ်သုံးပွဲအထိ ပါဝင်ကစားခွင့် ရရှိထားခဲ့တာဖြစ်ပြီး မန်ချက်စတာ ဒါဘီပွဲမှာတော့
အသင်းအတွက်
အရေးကြီးတဲ့ အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲ့ဒီပွဲကို ကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ ပံ့ပိုးမှုသာမရခဲ့ဘူးဆိုရင်တော့ ဒီဘရူနီဟာ ဂိုးမရရှိနိုင်သလို သူ့ရဲ့သွင်းဂိုးကြောင့်သာမဟုတ်ရင်လည်း မန်စီးတီးအသင်းဟာ အနိုင်ရရှိမှာတော့ မဟုတ်ပါဘူး။

လူငယ်တိုက်စစ်မှူးလေး နာချိုအတွက်တော့ မန်စီးတီးအသင်းရဲ့ အရေးပါတဲ့အချိန်မှာ ပါဝင်ကစားခွင့်ရရှိလာခဲ့တဲ့သူလို့ပြောရမှာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းမန်နေဂျာသစ်ဖြစ်လာသူ ဂွာဒီယိုလာကလည်း ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ်ကတည်းက လူငယ်ကစားသမားတွေကို မြေတောင်မြှောက်ပေးလေ့ရှိတဲ့ နည်းပြတစ်ဦးလို့ ပြောရမှာ ဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ်ကဆိုရင် ဘာစီလိုနာရဲ့နာမည်ကြီး လူငယ်အကယ်ဒမီဖြစ်တဲ့ လာမာဆီယာကနေ လူငယ်ကစားသမား ငါးဦးလောက်ကို နှစ်စဉ်ပွဲထွက် ကစားစေခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ မန်စီးတီးအသင်းအနေနဲ့ အသင်းအတွက်အားကိုးရတဲ့ တိုက်စစ်မှူး အဂူရိုဟာ ဝက်စ်ဟမ်းအသင်းနဲ့ပွဲမှာ ဝက်စ်ဟမ်းအသင်းကစားသမား ဝင်စတန်ရီးဒ်ကို တံတောင်နဲ့တွက်ခဲ့တာကြောင့် သုံးပွဲပယ် ပြစ်ဒဏ်ခဲ့နေခဲ့ရပါတယ်။ မန်နေဂျာ ဂွာဒီယိုလာအနေနဲ့ အသင်းရဲ့ရှေ့တန်းအတွက် ရွေးချယ်စရာတိုက်စစ်မှူးတွေ ရှိနေခဲ့ပေမယ့်လည်း လာမည့် နှစ်ပွဲစလုံးမှာလည်း လူငယ်တိုက်စစ်မှူးနာချိုကိုသာ ဆက်လက်ကစားစေဖို့ကတော့ သေချာသလောက်ကိုရှိနေပြီလည်း ဖြစ်ပါတယ်။

လူငယ်တိုက်စစ်မှူးလေးနာချိုဟာ သူ့ရဲ့အသက်အရွယ်လိုက်ဖက်တဲ့ ခန္ဓာကိုယ်နဲ့အတူ ခေတ်သစ်တိုက်စစ်မှူး တစ်ဦးအနေနဲ့ အသင်းအတွက်လိုအပ်တဲ့ တိုက်စစ်မှူးကွက်လပ်ကို အကောင်းဆုံးဖြည့်တင်းနိုင်သူတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ ဒီရာသီမှာ နာချိုရဲ့ဘောလုံးပေးပို့ရာမှာ တိကျမှုကလည်း ၇၈ ရာခိုင်နှုန်းရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုက်စစ်မှူးနာချိုရဲ့တစ်ပွဲမှာ ဂိုးရရှိတဲ့နှုန်းကလည်း ၀.၁ ဒသမ ၂ အထိရှိတာကြောင့် မန်စီးတီးအသင်းအတွက်တော့ တကယ့်ကို အားကိုးရတဲ့ တိုက်စစ်မှူးသစ်ဦးလို့တော့ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း မန်စီးတီးအသင်းအနေနဲ့ အသင်းအတွက် အားကိုးရတဲ့တိုက်စစ်မှူး အဂူရိုပွဲပယ်ပြစ်ဒဏ်ကျခံနေစဉ်မှာတော့ နာချိုဟာ အဂူရိုရဲ့ကွက်လပ်ကို အကောင်းဆုံးဖြည့်တင်းထားနိုင်သူလို့လည်းပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင်မန်စီးတီးအသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းထွက်ကစားသမားတစ်ဦးဖြစ်တဲ့ နာချိုအနေနဲ့ ဒီနှစ်ရာသီမှာတော့ မန်စီးတီးအသင်းနဲ့အတူ ဘယ်လောက်အထိ ခြေစွမ်းတွေပြပြီး အနာဂတ်မှာ ဘယ်လောက်တောက်ပလာမလဲဆိုတာကတော့ စိတ်ဝင်စားစွာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။





## ရော်နယ်ဒိုကို ပြန်လည်ခေါ်ယူနိုင်ရန် စပို့တင်းအသင်းဥက္ကဋ္ဌ မျှော်လင့်ထား



ရီးရဲမက်ဒရစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ကစားသမားဘဝအဆုံးမသတ်မီတွင် စပို့တင်းလစ္စဘွန်း အသင်းသို့ ပြန်လည် ခေါ်ယူရန်ဆန္ဒရှိကြောင်း စပို့တင်းအသင်း ဥက္ကဋ္ဌ ဘရူနိုဒီကာဗယ်လ်ဟိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒို (၃၁နှစ်)သည် သူ၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝအား ၂၀၀၂ ခုနှစ်တွင် စပို့တင်းလစ္စဘွန်းအသင်း၌ စတင်ခဲ့ကာ စပို့တင်းအသင်းတွင် တစ်ရာသီကြာ ပါဝင်ကစားခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်တွင် မန်ယူသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

“ရော်နယ်ဒိုကို စပို့တင်းလစ္စဘွန်းအသင်းဆီ ပြန်လည်ခေါ်ယူဖို့ ကျွန်တော်လိုလားပါတယ်။ စပို့တင်းအသင်းအနေနဲ့ အသင်းရဲ့ ကစားသမားဟောင်းတွေကို ပြန်လည်ခေါ်ယူဖို့ကိုလည်း ကြိုးစားလုပ်ဆောင်နေတယ်။ ၂၀၀၇ ခုနှစ်မှာ စပို့တင်းအသင်းကနေ မန်ယူကို ပြောင်းရွှေ့သွားတဲ့ တောင်ပံကစားသမား နာနီကိုလည်း ကျွန်တော်တို့ ၂၀၁၄-၁၅ ရာသီမှာ အငှားနဲ့ ပြန်လည်ခေါ်ယူခဲ့ဖူးတယ်။ ဒီလိုအသင်းရဲ့ ကစားသမားဟောင်းတွေကို ပြန်လည်ခေါ်ယူမှုက ပိုမိုဖြစ်ပေါ်လာနိုင်တယ်။ ရော်နယ်ဒိုရဲ့ကစားသမားဘဝကို စပို့တင်းလစ္စဘွန်းမှာ အဆုံးသတ်တာမျိုး လိုလားပါတယ်။ သူဟာ စပို့တင်းအသင်းအတွက် အများကြီးပေးဆပ်ခဲ့သူပါ။ ရော်နယ်ဒိုအနေနဲ့ သူ့ရဲ့ကစားသမားဘဝကို စပို့တင်းအသင်းမှာ အဆုံးသတ်မယ်ဆိုရင် ဒါဟာ နှစ်သက်စရာကောင်းတဲ့ကိစ္စဖြစ်လာပါလိမ့်မယ်။ ရော်နယ်ဒိုက စပို့တင်းအသင်းနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့အရာတွေကို အမြဲပြောလေ့ရှိသလို အသင်းကိုလည်း ချစ်ခင်မှုရှိတယ်”ဟု ဥက္ကဋ္ဌကာဗယ်လ်ဟိုက ပြောဆိုခဲ့သည်။

ရော်နယ်ဒိုသည် စပို့တင်းအသင်းအတွက် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားခဲ့ကာ ငါးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

## မန်ယူတိုက်စစ်မှူး ဝိန်းရွန်းနေအား လီဗာပူးခံစစ်မှူးဟောင်း ကာရေဂါ သတိပေးစကားပြောဆို



အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်းနေအနေဖြင့် မန်ယူအသင်းတွင် ဆက်လက်ကစားလိုပါက စွမ်းဆောင်ရည်တိုးမြင့်လာစေရန် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း လီဗာပူးခံစစ်မှူးဟောင်း ကာရေဂါက သတိပေးပြောဆိုလိုက်သည်။

အသက် ၃၀ နှစ် အရွယ်ရှိ တိုက်စစ်မှူးရွန်းနေသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ မန်ယူအသင်းအတွက် ပွဲချိန်ပြည့်နီးပါး ပါဝင်ကစားခွင့်ရရှိထားပြီး တစ်ဂိုးသွင်းယူထားကာ ဂိုးသွင်းခွင့်ဖန်တီးပေးမှု နှစ်ကြိမ်ပြုလုပ်ထားသူ ဖြစ်သည်။

တိုက်စစ်မှူး ဝိန်းရွန်းနေ၏ အင်္ဂလန်လက်ရွေးစင်အသင်းဖော်ဟောင်း ကာရေဂါ (၃၈နှစ်)သည် မန်ယူက မန်စီးတီးအား အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် မန်ချက်စတာဒါဘီ၌ ရွန်းနေ၏ စွမ်းဆောင်ရည်အပေါ် Sky Sports တွင် ဝေဖန်ဆန်းစစ်မှု ပြုလုပ်ခဲ့သူဖြစ်သည်။

“နောက်ထပ် သုံးလေးလအတွင်းမှာ ရွန်းနေဟာ အင်္ဂလန်လက်ရွေးစင်အသင်းမှာထက် မန်ယူအသင်းမှာ ပိုမိုကြီးမားတဲ့ အခက်အခဲကြုံတွေ့ရနိုင်တယ်။ ရွန်းနေအနေနဲ့ အင်္ဂလန်လက်ရွေးစင်အသင်းမှာ ဆက်လက်ကစားခွင့်ရရှိနေဦးမှာပါ။ ဒါပေမယ့် မန်ယူမှာ ပါဝင်ကစားခွင့်ရဖို့က ရွန်းနေအတွက် ပိုမိုကြီးမားတဲ့ အခက်အခဲဖြစ်လာနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ မန်ယူအသင်းဟာ ရွန်းနေကစားချင်တဲ့နေရာမှာ အသုံးပြုဖို့ အခြားကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတာကြောင့်ဖြစ်ပါတယ်။ မန်ချက်စတာဒါဘီပွဲမှာ ရွန်းနေရဲ့စွမ်းဆောင်နိုင်မှု အားနည်းခဲ့တယ်။ တကယ်လို့ ရွန်းနေအနေနဲ့ မန်ယူမှာ ဆက်လက်ပါဝင်ကစားချင်တယ်ဆိုရင် စွမ်းဆောင်ရည် တိုးတက်လာဖို့လိုပါတယ်”ဟု ကာရေဂါက ပြောဆိုခဲ့သည်။

ရွန်းနေသည် ၂၀၀၄ ခုနှစ်ကတည်းက မန်ယူအသင်း၌ ပါဝင်ကစားနေခဲ့သူဖြစ်ပြီး မန်ယူအတွက် စုစုပေါင်း ၅၂၅ ပွဲ ပါဝင်ကစားထားကာ ၂၄၆ ဂိုး သွင်းယူထားသူဖြစ်သည်။

# ကျော့မှူးမြို့နယ် ဆပုဂံရွာမှ ရှေးဟောင်းသမိုင်းဝင် ဆံတော်ကြိုးစေတီတော်

**ဆောင်းပါး- မောင်သင်းပျို့ ဓာတ်ပုံ-ဇွဲမာန်**

ဝါခေါင်လဆုတ်၏ မိုးရိပ်တို့ ကောင်းကင်တွင်ညှိုမှိုင်းလျက်ရှိသည်။ တံ့တေးတံတားပေါ်တွင် နံနက်ပိုင်း အအေးဓာတ်တို့လွှမ်းခြုံလျက်ရှိပြီး တူးမြောင်းအတွင်းသွားလာနေသော စက်လှေ၊သင်္ဘောတို့မှာ နံနက်ခင်းဖြတ်သန်းတိုက်ခတ်နေသော အေးစိမ့်သည့်လေနုကြားမှ လှမ်းမြင်ရသည်။ မြစ်ပြင်အလှနှင့် ကမ်းပါး စပါးခင်းအလှနှင့်အတူ အဝေးတွင်လှမ်းမြင်နေရသော ရန်ကုန်ဆိပ်ကမ်းနှင့် ရွှေတိဂုံစေတီတော်၏ ကြည်ညိုဖွယ် နံနက်ခင်းမြင်ကွင်းတို့သည်လည်း သဘာဝပန်းချီကားချပ်သဖွယ် လှသွေးကြွယ်လျက်ရှိနေပါသည်။

ဘုရားငုတ်တိုလမ်းဆုံမှ တံ့တေးတံတားကို လှမ်းမြင်နေရပြီး ထိုလမ်းဆုံမှ တံ့တေးမြို့သို့ ၇ မိုင် ၆ ဖာလုံ ဝေးကွာသည်။ ဘုရားငုတ်တိုလမ်းဆုံမှ လှိုင်သာယာသို့ ၁၁ မိုင် ၁ ဖာလုံ ဝေးကွာသည်။ တံ့တေးတစ်ဖက်တွင် ကော့မှူးမြို့နယ်ရှိပြီး ဆက်လက်သွားပါက ကွမ်းခြံကုန်းမြို့နယ်ရှိသည်။ ကော့မှူးနှင့်ကွမ်းခြံကုန်းသည် အကွာအဝေး ကိုးမိုင်ရှိပြီး ကွမ်းခြံကုန်းနှင့်လှိုင်သာယာသည် ၄၅ မိုင်ကျော် ဝေးကွာပါသည်။ ကတ္တရာလမ်းဖြစ်၍ ပုံမှန်အားဖြင့် ခရီးနီးသော်လည်း လမ်းအနည်းငယ် မကောင်းသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးသို့ သွားလာနေသောယာဉ်များ၊ ရှေးဟောင်းသမိုင်းဝင်စေတီများကို ဖူးမြော်သည့်ဘုရားဖူးယာဉ်များနှင့် လက်ခုပ်ကုန်းပင်လယ်ကမ်းခြေသို့ သွားရောက်လည်ပတ်မည့်ယာဉ်များအတွက် ပေါက်ပြဲနေသောလမ်းများနေရာတွင် ကျယ်ပြန့်ညီညာသော ကတ္တရာလမ်းများကို အစဉ်ဂရုပြု ပြုပြင်နိုင်ပါက လာရောက်လည်ပတ်သော ခရီးသွားများကို များစွာအဆင်ပြေချောမွေ့စေမည် ဖြစ်သည်။

တံ့တေးမြို့ကဲ့သို့ ကော့မှူးမြို့နယ်တွင်လည်း ရှေးဟောင်းစေတီများရှိနေသောကြောင့် ထိုမြို့နယ်အတွက် အားရဂုဏ်ယူစရာပင်ဖြစ်သည်။ ယခင်က ပင်လယ်ပြင်ဖြစ်ခဲ့သော ဤနေရာတွင် တဖုဿနှင့်ဘလ္လိကတို့ညီနောင်နှစ်ဦးက မြတ်စွာဘုရားသခင်၏ ဆံတော်ကိုးဆူပင့်ဆောင်လာရာ၌ ကြိုဆိုသောပြည်သူများက တစ်နေရာတွင် ဆံတော်ကြိုတစ်ဆူစီ တည်ထားခဲ့သည့်အတွက် ဆံတော်ကြိုစေတီ ကိုးဆူသည် ဤဝန်းကျင်ရှိမြို့သုံးမြို့တွင် တည်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးချိန်တွင် သုဝဏ္ဏဘူမိတိုင်း ရာမည၊ အသိတဥ္စနပေါက္ခရဝတီ(ရှေးက တုံစလင်ဟူ၍လည်းကောင်း၊ ကြခတ်ဝါးရုံဟူ၍လည်းကောင်းခေါ်ဝေါ်ကြသော)ဇာတိဖွားတဖုဿ၊ ဘလ္လိကညီနောင်တို့အား ဆံတော်ရှစ်ဆူကို ပေးသနားတော်မူသဖြင့် ညီနောင်နှစ်ဦးသည် ပေါက္ခရဝတီသို့ ပြန်ခဲ့ကြရာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်တွင် မော်တင်စွန်းသို့ရောက်ရှိပြီး ဝါခေါင်လဆန်း ၁၄ ရက်တနင်္ဂနွေနေ့တွင် ပေါက္ခရဝတီ ကသစ်ပင်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ရာ ဆံတော်ရှင်ပင့်ဆောင်ရာ ဒလတောကြီးတန်းတစ်လျှောက်တွင် ရွာသူရွာသားများက ဆံတော်ရှင်များကို ကြိုဆိုသောအားဖြင့် ဆံတော်ကြိုစေတီများ တည်ထားကိုးကွယ်ခဲ့ကြသဖြင့် ဆံတော်ကြိုစေတီကိုးဆူရှိကြောင်း မှတ်တမ်းတွင်ပါရှိသည်။



ဆပုဂံရွာရှိ ကျိုက်လှပကံ(ခ)ဆပဂံ(ဆပုဂံ) ဆံတော်ကြိုစေတီတော်

ကော့မှူးမြို့နယ်၌ ဆံတော်ကြိုစေတီငါးဆူရှိ၍ ကျန်မြို့နယ်နှစ်ခုထက် ပိုများပြီး ရှေးဟောင်းသမိုင်းဝင်စေတီများအဖြစ် ယနေ့တိုင် တည်ရှိနေရာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ဘာသာ၊ သာသနာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

ကော့မှူးမြို့နယ်ရှိ သမိုင်းဝင်ဆံတော်ကြိုစေတီ ငါးဆူမှာ ဆပုဂံရွာရှိ ကျိုက်လှပကံ(ခ)ဆပဂံ(ဆပုဂံ) ဆံတော်ကြိုစေတီတော်၊ တရုတ်ကုန်းရွာမှ ကျိုက်တန်ခိုးနွတ်(ခ)ဒေးစွန်းပါ ဆံတော်ကြိုစေတီတော်၊ တဂူခြံရွာမှ ကျိုက်တန်ခိုးထွဋ် ဆံတော်ကြိုစေတီတော်၊ လက်ခိုက်ရွာမှ ကျိုက်မွန်ထိုရ်ဆံတော်ကြိုစေတီတော်နှင့် ကော့မှူးမြို့ရှိ ကျိုက်ကော့မှူးစေတီတော်တို့ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် စေတီတော်များဖြစ်၍ ခေတ်အဆက်ဆက်ကိုဖြတ်သန်းခဲ့သော စေတီများဖြစ်ပြီး လက်ရှိတွင် မူလလက်ဟောင်းစေတီကိုငုံ၍ လက်ရာဟောင်းပုံစံအတိုင်း တည်ထားကိုးကွယ်ထားရာ မြန်မာမှုလက်ရာများကလည်း နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ထားရှိနိုင်မှုကို ပြသလျက်ရှိနေသည်။

ဆံတော်ကြိုစေတီမှတ်တမ်းတွင် ပါရှိသည့် တတိယမြောက် ဆံတော်ကြိုစေတီမှာ ယခုကော့မှူးမြို့နယ် ဆပုဂန်ရွာ(ခေါ်) ဆပကာရွာ(ခေါ်)ဆပ်သင်ကန်ရွာ(ခေါ်)ဆပုဂံရွာတွင် တည်ရှိသော ဆပုဂံစေတီတော်မြတ်ပင်ဖြစ်သည်။ ထိုစေတီတော်မြတ်မှာ နှစ်ပေါင်း ၂၅၅၀ အတွင်း မြင့်တုံ၊ နိမ့်တုံဖြင့် ညှိုးငယ်စွာစံပယ်တော်မူခဲ့ရပြီး လဲပြိုကျနေသော သစ်ပင်များနှင့်အတူ လယ်ကွင်းအစပ် ချောင်းရေလျှံသည့်ကမ်းစပ်တွင် ရှာဖွေတွေ့ရှိရ၍ နိုင်ငံတော်မှလမ်းညွှန်မှုဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ မြသပိတ်နှင့် စိန်ဖူးတော်သစ်များ တင်လှူနိုင်ခဲ့သည်။

ဆပုဂံရွာထိပ် ကားလမ်းနံဘေးရှိ ထန်းပင်နှစ်ပင်အနီးတွင် ရှေးဟောင်းလက်ရာအငွေ့အသက်တို့ လွှမ်းခြုံထားသော ဆပုဂံဆံတော်ကြိုစေတီတော်မြတ်ကို ဖူးတွေ့ရမည်ဖြစ်ပြီး စေတီ၏လက်ရာမှာ လျှပ်တစ်ပြက်မြင်ရုံနှင့်ပင် ငေးမျှော်ကြည့်ရသည်အထိ လက်ရာမြောက်လျက်ရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုစည်းရာ ပုဂံမှစေတီတော်များကို အမှတ်ရစေမည်ဖြစ်သည်။

စေတီတော်၏ညာဘက်တွင် ချောင်းလက်တက်တစ်ခုရှိပြီး ထိုချောင်းလက်တက်သည် စေတီတော်အရှေ့ဘက်၏ သုံးပုံနှစ်ပုံမျှကို ရစ်ပတ်ထားသည့်အတွက် သမိုင်းဝင်စေတီတော် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စေတီဝင်လမ်း အရှေ့ဘက်တွင် ရေတိုက်စားနေသောချောင်းလက်တက်ကို မြေဖို့ခြင်း(သို့)လာရောက်ဖူးမြော်သူများအဆင်ပြေစေရန် ကွန်ကရစ်တံတားထိုးပေးခြင်းများ လုပ်ဆောင်ပါက ပြည်တွင်းဘုရားဖူးများအတွက် အဆင်ပြေစေသည့်အပြင် နိုင်ငံခြားခရီးသွားများလည်း ဝင်ရောက်လေ့လာလှူဒါန်းနိုင်မည်ဖြစ်သည်။ စေတီတော်အနောက်ဘက်တွင် ဇရပ်တည်ဆောက်ရန် ထိုရွာမှ သက်ကြီးရွယ်အိုများက ဝိုင်းဝန်းကြိုးပမ်းခဲ့ပြီးဖြစ်သော်လည်း ကားလမ်းမှစေတီသို့ သွားရောက်ဖူးမြော်နိုင်ရန် တံတား တည်ဆောက်ကုသိုလ်ယူမည့်ကုသိုလ်ရှင်ကိုမူ စောင့်မျှော်လျက်ရှိသည်။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ထိုနေရာတစ်ဝိုက်သည် တောထူထပ်သောနေရာဒေသဖြစ်ခဲ့ပြီး သမိုင်းဝင်စေတီမှာလည်း မှေးမှိန်ခဲ့ရသည်။ ၂၀၀၀ ခုနှစ်နောက်ပိုင်းအထိ စေတီဟောင်းတစ်ဝိုက်တွင် ချုံနွယ်များပိတ်ဆို့လျက်ရှိ၍ ထိုနေရာသည် နွားစားကျက်လွှတ်ရာ၊ ချောင်းအတွင်းမှတံငါသည်များ ခေတ္တနားခိုရာနေရာအဖြစ် ရောင်တော်မှိန်ခဲ့ရသည်။ ၂၀၀၈ ခုနှစ်မှစ၍ ရှင်းလင်းပြုပြင်ခဲ့ပြီး ရှေးမူမပျက် အသစ်မွမ်းမံပြင်ဆင်ခြင်း၊ မဟာရာဇဘုတ်တံတိုင်းခတ်ခြင်း၊ မြေဖို့ခြင်း၊ ရင်ပြင်တော်ခင်းခြင်း၊ ဓမ္မသာလာဇရပ်အသစ်တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် စေတီတော်မြတ်သည် ယခုအခါ ရောင်တော်ပွင့်နေပြီဖြစ်သည်။

စေတီတော်သည် တံ့တေး-ကွမ်းခြံကုန်း ကားလမ်းနံဘေးတွင် တည်ရှိသည့်အတွက် လာရောက်ဖူးမြော်သူတို့အတွက် အဆင်ပြေလှပါသည်။ စေတီတော်အနောက်ဘက် မြစိမ်းရောင်စပါးခင်းများမှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေး၏ တိုးဝင်တိုက်ခတ်မှုကြောင့် စေတီတော်၏ထီးတော်မှ ခေါင်းလောင်းသံမှာ ဆည်းလည်းသံတချွမ်းချွမ်းဖြင့် ရင်ကိုအေးချမ်းစေသည့်အပြင် စွဲစွဲငင်ငင်ပျံ့လွင့်လာသော ထန်းပင်ထက်မှဥသြသံမှာလည်း ယဉ်ကျေးမှုအမွေအနှစ်များစုစည်းရာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအလှတရားနှင့် လိုက်ဖက်ညီလှပါသည်။

သမိုင်းဝင်စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်လျက်ရှိသော ကော့မှူးမြို့နယ် ဆပုဂံရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆပုဂံဆံတော်ကြိုစေတီတော်မြတ်အား မဖူးမြော်ရသေးသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအနေဖြင့် တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော် ကုသိုလ်ယူနိုင်ကြပါကြောင်း။ ။

# အိမ်တော်ရာစေတီဗုဒ္ဓပူဇနီယပွဲတော်၌ ခြင်းအလှခတ်ပွဲတော်ကျင်းပ




**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာလောကရံသီအိမ်တော်ရာစေတီ၏ (၁၆၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် ရိုးရာခြင်းအလှခတ်ပွဲတော်(၄၂) ကြိမ်မြောက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က အိမ်တော်ရာဘုရားဝန်းရှိ ခြင်းအားကစားရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အိမ်တော်ရာဘုရားဂေါပကဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ ခြင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုလေး၊ ဝါဆိုခြင်းအတွင်းရေးမှူး ဦးကျော်သိန်းတို့က ခြင်းအလှခတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် ပွဲဦးထွက်ပွဲစဉ်အဖြစ် ပန်းတခိုင်ခြင်းအသင်းက စတင်ကစားသည်။

အဆိုပါ ခြင်းအလှခတ်ပွဲတော်တွင် အပျော်တန်းခြင်းအသင်းပေါင်း ၉၂၆ သင်းတို့က တစ်ရက်လျှင် ခြင်းအသင်းပေါင်း ၃၀ ဖြင့် စက်တင်ဘာ ၁၃ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ အလှခတ်ကစားကြမည်ဖြစ်ပြီး ခြင်းဝါသနာရှင်ကြီးများ ဆဋ္ဌမမြောက် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီ တွင် အိမ်တော်ရာ ခြင်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မိုးမြေပဲ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် သရုပ်ပြ

**ပေါက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်းမှ မိုးမြေပဲစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဘုရားတောင်ကျေးရွာရှိ မိုးမြေပဲ ဆင်းပဒေသာ(၁၁)မျိုးနှင့် မကွေး(၁၆)မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၌ မျိုးယှဉ်ပြိုင်စမ်းသပ်ထားမှုများကို စက်တင်ဘာ ၁၃ ရက်က သရုပ်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲကို နေရာအနှံ့အပြား စိုက်ပျိုးလျက်ရှိရာ ယခင်က ပင်ပြန့်မြေပဲမျိုးဖြစ်သည့် သက်ကြီး ငါးလပဲနှင့် ပင်ထောင်မြေပဲမျိုးဖြစ်သည့် သက်ငယ် သုံးလပဲဟူ၍ နှစ်မျိုးခွဲခြားစိုက်ပျိုးခဲ့ရာမှ ယခုအခါ အထွက်နှုန်းပိုကောင်းသည့် ဆင်းပဒေသာ (၁၁) နှင့် မကွေး (၁၆) မျိုးများကို စမ်းသပ်စိုက်ပျိုးလာကြပြီး တစ်ဧကလျှင် တင်း ၇၀ မှ ၈၀ ကျော်အထိ ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဆွေက ပြောသည်။

သရုပ်ပြပွဲသို့ ကျေးရွာအုပ်စုကိုးခုမှ တောင်သူ ၁၅၀ ခန့်တက်ရောက်ခဲ့ပြီး အဆိုပါတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဦးစီးအရာရှိ ဒေါ်တင်မာဖြိုးတို့က မြေပဲစိုက်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများ သိရှိနားလည်အောင် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့ကြသည်။ **ဉာဏ်တိုး(ပေါက်)**



# လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသားရေးတာဝန် ခေါင်းစဉ်၊ အလယ်တန်းအဆင့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး တို့များကာကွယ်တားဆီးပေး ခေါင်းစဉ်နှင့် မူလတန်းအဆင့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်တို့တာဝန် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက ကြီးကြပ်ကာ မြင်းခြံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## စီမံခန့်ခွဲဦးဆောင်မှုသင်တန်း အခမဲ့ဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးမြို့မှ လူငယ်များအတွက် အလုပ်နှင့်ပတ်သက်သည့် စီမံခန့်ခွဲဦးဆောင်တတ်မှုသင်တန်းကို RAIT Professional Training Center နှင့် ဖြူဗ္ဗစိုရ် လူမှုကူညီရေးအသင်းတို့ ပူးပေါင်းပြီး မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဖြူဗ္ဗစိုရ် လူမှုကူညီရေးအသင်း၌ စက်တင်ဘာ ၁၉ ရက်မှစ၍ အခမဲ့ပညာဒါနသင်တန်းတစ်ခုအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် Human Resource Management၊ Marketing Management၊ Motivation Skills၊ Leadership Skills၊ Business Project Plan စသည့် သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်ခန်းစာတွင် ကိုယ်မဲကျသည့် အဖွဲ့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အဖွဲ့လိုက် ဆာဗေးကောက်ခြင်း၊ အဖွဲ့လိုက်မားကတ်တင်းဆင်းခြင်း၊ အဖွဲ့လိုက်ပရောဂျက်တင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ သင်ခန်းစာများကို အခြေခံအဆင့်မှ စတင်သင်ကြားပေးမည်ဖြစ်၍ စတင်လေ့လာလိုသူများသာ တက်ရောက်သင့်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်ပေးအပ်ကာ သင်တန်းတွင် ကြိုးစားသူများအတွက် အလုပ်အကိုင်ရရှိရန် အခမဲ့ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ပညာလိုလား တက်ရောက်လိုသူများသာ စာရင်းပေးသွင်းနိုင်ပြီး သင်တန်းသားသင်တန်းသူ ၆၀ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းမှာ အခမဲ့သင်တန်းဖြစ်သော်လည်း သင်တန်းဆင်းလက်မှတ်၊ စာရွက်စာတမ်းကြေး၊ ပရောဂျက်များနှင့် သင်တန်းဆင်းပွဲ ကုန်ကျစရိတ်များအတွက် တစ်ဦးလျှင် ကျပ်တစ်သောင်းခန့် ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများသည် RAIT Professional Training Center ဖုန်း-၀၉-၇၃၅၀ ၃၈၀၃ နှင့် ဖြူဗ္ဗစိုရ် လူမှုကူညီရေးအသင်း ဖုန်း-၀၂-၃၉၁၄၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ကျော်ထူး**




**ကျောင်းသား ကျောင်းသူများ စာပေအသိပညာဗဟုသုတ တိုးပွားစေရန်၊ လိမ္မာယဉ်ကျေး၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော လူကောင်းလူတော်များဖြစ်စေ ရန် ရည်ရွယ်ချက်ဖြင့် စက်တင်ဘာ ၁၀ ရက်က အထက(၃) ကြည့်မြင်တိုင်၌ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာချစ်ဦးညိုနှင့် စာရေးဆရာမ ဂျူးတို့က ဟောပြောခဲ့ကြစဉ်** ဘော်ဂါသွေး

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သည် အသင်းဝင်သတင်းထောက်များ ကိုယ်တိုင်သေဆုံးခြင်း၊ ကျန်းမာရေးအရ ဆေးရုံတက်ရောက်ကုသမှုခံယူခြင်းတို့အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ အသင်းဝင်သတင်းထောက်၏ ဇနီး၊ ခင်ပွန်းသေဆုံးပါကလည်း ထောက်ပံ့ငွေများကို အချိန်နှင့်တစ်ပြေးညီသွားရောက်ထောက်ပံ့ပေးလျက်ရှိသည်။

ယင်းသို့ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက် မြို့နယ်အသီးသီးမှ စေတနာရှင်များကလည်း အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ သတင်းစာတိုက်၌ လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသည့် အစည်းအဝေးတွင် စက်တင်ဘာ ၇ ရက်က သန်လျင်မြို့ကျိုက်ခေါက်ဘုရားလမ်းနေ ဦးဝေဇင်နှင့်ဇနီး မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သတိပဋ္ဌာနလမ်းနေ ဦးအောင်ကျော်ဝင်း ဒေါ်မြသီတာဦး မိသားစုက ငွေကျပ် ၂၀၀၀၀၀ နှင့် သန်လျင်မြို့နေ ဦးအေးပို (အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး) က ငွေကျပ် ၂၀၀၀၀ စုစုပေါင်းငွေကျပ် ၄၇၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ အလှူရှင်များကိုယ်စား မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ၊ လူမှုကူညီရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (သန်းဝင်း -သန်လျင်) က ပေးအပ်ပြီး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့က လက်ခံခဲ့သည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**



# အာမခံအကြောင်း အသိနည်းသေးသော်လည်း ပြည်သူစိတ်ဝင်စားသော အာမခံလုပ်ငန်းများရှိနေ

**မကွေး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီးအတွင်းမှ ပြည်သူအများစုအနေဖြင့် သဘာဝဘေးအန္တရာယ်များ(Natural Perils)နှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ( Human Perils) နှင့် စပ်လျဉ်းသည့် အာမခံစနစ်နှင့် လျော်ကြေးသဘောတရားများ ၊ အကာအကွယ်ပေးမှုနှင့် အကျိုးခံစားခွင့်များဆိုင်ရာ အသိပညာများ နည်းနေသေးသည်ဟု ယူဆနိုင်သော်လည်း ပြည်သူများစိတ်ဝင်စားသော အာမခံလုပ်ငန်းများလည်း ရှိလာနေပြီဖြစ်ကြောင်း သိရသည်။

"အာမခံ ကိုးမျိုးရှိပါတယ်။ အာမခံအသိပညာတွေ နည်းနေသေးတယ်ဆိုပေမယ့် အာမခံဗဟုသုတရှိတဲ့ပြည်သူတွေ စိတ်အဝင်စားဆုံးကတော့ မော်တော်ယာဉ်အလုံးစုံအာမခံဖြစ်ပါတယ်။ ဒုတိယကတော့ မီးအာမခံ၊ တတိယကတော့ အသက်အာမခံဖြစ်ပါတယ်။ မကွေးတိုင်းထဲမှာကတော့ တောင်သူတွေအနေနဲ့ မြွေအာမခံကို စိတ်ဝင်စားတာတွေ့ရပါတယ်။ ဘဏ်တွေမှာ အဆောက်အအုံတွေ ပေါင်နှံကြတဲ့အခါမှာတော့ မီးအာမခံ တစ်ပါတည်းလုပ်ရပါတယ်။ ခရီးသွားအာမခံကိုတော့ ခရီးသွားပြည်သူတွေ စိတ်ဝင်စားမှုရှိလာကြပါပြီ"ဟု Golbal World အာမခံကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

ပူပြင်းခြောက်သွေ့သည့် မကွေးဒေသ၌ မီးအာမခံ၊ မြွေအာမခံ ထားရှိမှုများမှာ မမြင်နိုင်သောအန္တရာယ်များအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်ကြုံတွေ့ရမှုများတွင်လည်း အာမခံထားသူများအား လျော်ကြေးများပေးအပ်နိုင်ခဲ့သဖြင့် ခရီးသွား အာမခံလုပ်ငန်းနှင့်ပတ်သက်၍ အမှန်တကယ်အကျိုးရှိမှုကို တွေ့မြင်နိုင်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာဉ်အာမခံထားရှိသော မကွေးမြို့နေ ယာဉ်ပိုင်ရှင်တစ်ဦးက "ကျွန်တော့်ကားလမ်းဘေးရပ်ထားတုန်း မှန်ကွဲသွားတယ်။ မော်တော်ယာဉ်အလုံးစုံအာမခံလုပ်ထားတာဆိုတော့ ကုမ္ပဏီက လျော်ပေးတယ်။ ယာဉ်ပိုင်ဆိုင်သူတွေအနေနဲ့ ဒီလိုအာမခံမျိုးလုပ်ထားမယ်ဆိုရင် ယာဉ်တိုက်မှုကြောင့် နှစ်ဦးနှစ်ဖက်ပျက်စီးတာ၊ သေဆုံးတာ၊ ဒဏ်ရာရတာတွေအတွက် အာမခံလျော်ကြေးရမယ်။ အကြိမ်ကြိမ်ဖြစ်ရင် အကြိမ်ကြိမ်လျော်ကြေးလည်းရမယ်။ ဒါဆိုရင် အပူတစ်ခုတော့ လျော့သွားမှာပါပဲ"ဟု ၎င်း၏ အတွေ့အကြုံနှင့် ထင်မြင်ချက်ကို ပြောပြသည်။

လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၂ ခုရှိနေပြီး မကွေးမြို့၌ အစိုးရပိုင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကပိုင် အာမခံကုမ္ပဏီအနေဖြင့် IKBZ နှင့် Global World နှစ်ခုရှိကြောင်း၊ မကွေးမြို့နေ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေးအတွက် အာမခံဗဟုသုတများ ကျယ်ပြန့်စွာ သိရှိနိုင်ရန် အာမခံသတင်းလွှာကိုလည်း လစဉ် ၁ ရက်နေ့တိုင်း အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်သတင်းရဲတပ်ဖွဲ့က ဆိုင်ကယ်စီးဦးထုပ်များလှူဒါန်း

**မအူပင် စက်တင်ဘာ ၁၅**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မအူပင်မြို့မှ ဆိုင်ကယ်စီးနင်းသွားလာသည့် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ထိခိုက်မှုအန္တရာယ် လျော့ပါးစေရန် ရည်ရွယ်ချက်ဖြင့် မအူပင်သတင်းရဲတပ်ဖွဲ့က ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၀၀ ကို စက်တင်ဘာ ၁၄ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မအူပင်ခရိုင် အမှတ်(၂/၂)ဒုတိယတပ်ဖွဲ့ခွဲ သတင်းရဲတပ်ဖွဲ့ လက်အောက်ရှိ မအူပင်တပ်ဖွဲ့စုမှ ဒုတိယရဲမှူးဝင်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မအူပင်မြို့ အမှတ်(၃)ရပ်ကွက် မင်းလမ်းရှိ သတင်းတပ်ဖွဲ့ရုံးရှေ့မှနေ၍ ဆိုင်ကယ်စီးနင်းသွားလာသည့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## လှိုင်သာယာမြို့နယ် တရားရုံးသစ်တည်ဆောက်မှု ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**ရန်ကုန် စက်တင်ဘာ ၁၅**

လှိုင်သာယာမြို့နယ် ရုံးထိပ်မှတ်တိုင် ရုံးလမ်း၌ ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက် လျက်ရှိသော မြို့နယ်တရားရုံးသစ် အဆောက်အအုံကို မိုးရာသီကာလအတွင်း၌ပင် ဆက်လက်တည်ဆောက်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်တရားရုံးကို ယခင်နေရာဟောင်းမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ဌာနရှိ ဝန်ထမ်းအိမ်ရာတိုက်ခန်းသို့ မေလအတွင်းက ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားပြီး တရားရုံးအချုပ်ခန်းကိုလည်း မြို့နယ်ရဲတပ်ဖွဲ့က တည်ဆောက်ခဲ့ကာ တရားရုံးအဆောက်အအုံသစ်ကို ယခင်နေရာဟောင်းတွင် တည်ဆောက်နေခြင်းဖြစ်သည်။

"အောက်ခံအကြမ်းပြီးရင် လုပ်ငန်းရဲ့ ၂၅ ရာခိုင်နှုန်းပြီးစီးတယ်လို့ ပြောနိုင်ပြီ။ အခုတိုင်ထောင်တာ ငါးရက်ရှိပြီဆိုတော့ ၃၀ ရာခိုင်နှုန်း ပြီးနေပါပြီ။ မိုးရာသီမှာ အခက်အခဲတွေနဲ့ လုပ်ကိုင်ရတာပါ။ တွန်းတွန်းတိုက်တိုက်နဲ့ လုပ်ငန်းကြန့်ကြာမှုမဖြစ်အောင် ကြိုးစားကြရပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ အပ်ရမှာပါ။ အခုအချုပ်ခန်း၊ စတိုခန်း၊ အများသုံးအိမ်သာနဲ့ မီလ္လာကန်က ၇၀ ရာခိုင်နှုန်း ပြီးနေပါပြီ"ဟု တာဝန်ယူတည်ဆောက်နေသော Hexagon Myanmar ဆောက်လုပ်ရေးကုမ္ပဏီမှ CEO ဦးဝင်းထွန်းက ပြောသည်။

တရားရုံးသစ်သည် အလျားပေ ၁၂၀၊ အနံ ၉၆ ပေ၊ အမြင့် ၄၈ ပေရှိလေးထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ကုမ္ပဏီမှ အပ်နှံရမည်ဖြစ်သည်။ လက်ရှိတရားရုံးအဖြစ် ယာယီဆောင်ရွက်နေသော အဆောက်အအုံမှ တရားခွင်သည် အခန်းကျဉ်းမြောင်းသည့်အတွက် တရားရုံးတွင်အမှုရင်ဆိုင်ရသော ပြည်သူတို့အတွက် အခက်အခဲရှိနေသော်လည်း တရားရုံးအဆောက်အအုံသစ် တည်ဆောက်ပြီးစီးပါက အဆင့်မြင့်အဆောက်အအုံတွင် တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများ ပင်လောင်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး

**နောင်တရား စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နောင်တရားမြို့တီကျစ်ကျေးရွာမှ ဒေသခံပြည်သူများ ကျန်းမာရေးဗဟုသုတတိုးပွားရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများကို ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၃ ရက်က လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းထွေးက ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ၊ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားပါက မိမိနှင့်လက်တစ်ကမ်းတွင်ရှိသော ဆေးဝါးများဖြင့် မကုသဘဲ ဆေးရုံတွင် ပြသကုသမှုခံယူရန်၊ ခြင်ကျားအန္တရာယ်ကို ကာကွယ်ရန်အတွက် ခြင်ပေါက်ပွားမှုမရှိအောင် မိမိအိမ်ပတ်လည်တွင် သန့်ရှင်းရေးဆောင်ရွက်ရန်၊ ညအိပ်ချိန်တွင် ခြင်ထောင်ထောင်အိပ်ရန်၊ သောက်ရေကိုလည်း စစ်ပြီးမှသောက်သုံးရန်နှင့် တီကျစ်ကျေးရွာတွင် သွေးလွန်တုပ်ကွေးလက္ခဏာများ တွေ့နေရပြီး ကလေးလူကြီးပါမကျန် ဖြစ်တတ်သောရောဂါဖြစ်၍ အထူးဂရုပြုကာကွယ်သင့်ကြောင်း ဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာရှိ ပညာရေးဘော်ဒါဆောင်များ၊ ဈေးဆိုင်များ၊ ခြင်ခိုအောင်းနိုင်သောနေရာများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ပင်လောင်းမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဇော်မင်းခိုင်(၂)နှင့်



ဝန်ထမ်းများက ခြင်ဆေးများဖျန်းပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာရှိ ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးခန်း၌ ဒေသခံပြည်သူများအား ပင်လောင်းမြို့နယ် ဆေးရုံမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းထွေး၊ နောင်တရားတိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာနှင်းလွင်လွင်ဦး၊ တီကျစ်တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာနန်းနှင်းသဲထွန်း၊ သွားဘက်ဆိုင်ရာဒေါက်တာ ဦးဝင်းစိုးနှင့် ကျန်းမာရေးသူနာပြုဝန်ထမ်းများက ရောဂါများစစ်ဆေးခြင်းနှင့် ကုသခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၂၀၀ ကျော်ကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒေသတွင်းအသုံးပြုမှုထက် နယ်ကျော်ဝယ်ယူမှုပိုများသဖြင့် သထုံမြို့ အုတ်ဈေးကွက်၌ မိုးကာလအုတ်ဈေးကောင်းနေ



**သထုံ စက်တင်ဘာ ၁၅**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းမှထွက်သည့် မြေမီးဖုတ်အုတ်များအား ယခုနှစ်မိုးကာလတွင် ဒေသတွင်းဝယ်ယူအသုံးပြုမှုထက် နယ်ကျော်ဝယ်ယူမှု များလျက်ရှိကာ အုတ်ဈေးကောင်းပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်သူအချို့၏ ပြောကြားချက်အရ သိရသည်။

"ဒီနှစ်မိုးတွင်းကတော့ အရင်နှစ်တွေကထက် ဈေးနည်းနည်းပိုကောင်းတယ်။ အမှာများပြီး ပစ္စည်းနည်းလာတော့ ဈေးလိုက်တက်လာတာ။ ဒေသတွင်း အသုံးပြုတာထက် ဘားအံဘက်မှာ စီမံကိန်းလုပ်ငန်းတွေလုပ်နေတော့ ဒီဘက်က အုတ်တွေ အဝယ်လိုက်နေတယ်။ ခါတိုင်းနှစ်တွေထက်စာရင် အရောင်းအဝယ်တွေကောင်းပါတယ်။ အုတ်လှောင်သမားတွေကတော့ အဓိက စီမံကိန်းလုပ်ငန်းတွေရှိမှပဲ ရောင်းရတယ်။ ဈေးနှုန်းတွေကတော့ သယ်ယူပို့ဆောင်ခမပါရင် ဈေးတစ်မျိုး၊ သယ်ယူပို့ဆောင်ခပါရင် ဈေးတစ်မျိုးနဲ့ ရောင်းပေးနေပါတယ်"ဟု အုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးစံခိုင်က ပြောသည်။

အုတ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် နွေကာလ အုတ်ဖိုလုပ်ငန်းများ ပိတ်သိမ်းခါနီး ဧပြီလမှစတင်ကာ ဝယ်ယူသိုလှောင်ထားကြပြီး မိုးတွင်းကာလတွင် တစ်ဆင့်ပြန်လည် ရောင်းချကြခြင်းဖြစ်သည်။ ယခင်နှစ် မိုးကာလ၌ အုတ် တစ်လုံးလျှင် ၄၆ ကျပ်အထိသာ ဈေးနှုန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၄၉ ကျပ် အထိ ဈေးရရှိနေကြောင်း သိရသည်။ သထုံမြို့နယ်တွင် မြေမီးဖုတ်အုတ်လုပ်ငန်းကို လုပ်ကိုင်သူဦးရေ ၄၀ ခန့်ရှိပြီး နှစ်စဉ် အုတ်အလုံးရေ ၂၅ သိန်းဝန်းကျင်ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။
**သက်ဦး(သထုံ)**

# မှုခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင်စုံစမ်းခြင်းထက် ကြိုတင်သတင်းပေးခြင်းက နစ်နာသူအတွက်သာမက နိုင်ငံတော်အတွက်ပါ ပို၍အကျိုးရှိစေနိုင်

**မုံရွာ စက်တင်ဘာ ၁၅**
မှုခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင်စုံစမ်းခြင်းထက် ကြိုတင်သတင်းရရှိအောင် ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား ပြည်သူများက မိမိတို့ရရှိသည့် သတင်းများကို ဆက်သွယ်အကြောင်းကြားပေးနိုင်လျှင် နစ်နာသူအတွက်ရော နိုင်ငံတော်အတွက်ပါ ပို၍အကျိုးရှိစေမည်ဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

"ပြည်သူတွေအနေနဲ့ မှုခင်းဖြစ်စဉ်တွေကို မိမိတို့ရှေ့မှောက်မှာ တွေ့ရမြင်ရ ကြားရသိရပေမယ့် မြန်မာလူမျိုးတွေရဲ့ဓလေ့အတိုင်း အားနာတာ၊ သနားကြင်နာတာနဲ့ မနာလိုမုန်းတီးတာ၊ ရန်အငြိုးထားတာကို စိုးရိမ်ကြတာကြောင့် သတင်းမပေးလိုကြသလို သက်သေမလိုက်လိုကြ၊ အကြောင်းမကြားလိုကြပါဘူး။ အဲဒီလိုဖြစ်နေကြမယ်ဆိုရင် အမှုမှန်ဖော်ထုတ်ရေး၊ တရားခံ အမြန်ဆုံးဖမ်းဆီးရမိရေးတွေမှာ အခက်အခဲတွေကြုံနေရမှာပါ။ ဒါ့အပြင်မှုခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင်စုံစမ်းတာထက် ကြိုတင်သတင်းရရှိအောင် ဆောင်ရွက်နေသူတွေအတွက် မိမိတို့ရရှိတဲ့သတင်းကို ဆက်သွယ်အကြောင်းကြားပေးနိုင်ရင် နစ်နာသူအတွက်ရော နိုင်ငံတော်အတွက်ပါ ပိုပြီး အကျိုးရှိစေမှာဖြစ်ပါတယ်"ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချင်းစိန်က ပြောသည်။

ပြည်သူအများစုအနေဖြင့် မှုခင်းအသိပညာ၊ ဥပဒေအသိပညာ အားနည်းခြင်းကြောင့် မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိ၏ ပတ်ဝန်းကျင်တွင် မှုခင်းတစ်ရပ်ပေါ်ပေါက်လာလျှင် အားကိုးရှာကြသည်ဖြစ်ရာ မိမိအားကိုးသူသည် တော်တည့်မှန်ကန်စွာ အကူအညီပေး၍ နစ်နာမှုများကို အမှန်တရားဖြစ်အောင် ဆောင်ရွက်ပေးသူရှိသကဲ့သို့ ဖြစ်စဉ်ကို အသေးစိတ်မသိဘဲ ကိုယ်လိုရာဆွဲပြီး ရဲစခန်းများသို့ လာရောက်တိုင်တန်းပေးသူများလည်း ရှိနေကြောင်းသိရသည်။

ထို့သို့တိုင်တန်းလျှင် မိမိဖြစ်ချင်သည့်ကိစ္စများ ဖြစ်မလာလျှင် အမှားအမှန်ကိုမခွဲခြားတော့ဘဲ အထက်လူကြီးသို့ တိုင်တန်းကြသည်များလည်း တွေ့ရကြောင်း၊ ရဲတပ်ဖွဲ့အပိုင်းကို လေ့လာသုံးသပ်ကြည့်လျှင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိနေသေးကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

အများပြည်သူကိုအကူအညီပေးလိုမှု၊ ဝန်ဆောင်ပေးလိုမှု၊ နွေးထွေးစွာကြိုဆိုမှု၊ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုဆက်ဆံမှုများ သိသိသာသာ တိုးတက်ပြောင်းလဲလာသကဲ့သို့ နိုင်ငံတော်၏လိုလားချက်၊ အထက်အကြီးအကဲများ၏ လိုလားချက်အပေါ် လိုက်နာမှုအားနည်းသော အောက်ခြေတပ်ဖွဲ့ဝင်အချို့လည်း ရှိနေသေးသည်ကိုတွေ့ရသောကြောင့် ထင်သလောက်အောင်မြင်မှုမရသေးခြင်းဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# ပုလဲမြို့နယ်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်မှုများရှိပါက ဖမ်းဆီးနိုင်ရေးအတွက် ပုလဲ-ဂန့်ဂေါကားလမ်း၌ ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များကို ရှောင်တခင်စစ်ဆေး

**ပုလဲ စက်တင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်မှုများရှိပါက ဖမ်းဆီးနိုင်ရေးအတွက် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များကို ရှောင်တခင်စစ်ဆေးမှုများ စက်တင်ဘာ ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းကျော် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပုလဲမြို့ အထွက် ဘီးခွန်ဂိတ်အနီး ပုလဲ-ဂန့်ဂေါ ကားလမ်းပေါ်၌ အခြေပြု၍ တမူး၊ ကလေးနှင့် ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယဉ်များတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှုရှိပါက ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော်က "ကလေး၊ တမူး၊ ဂန့်ဂေါမြို့နယ်တွေကထွက်ခွာလာတဲ့ ခရီးသည်တင်နဲ့ ကုန်တင်မော်တော်ယာဉ်တွေက ပုလဲ - ဂန့်ဂေါ ကားလမ်းကတစ်ဆင့် မုံရွာ၊ မန္တလေးနဲ့ ပခုက္ကူမြို့ကြီးတွေကို ဖြတ်သန်းသွားလာလျက်ရှိတာကြောင့် ယာဉ်ပေါ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှုရှိမရှိနဲ့ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းဖြစ်ပါတယ်။ စစ်ဆေးရှာဖွေတဲ့နေရာကို သတ်သတ်မှတ်မှတ်မထားရှိဘဲ ပုလဲမြို့နယ်ဧရိယာအတွင်း ပုလဲ-ဂန့်ဂေါ ကားလမ်းမတစ်လျှောက်မှာ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။



ထိုသို့ ရှာဖွေစစ်ဆေးရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မရှိသေးသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် ပညာပေးစည်းရုံး ဆွေးနွေးခြင်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။
**မင်းခန့်စိုး(ဇေယျာမြေ)**

## မှုခင်းသတင်းတိုများ

### ဖေ့စ်ဘုတ်တွင် ခင်မင်ခဲ့သူက ဖုန်းနှင့်ဆိုင်ကယ်ကို ခိုးယူသွား

ဖေ့စ်ဘုတ်တွင်သာ ခင်မင်ခဲ့သူတစ်ဦးနှင့် အပြင်တွင်တွေ့ပြီး တည်းခိုခန်း၌ တည်းခိုနေစဉ် ဆိုင်ကယ်နှင့် ဖုန်းကို ခိုးယူသွားခဲ့မှု မြင်းမူမြို့၌ စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြင်းမူမြို့ မင်းရဲကျော်စွာရပ်နေ ပြည့်ဖြိုးထွန်းသည် ဖေ့စ်ဘုတ်တွင် လွန်ခဲ့သည့် ခုနစ်လခန့်က ခင်မင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင်နေသူ ကျော်ကျော်ဖြိုးက စစ်ကိုင်းသို့ အလည်လာမည်ဆိုသဖြင့် စက်တင်ဘာ ၁၁ ရက်က မန္တလေး ကျွဲဆည်ကန်ကားကြီးဝင်းသို့ ဆိုင်ကယ်ဖြင့် သွားကြိုခဲ့ပြီး စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိတည်းခိုခန်းတစ်ခု၌ နှစ်ယောက်အတူ တည်းခိုခဲ့ကြောင်း၊ နံနက်ပိုင်း ပြည့်ဖြိုးထွန်း အိပ်ရာမှနိုးချိန်တွင် ကျော်ကျော်ဖြိုးမှာ မရှိတော့ဘဲ ပြည့်ဖြိုးထွန်း၏ ခဲရောင် iPhone နှင့် တည်းခိုခန်းရှေ့တွင် ရပ်ထားခဲ့သော ဆိုင်ကယ်မှာလည်း ပျောက်ဆုံးနေသဖြင့် ဆိုင်ကယ်နှင့် ဖုန်းကို ခိုးယူသွားသော ကျော်ကျော်ဖြိုးအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

### ပိတောက်ခွဲသား ၁၇ တန်ကျော်ကို နှစ်ရက်ဆက်တိုက် ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း၌ စက်တင်ဘာ ၈ ရက်နှင့် ၉ ရက် နှစ်ရက်ဆက်တိုက် တရားမဝင်သစ် ပိတောက်ခွဲသား ၁၇ တန်ကျော်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပုလဲမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးဟိန်းနှင့် သစ်တောဝန်ထမ်းများသည် ပုလဲမြို့နယ်အတွင်း တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းမရှိစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ လျှပ်တစ်ပြက်စစ်ကြောင်းအသွင်သဏ္ဌာန်ဖြင့် ရှောင်တခင်ကာကွယ်ဖမ်းဆီးလျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် ပုလဲမြို့နယ် မင်းတိုင်ပင်ဘိနယ် ကန့်ဒေါင်ကျေးရွာအနီး ပုလဲမြို့နယ်နှင့် မြိုင်မြို့နယ်စပ်မှ ပိတောက်ခွဲသား ၉၉ ချောင်း(အလေးချိန် ၁၂ ဒသမ ၃၅ တန်)ကို လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ချင်ပြစ်တောင်ဘိနယ် ဘုရားလေးကန် အတွင်း၌ ပိတောက်ခွဲသား အချောင်း ၃၀(အလေးချိန် ၄ ဒသမ ၆၇၆၄ တန်)ကို လည်းကောင်း ပိုင်ရှင်မဲ့ ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းသည်။

သိမ်းဆည်းရမိသော တရားမဝင် ပိုင်ရှင်မဲ့သစ် ၁၇ ဒသမ ၀၂၆၄ တန်ကို ပုလဲမြို့နယ်သစ်တောဦးစီးဌာန၌ ထိန်းသိမ်းထားမည်ဖြစ်ပြီး မြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ကွင်းဆင်း၍ ပညာပေးဟောပြောမှုများ ပြုလုပ်နေသည့်အပြင် ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူခြင်းများကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး( ဇေယျာမြေ)**

### မူးယစ်ဆေးဝါးသယ်ဆောင်လာသူအား စောင့်ဆိုင်းဖမ်းဆီး

မူးယစ်ဆေးဝါး သယ်ဆောင်လာသူတစ်ဦးအား ဒလမြို့မရဲစခန်းမှ ဒုရဲအုပ်မြတ်ခိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက ဇညားဒလရပ်ကွက် နန်းဦးဘုန်းကြီးကျောင်းထိပ် ကနောင်လမ်းမ၌ စက်တင်ဘာ ၁၃ ရက်က စောင့်ဆိုင်းဖမ်းဆီးခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ ဖြိုးဝေဝင်း(၃၂ နှစ်)အား အဆိုပါနေရာမှ စောင့်ဆိုင်းဖမ်းဆီးရာ ၎င်းစီး လာသည့် ဆိုင်ကယ်တူးဘောက် အံဝှက်အတွင်းမှ ဆေးခြောက်ဟုယူဆရသော အထုပ်တစ်ထုပ်(၀ ဒသမ ၈၅ ဂရမ်)နှင့် ဆေးရိုး၊ ဆေးရွက်၊ အစေ့ခြောက်များပါသော အထုပ်သုံးထုပ်(၂ ဒသမ ၅၅ ဂရမ်)ခန့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

### ဂွန်ဒေါင်းပေါ်မှ ပြုတ်ကျ၍ မောင်းနှင်သူ သေဆုံး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာအနီး၌ လယ်ယာသုံး ဂွန်ဒေါင်းပေါ်မှပြုတ်ကျ၍ မောင်းနှင်လာသူသေဆုံးခဲ့ကြောင်း သိရသည်။ သုံးခွမြို့နယ် ကုန်းခလာကျေးရွာနေ အောင်မင်းတိုး ၁၅ နှစ်သည် ဂွန်ဒေါင်းပေါ်တွင် စပါးတင်း ၁၀၀ ကိုတင်ဆောင်၍ လက်ပန်ကျုံး-အောင်သာဒါန်း ကွန်ကရစ်လမ်းအတိုင်း မောင်းနှင်လာပြီး ထုံးကြီးကျေးရွာအနီး အရှိန်မြှင့်တင်ချိုးကွေ့စဉ် ယာဉ်ပေါ်မှ လွင့်စင်ကျကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### စိတ်ကြွမူးယစ်ဆေးပြား ၁၀ ပြားသယ်ဆောင်လာသူနှစ်ဦးဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-မဒေါက်လမ်းပေါ်၌ မူးယစ်ဆေးဝါးသတင်းအရ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို စက်တင်ဘာ ၁၁ ရက်က ရှာဖွေစစ်ဆေးရာ စိတ်ကြွမူးယစ်ဆေးပြား ၁၀ ပြား သယ်ဆောင်လာသည်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၆) ပဲခူးမှ ရဲတပ်ကြပ်ကြီးကျော်သူနှင့် ရွှေကျင်မြို့မ ရဲစခန်းမှ ဒုရဲအုပ်မြတ်ခိုင်တို့ ဦးဆောင်သော တပ်ဖွဲ့တို့ပူးပေါင်း၍ ရွှေကျင်-မဒေါက် လမ်းပေါ်၌ သတင်းအရ စောင့်ဆိုင်းပြီး ကန့်နီကျေးရွာနေ စောထက်ဦး(၁၈ နှစ်) မောင်းနှင်လာပြီး ရွှေကျင်မြို့နေ မကေသီဦး(၂၄ နှစ်)တို့ စီးနင်းလာသော ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးရာ မကေသီဦးထံမှ ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြားပါ အထုပ်တစ်ထုပ်ကို ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ရွှေကျင်မြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

### အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍သေဆုံး

ကောလင်းမြို့နယ် ဒေါ်စီသစ်တောစခန်းအနီး၌ စက်တင်ဘာ ၁၂ ရက်က အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ပါအော့ကျေးရွာနေ သန်းဇော်(၂၅ နှစ်)မောင်းနှင်လာပြီး အစ်မတော်စပ်သူ မတင်ကြည်က နောက်မှစီးနင်းလိုက်ပါလာစဉ် မတင်ကြည်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာရရှိပြီး ကောလင်းမြို့နယ်ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်




သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး
အပိုဆု
ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

- E-Topup ဖြင့်ငွေဖြည့်လျှင် အပိုဆုနှစ်မျိုး ရယူနိုင်ပါပြီ။
- ဇူလိုင်လ (၁၅)ရက်နေ့မှ စတင်၍ MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
  (Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)
- အပိုဆုငွေများဖြင့် MPT မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday


နာချင်ရာ နာစမ်း . . .
WORKS WHEREVER IT HURTS.
TIGER BALM®
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
Myanmar Reg No.
1809AA6235
Myanmar Reg No.
1809AA6236
Myanmar Reg No.
R1808AA643
Tiger Balm (Red) သည်
ကြွက်သားနာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်းတို့ကို
အလျင်မြန်ဆုံးသက်သာစေပါသည်။
Tiger Balm (White) သည်
မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်း
ဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Tiger Balm (Liniment) သည်
မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားတောင့်တင်းခြင်း၊
နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။
Market Expansion Services by www.dksh.com
DKSH
N0.013, Thitsar Road, Yankin Township, Yangon, Myanmar.
Tel : (951)565 253, 565 269, 565 270

မြန်မာ့လက်ဖက်ရည်ရသာစစ်

Royal®
Myanmar Teamix




မြန်မာတို့ရဲ့ဧည့်ဝတ်ကျေပွန်မှုအတွက်
ဂုဏ်ယူစရာ ရှိုင်ရယ်မြန်မာ...

www.facebook.com/RoyalMyanmarTea



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ကျွန်းကလေးကျေးရွာ၊
ပဲခူး–ရန်ကုန်ကားလမ်းမကြီးအနီးဥယျာဉ်ခြံမြေ

(40′x60′)=140 သိန်း | (25′x65′)=100 သိန်း
(30′x60′)=120 သိန်း | (30′x40′)=65 သိန်း
(40′x40′)=100 သိန်း

Ph:09-773485447,09-252278945,
09-799716395



## ရွှေကမ္ဘာ

အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း

14'ကားများဖြင့်လုပ်သားအပါတာဝန်ယူ
ဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)

Ph : 09-5097001
09-49259491
09-421177464



## လုံးချင်းတိုက်ငှားမည်

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းမကြီးပေါ် (KBZ Bank) ဘေး ရုံးခန်းဖွင့်ရန်၊ အရောင်းပြခန်း၊ ဘဏ်ဖွင့်ရန် သင့်လျော်သော နေရာကောင်းတွင်တည်ရှိသည့် (၄) ထပ်တိုက်(၁)လုံးကို နှစ်ရှည်ငှားမည်။

ဆက်သွယ်ရန်-၀၉ ၇၃၁၃၀၁၄၀၊ ၀၉ ၄၂၀၀၁၁၇၅၁၊ ၀၉ ၉၇၇၉၀၅၈၀၂



## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

ဖုန်း–၀၉–၈၆၂၃၁၈၈
ဖုန်း–၀၉–၅၀၈၄၁၂၉



အရှယ်မရွေးသုံးစွဲပေး

## ရွှေသွေး ရင်လူးဆေး

"ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်"



အဆုတ်အအေးမိခြင်း၊ အစားများခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ချွဲကြပ်၊ရင်ပြည့်၊ရင်ကယ်၊လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း ယခုလိပ်စာအသစ် ။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR-005458 (0317) ဖုန်း–၀၁–၄၀၁၁၀၀၊ ၀၁–၅၄၅၂၅၉၊ ၀၁–၈၆၀၄၃၆၆


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၄၀၆)ဟု ခေါ်တွင်သောဧရိယာ(၄၀×၆၀)ပေအကျယ်ရှိမြေနှင့်မြေပေါ်ရှိ အမှတ်(၄၀၆)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းရှိမြေချပါမစ်တွင် ဦးမြင့်မောင်ဆိုသူက အမည်ပေါက်လျှက်ရှိပါသည်။ အဆိုပါမြေနှင့်အဆောက်အဦတို့အား မူလပိုင်ရှင်များထံမှအဆင့်ဆင့်အရောင်းအဝယ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်၍ ဂရန်လျှောက်ထားဆဲလက်ရှိထား အကျိုးခံစားလျှက်ရှိသူဦးဝင်းအောင်ဆိုသူထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများ ခိုင်လုံသောအထောက်အထား၊ စာမှတ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်၍ကန့်ကွက်ကြောင်းတင်ပြနိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝဏ္ဏဇော် (စဥ်-၉၇၈၀) ဒေါ်စန်းစန်းနု( စဥ်-၂၃၂၅၂ ) ဒေါ်စိုးစိုးနွယ်( စဥ်-၄၂၇၈၈ )
( တရားလွှတ်တော်ရှေ့နေ ) ဒေါ်မေသူ ( စဥ်-၄၃၀၃၉) ဒေါ်အေးမွန်သိန်း( စဥ်- ၄၆၆၄၂ )
( အထက်တန်းရှေ့နေများ)

**L.R.E Lawfirm**

အမှတ်(၁၅၆)၊ အခန်းအမှတ်(၂/ခ)၊ပထမထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ၀၉-၅၁၈၁၁၈၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ် ၅၁/၂၊ မြေကွက်တည်နေရာအမှတ် ၅၁/၂၊ မြရတနာ(၁၀)လမ်း၊ ဦးပါ ၁၂/ဥကမ(နိုင်)၀၄၄၃၉၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးပါ ကွယ်လွန်သဖြင့် ဇနီးဒေါ်မြစိန် ၁၂/ဥကမ (နိုင်)၀၄၃၇၁၁က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကိုန်လွှာသေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စား လုယ်လွှဲစာအမှတ် ၇၀၂၇/၁၆ဖြင့် ရရှိသူ ဦးဇော်ဝင်း၁၂/ဥကမ(နိုင်)၀၄၄၂၂၈က ပါ၀ါပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါ၀ါမရုပ်သိမ်းကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ဝက်ခြံကုသမှုအစီအစဉ်များ၊
ဝက်ခြံအမာရွတ်ကုသမှု၊ တင်းတိမ်မှဲ့ခြောက်ကုသမှု၊
မျက်နှာအရေးအကြောင်းကုသမှု၊
အသားဖြူဝင်းခြင်းအတွက် ကုသမှု

## မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

အမှတ်- ၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ပီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊
ရန်ကုန်။ ဖုန်း - ၃၈၂၂၄၇၊ ၂၅၆၀၄၅



PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook
Pun Hlaing Siloam Hospitals



အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

စက်တင်ဘာလ ( ၂၂ ) ရက်နေ့မှ ( ၂၄ ) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၆၇၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com
















## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် (၈၈-၅)၊ ဦးပိုင်အမှတ် (၇)၊ ၆၄×၆၅ လမ်းကြား၊ အေးသုခလမ်းနှင့် ရတနာလမ်းကြားရှိ တောင်ရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ထွန်းကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၄၁/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီး ဒေါ်ငြိမ်းရ ၉/အမရ (နိုင်)၀၈၂၄၄၈ မှ တောင်ရန်မှုရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက ဆင်ဖြူကျွန်း၊ တက္ကသိုလ်ဝင်တန်း(C) ကျောင်းဝင်အမှတ် (A-၅၀၅၈) မှ မအိဖြူနွယ်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၈/စလန(နိုင်)၂၂၉၈၈၉ ဖြစ်ပါသည်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5K-7899 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၃၉၇၄၂ Hi Bird 90 ,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၃၂၀၁၉၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းသီ** အသက်(၉၃)နှစ်

**လ/၄၈၃၄၈ မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)၊ လှိုင်လင်**

ဇမ္ဗူသီရိဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)-ပါမောက္ခ ဒေါက်တာဝင်းဝင်းမြတို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့**
**ဇမ္ဗူသီရိဖောင်ဒေးရှင်း**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းသီ**

**လ/၄၈၃၄၈ မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)၊ လှိုင်လင်**

**အသက်(၉၃)နှစ်**

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) - ပါမောက္ခ ဒေါက်တာဝင်းဝင်းမြတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းညွှန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်**

---

# ဝမ်းနည်းကြေကွဲခြင်း

# ဦးထွန်းသီ (တာပရွာ၊ မအူပင်မြို့)

## လ/၄၈၃၄၈ မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)၊ လှိုင်လင်

## အသက်(၉၃)နှစ်

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)-ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြတို့၏ဖခင်ဖြစ်သူ ဦးထွန်းသီ အသက်(၉၃)နှစ်သည် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၂၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူတပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့်**
**အရာရှိ/အရာခံ/အကြပ်စစ်သည်များ**
**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး**

---

ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်းရေကန်၊ လမ်းတံတား၊ ယာဉ် ဒါယကာကြီး

**ဦးအိုက်ပန် (မောခမ်းနွံ)**

**အသက်(၆၁)နှစ်**

၉-၉-၂၀၁၆ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးအိုက်ပန်အား မကွယ်လွန်မီ စောင့်ရှောက်ကုသပေးပါသော ဘောဂသိဒ္ဓိအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ဆရာမများ၊ ကွယ်လွန်ပြီးနောက် နာရေးကိစ္စအဝဝ အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ပဓာနနာယကဆရာတော် မစိုးရိမ်တိုက်သစ် သပြေကုန်းနေပြည်တော်နှင့် သံဃာတော်များ၊ ဆရာတော် ဦးဝံသသိရိ-မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဂေဟာ (စမတောင်-လယ်ဝေး) ဆရာတော် ဦးဇဋိလ-မြသဘက်ကျောင်းဆရာတော် ရွှေပေါက်ကျွန်း၊ နန်းဦးကျောင်းဆရာတော် နေပြည်တော်၊ စူဠာမုနိကျောင်းဆရာတော်၊ စဖိုတောင်ကျောင်း ဆရာတော်၊ ရေငံကျောင်းဆရာတော် ရွှေပေါက်ကျွန်း၊ ကေဝလမာန်အောင်ရှမ်းကျောင်းဆရာတော်(ကွတ်ခိုင်မြို့)၊ မဟာကမ္မောဇတိုင်းလင်းကျောင်းပေါက် မြိုင်တိုက်ဆရာတော်(မန္တလေး)၊ သာသနာ့ဝေပုလ္လကျောင်းဆရာတော် (မန္တလေး)၊ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်(မော်ဟန်၊ ကွတ်ခိုင်)၊ အရှင်ဩဿဓ-ဇောတိကာရုံကျောင်းတိုက်ဆရာတော်(ရန်ကုန်)၊ အောင်သိဒ္ဓိကျောင်းဆရာတော်(နေပြည်တော်)၊ ဦးမျိုးဇော်ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (လယ်ဝေး)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဈေးအုပ်ချုပ်ရေးမှူး သပြေကုန်းဈေးနှင့် ဈေးသူဈေးသားများ၊ ဒေါက်တာပြည့်ဖြိုးလင်း(MD-ZLAT Group)နှင့် ဦးမင်းထိုက်စိုး၊ ဦးလှိုင်မျိုးဦး၊ ဦးကျော်ဇင်လတ်၊ မိုးသူဇာမုန့်တိုက်ပိုင်ရှင်နှင့် ဝန်ထမ်းများ၊ သိန္နီမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွတ်ခိုင်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တောင်ကြီးမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မူဆယ်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လားရှိုးမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နေပြည်တော်မှ လုပ်ငန်းတူမိတ်ဆွေများ၊ မောခမ်းနွံ(တောင်ကြီး၊ မန္တလေး၊ လယ်ဝေးနှင့်နေပြည်တော်)မှဝန်ထမ်းများ၊အုပ်ချုပ်ရေးမှူး(သပြေကုန်းရပ်ကွက်)နှင့် ရပ်မိရပ်ဖ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ အုပ်ချုပ်ရေးမှူး(သာယာကုန်းရပ်ကွက်)နှင့် ရပ်မိရပ်ဖ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဒို့လယ်ဝေးပရဟိတအသင်း(လယ်ဝေး)နေပြည်တော်မှ တာဝန်ရှိသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ဇနီး နန်းခမ်းငွေနှင့်မိသားစု**
**မောခမ်းနွံ(နေပြည်တော်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## အလ်ဟာဂျ်ဂျာ မရ်ယမ်ဘီဘီ(ခ)ဒေါ်မြင့်မြင့်အေး

**A-1 မုန့်တိုက်(ဘိုကလေးမြို့)**

ဘိုကလေးမြို့နယ်၊ အစ္စလာမ်သာသနာရေးရာကောင်စီ၏နာယက ဟာဂျီမ ဒေါ်မြင့်မြင့်အေး အသက်(၆၉)နှစ်သည် ၁၀-၉-၂၀၁၆ရက်တွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ညွန့် ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီနှင့်**
**ဇနီး ဒေါ်စန်းစန်းနွယ် မိသားစု ဖျာပုံမြို့**

---

## ကိုကျော်ဖြိုးဦး အသက်(၃၁)နှစ်

**AB. Uniteam Marine**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၆လမ်း၊ အမှတ် ၃၆၄နေ ဦးသန်းဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန)-ဒေါ်တင်တင်နုတို့၏သား၊ ကိုစောသူရဝင်း(AB.Uniteam Marine)-မအိဇင်ဝင်းတို့၏ညီ/မောင်၊ မောင်ဖြိုးရဲရင့်ကျော်တို့၏အစ်ကို၊ မနှင်းဇပရယ်လွင်၊ မအိဝတီကျော်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြကန်သာ(၃)လမ်းနေ ဦးလှထွန်း(ယာဉ်ကြီးကြပ်၊ ရွှေမန်းသူ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)-ဒေါ်စန်းစန်းဝင်းတို့၏သားသမက်၊ ဗိုလ်ကြီးနေလင်းအောင်(M.B.,B.S, DSMA)၏အစ်ကို၊ မလှမြတ်ခိုင်၏ခင်ပွန်း၊ မောင်သန့်ဟိန်းဈာန်၏ချစ်လှစွာသောဖခင်သည် ၂-၉-၂၀၁၆ရက်တွင် ဟောင်ကောင်စံတော်ချိန် ၈း၁၀နာရီ (မြန်မာစံတော်ချိန် ၆း၄၀နာရီ)တွင် ဟောင်ကောင်ဆိပ်ကမ်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီရီတင်**

**အသက်(၈၆)နှစ်**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်တို့၏ မိခင်ဖြစ်သူ ဒေါ်ရီရီတင်သည် ၁၁-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရ သက်ဆွေ-ဝေမာမာထွန်း**
**ကျော်ဆွေ-ဝင်းဝင်းမော်**
**လှမြင့်ရွှေ-ချိုချိုသန်း**
**တင်ထွန်းအေး-သင်းသင်းစိုး**

---

## ဒေါ်တင်ဝေ (ဟသ်ာတ-ဒေါင့်ကြီး)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၄၉၊ လေးလွှာ(အေ)နေ (ဦးကုလား-ဒေါ်ဖွားရှင်)တို့၏သမီး၊ (ဦးရွှေအိုး-ဒေါ်မြသန်း)တို့၏သမီးချွေးမ၊ ဦးသန်းဦး၏ဇနီး၊ ကိုကျော်မင်းဦး(Hein Investment Ltd)-မခိုင်ဇာဝေ(မြန်မာ့ရေနံဆောင်ဘဏ်)၊ ကိုထူးလင်းဇော်တို့၏ချစ်လှစွာသောမိခင်သည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းမြင့်

**အသက်(၇၉)နှစ်**

မန္တလေးမြို့နေ ဦးငွေလွင်-ဒေါ်မာမာမြင့်(ပြည့်ဖြိုးစံထမင်းဆိုင်)၊ ဦးကိုကိုလတ်-ဒေါ်ညိုညိုမြင့်(ဟိုတယ်/ခရီး)၊ ဦးဝင်းဆွေ-ဒေါ်ရီရီချို၊ ဦးသိန်းဇော်ဝင်း-ဒေါ်ခင်ဖြူမြင့်၊ ဦးမောင်ဆွေ-ဒေါ်ခင်ဆွေမြင့် (တော်ဝင် ထမင်းဆိုင်)၊ ဦးမြတ်ဆွေ၊ ဒေါ်မြသက်ဦး၊ ဒေါ်အေးမြတ်ထွေးတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး၊ (ဒေါ်ခင်ထားရီ)၏ခင်ပွန်းသည် ၁၄-၉-၂၀၁၆ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရွှေလုံရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဗိုလ်ကြီးစောမီးဟူး(ငြိမ်း) တောင်ငူမြို့**

**ကြည်း-၁၀၅၇၄ (အပတ်စဉ် ၃၂)၊ စည်သူတပ်ခွဲ**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့နေ (စောဖိုးဘုတ်-နော်ဖရင်းမရို့စ်)တို့၏သား၊ တောင်ငူမြို့၊ မြို့ကြီးလမ်းနေ (စောစိန်ခို-နော်စိန်မြိုင်)တို့၏သားသမက်၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ အမှတ် ၁၉/၁၀၂၇၊ မြို့ကြီးလမ်းနေ နော်ဖောဂေး၏ချစ်လှစွာသောခင်ပွန်း၊ နော်ထီးဖော-(စောဝါလာ)၊ စောယိုအေးလှ-(နော်မရီးနာ)တို့၏ညီ/မောင်၊ (စောစေးဟဲ)-နော်ဒိုရင်း၊ စောနေဗလု-ဒေါက်တာဂျူလီအဲနာ၊ နော်သာဘလေး-(စိုင်းစိုးတင့်)၊ နော်ဆာန္ဒီး-ဦးကျော်ကျော်မင်းတို့၏အစ်ကို၊ နော်ဂျူးဖော-စောတောကားထူး(ရွှေဒင်္ဂါးကွမ်းသီးရောင်းဝယ်ရေး)၊ စောမီးဂေး၊ နော်ဖောမီး-စောအောင်ဒူး(Studio D)၊ စောဂေးဟူး-နော်သွဲစေးဖော၊ စောဂေးဂျူးတို့၏ချစ်လှစွာသောဖခင်သည် ၁၅-၉-၂၀၁၆ရက် နံနက် ၈း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ ဖောဓိသာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဗိုလ်ကြီးစောမီးဟူး(ငြိမ်း) တောင်ငူမြို့**

**ကြည်း-၁၀၅၇၄ (အပတ်စဉ် ၃၂)၊ စည်သူတပ်ခွဲ**

**အသက်(၇၇)နှစ်**

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မြို့ကြီးရပ်ကွက်၊ အမှတ် ၁၉/၁၀၂၇နေ နော်ဖောဂေး၏ချစ်လှစွာသောခင်ပွန်း၊ စောကလူထူး (BBM) National Management College၊ နော်ဆဲမူဖော(မွေး/ဆေးကုတက္ကသိုလ်၊ ရေဆင်း)၊ နော်မူးအယ်ဖော(စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း) Diana Doo (Mac Fah Luang University Chiang Rai, Thaila)၊ USA Htoo Me Hu, Tiny Me Hu, Nile Me Hu တို့၏အဘိုးသည် ၁၅-၉-၂၀၁၆ရက် နံနက် ၈း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၉-၂၀၁၆ရက်(စနေနေ့)နံနက် ၉နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ ဖောဓိသာရသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ချိုချိုဝင်း

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၃၃နေ (ဦးပျော့-ဒေါ်ရှုကြင်)တို့၏သမီး၊ ဦးတင့်နိုင်ဦး-ဒေါ်မြင့်မြင့်ငွေ၊ (ဒေါ်မာလာဝင်း)၊ ဒေါ်မြမြဝင်း(MCS)၊ ဒေါ်သန်းသန်းရင်တို့၏ညီမ၊ ဒေါ်ဥမ္မာဝင်း (အထက-၁၊ကြည့်မြင်တိုင်)၊ ဦးညီဝင်းနိုင်-ဒေါ်သင်းမိုးမိုးတို့၏အစ်မ၊ တူ၊တူမ လေးယောက်တို့၏အဒေါ်သည် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးမြင့်မောင်မောင်

**ကြည်း-၃၈၂၂၈**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒီဇင်ဘာအိမ်ရာ၊ တိုက် ၈၅၊ အခန်း ၄၀၁နေ (ဦးကြည်လွင်) - ဒေါ်နုနုရွှေတို့၏သား၊ (မစုနန္ဒာမင်း)၏ ခင်ပွန်းသည် ၁၅-၉-၂၀၁၆ရက် နံနက် ၂း၄၇နာရီတွင် တပ်မတော် အသည်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၆ရက်တွင် မင်္ဂလာဒုံ စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းလှိုင်

**အသက်(၉၂)နှစ်**

ကျုံပျော်မြို့၊ပင်လုံရပ်ကွက်၊ဗိုလ်ချုပ်လမ်း၊ အမှတ် ၈၁နေ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းကြည်(ခ)ဒေါ်တူး၊ ကိုဝင့်ကျော်နိုင်-မအေးအေးသက်တို့၏ဖခင်၊မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျုံပျော်မြို့ အုန်းသုံးပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးသောင်းထွန်း**

**(လဝက-၁၄၈၀)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၆၂နေ (ဦးမောင်လေး - ဒေါ်အေးညွန့်)တို့၏သား(ဦးမောင်ငြိမ်း-ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါ်သိန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်၊ ဦးမျိုးမင်းထွန်းထွန်း-ဒေါ်မြမာလာလှိုင်၊ ဦးငွေနိုင် - ဒေါ်မြမြမင်း (ခေတ္တ - LA)၊ ဦးကျော်သက်(ဒုညွှန်မှူး၊ နတလဦးစီးဌာန)-ဒေါ်သီဂီအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ပုလဲသီတာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြမူ

**(အထက-၁၊ ငြိမ်း)**

**ပဲခူးမြို့**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ် ၅၆၃နေ (ဦးကြာရန်-ဒေါ်သန်းကြည်)တို့၏သမီး၊ [ဦးထင်လွင် (M.O.G.E)]၏ဇနီး၊ ဦးဝင်းမြင့်-(ဒေါ်အေးသန်း)၊ ဦးမောင်ဝင်း(G.A.D)-ဒေါ်ခင်အေးကြူ၊ ဦးသိန်းနိုင်တို့၏အစ်မ၊ ဦးသက်ထင်ဦး (KPO BV, Kazakhstan) - ဒေါ်သင်းသင်းတို့၏မိခင်၊ မသဇင်သက်မှူး၊ မောင်မင်းသက်ခန့်တို့၏အဘွားသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း

**[ဦးမိုးကြီး(ခ)ဓားနှစ်လက်]**

**ဖျာပုံသဘော်စာရေးကြီး**

**အသက်(၇၀)**

မြောင်းမြမြို့နေ (ဦးအထွယ်-ဒေါ်သင်းကြည်)တို့၏သား၊ ဒေါ်မြမြ၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်းသွယ် (၁)လမ်း၊ တိုက် ၆၊ အခန်း ၂နေ ဒေါ်မာမာမြင့်၏ခင်ပွန်း၊ ဦးမြင့်ညီမ်း-ဒေါ်ခိုင်မြင့်ဦး၊ ဦးသိန်းဆွေ-ဒေါ်အေးအေးရွှေတို့၏အစ်ကိုသည် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းမြင့်(ခ)

## ဒေါ်လေးဝို (မကွေးမြို့)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၈)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၄၃/ဃ)နေ (ဦးဟန်ရုံ - ဒေါ်ပိုးကြူး)တို့၏ သမီး၊ ဦးအောင်စု၏ချစ်လှစွာသောဇနီး၊ကိုမင်းသူအောင်-မဖြူဖြူအောင်၊ ကိုအောင်ထွန်းလင်း-မကြည်ငွေ၊ကိုရဲထွဋ်အောင်-မနီလာခိုင်၊ ကိုထွန်းထွန်းနိုင်-မသွယ်နှင်းခိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တနရပတိ**

**(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဓမ္မာစရိယဘွဲ့တော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ (၅၆)ရပ်ကွက်၊ မဟာဓမ္မာစရိယ ဘွဲ့တော်ကြီးသင်ပညာရေးကျောင်း(မူလွန်) လေးထောင့်ကန်၊ ကေသရာရာမစာသင်တိုက်ကြီး၏ မဟာနာယက၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တပ်သစ်တောင်ကျောင်းတိုက်ကြီး၏ပဓာနနာယက ဘဒ္ဒန္တနရပတိ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မြို့နယ်ဩဝါဒါစရိယ မဟာထေရ်မြတ်ကြီးသည် ၁၄-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆း၄၅နာရီတွင် ဓမ္မာစရိယကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) ၂၄-၉-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့် သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဒေါက်တာဘဒ္ဒန္တစန္ဒဝရ (မြောင်းမြ)

**သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ဘီအိုစီပိဋကတ်တိုက်ကျောင်း၏ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနတက္ကသီလ ဓမ္မပါရဂူ၊ Ph.D. သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ ဒေါက်တာဘဒ္ဒန္တစန္ဒဝရ(မြောင်းမြ) မဟာထေရ်မြတ်သည် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၃ရက်) ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၂၀နာရီတွင် ဘီအိုစီပိဋကတ်တိုက်ကျောင်း၌ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဆရာတော်၏အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၂၀-၉-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပချိန်နှင့် ပို့ဆောင်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကျင်းပရေးကော်မတီ
ဘီအိုစီပိဋကတ်ကျောင်း၊ အာဇာနည်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်

---

## ဦးအောင်ဆန်းမြင့် (ဆကာကြီး)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၂၃၃နေ (ဦးဝါလစ်စိန်-ဒေါ်မေမေခင်)တို့၏သား၊ ဒေါ်ခင်မြမြ (အထက-၂၊ အလုံ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးစန်းလွင်-ဒေါက်တာအိသန္တာကျော်၊ (ဦးမိုးကြည်လင်)-ဒေါ်ခင်ငွေရီ၊ ဒေါ်ဝင်းစန္ဒာ၊ ဦးမိုးကျော်အောင်-ဒေါ်ယင်းမာတို့၏ဖခင်၊ ဦးထက်အောင်ဖြိုး- ဒေါ်ဟေမာမိုးကြည်၊ မောင်အောင်မျိုးမိုးကြည်၊ မောင်ထူးမြတ်ကျော်၊ မောင်ဟိဏ်းဖြိုးကွယ်တို့၏အဘိုး၊ မသွန်းဇာထက်၏ဘိုးဘိုးကြီးသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်ယု

**(မြိတ်/မာန်အောင်)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၇၇၊ ဘယသုဒ္ဓိလမ်း၊ လေးလွှာ(B)နေ (ဦးဟုန်တင်)-ဒေါ်စောရီတို့၏သား၊ ဦးထွန်းဝင်း-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဒေါက်တာဇော်ဝင်းစိုး-ဒေါက်တာရီရီတင်တို့၏မောင်၊ ဦးဝင်းယု-ဒေါ်ကြည်ကြည်မြင့်၊ ဦးဝင်းအေး-ဒေါ်ခင်အေးမြင့်၊ ဒေါ်ရီစုစုတင်၊ ဦးမင်းဇော်ဟိန်း-ဒေါ်ရီလွယ်လွယ်တင်တို့၏အစ်ကို၊ ဒေါ်ခိုင်စုလတ်ထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟရဲလင်း(Genius Grade 7)၊ မမေသံစဉ်ချို(Genius Grade 3)တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ လေးယောက်တို့၏ဦးကြီးသည် ၁၅-၉-၂၀၁၆ရက် နံနက် ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**စောကိုကိုနေဝင်း**

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊ အမှတ် ၆၈၆နေ (ဦးနေဝင်း)-နော်ဖောဝါးတို့၏သား၊ စောညီညီနေဝင်း-ဂျူးလီယက်၊ နော်ငြိမ်းချမ်းနေဝင်း-Rev.စောအောင်သူရ၊နော်ကလျာနေဝင်းတို့၏အစ်ကိုကြီး၊ နော်မီရှဲ၊ နော်စိဘလုဖော(ခ)နော်ထရီဇာဂျွန်၊ စောခူဆဲ(ခ)စောဂျက်ဆင်ဂျွန်တို့၏ ဦးလေးသည် ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ပြုအစီအစဉ်ကို ၁၇-၉-၂၀၁၆ရက်(စနေနေ့) နံနက် ၈နာရီတွင် ခိုးလ်ကရင် နှစ်ခြင်းအသင်းတော်(၃၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်) ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုရင်

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၄၄၊ မြေညီ ခေါင်းရင်းခန်းနေ (ဦးကျော်သိန်း-ဒေါ်တင်တင်)တို့၏သမီး၊ ကိုမျိုးညွှန့်(မြန်မာ့လေကြောင်း)၊ မသင်းသင်း၊ ကိုအောင်သူ-မငွေငွေဝင်းတို့၏ညီမ၊(ကိုလှမိုး)၊ ကိုအေးကျော်၊ ကိုမိုးသူ (Seateam management)-မဟေမွန်အောင်တို့၏အစ်မ၊ မောင်ရန်ပိုင်ဦး-မချစ်ပွင့်ဖြူ၊ မသူဇာနွယ်၊ မောင်ပိုင်သူခန့်ကျော်တို့၏အဒေါ်သည် ၁၄-၉-၂၀၁၆ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘာဝဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ပိုမိုစုစုစည်းစည်း ဆောင်ရွက်ကြရမည်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ (၆) ကြိမ်မြောက် အစည်းအဝေးနှင့် သဏ္ဍာန်တူလေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၅**

အာဆီယံသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ (၆)ကြိမ်မြောက် အစည်းအဝေးနှင့် သဏ္ဍာန်တူလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက မိမိတို့နေထိုင်ကြသည့် အာဆီယံဒေသသည် သဘာဝဘေးအဖြစ် များသည့်ဒေသဖြစ်သည်ကို အားလုံးသိရှိထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် *စာမျက်နှာ ၅ ကော်လံ ၄* ◆

ရာသီဥတုကာကွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ရည်မှန်းချက်များကို လက်တွေ့ဆောင်ရွက်မှုအဖြစ် ပြောင်းလဲကြရမည် စာမျက်နှာ-၅

ဘရာဇီးသမ္မတဟောင်းနှင့်ဇနီးကို လာဘ်စားမှုဖြင့် အရေးယူမည် စာမျက်နှာ-၁၀

ဆိပ်ဖြူမြို့နယ် ဒေါ်သာကျေးရွာ၌ မိုးကြိုးစက်ကွင်းမိ၍ ဆိတ်၊ သိုး ၆၃ ကောင် သေဆုံး စာမျက်နှာ-၁၃

မြန်မာနှင့် လာအိုအသင်း ယနေ့ ယှဉ်ပြိုင်မည် စာမျက်နှာ-၁၆

## တံတားကြံ့ခိုင်ရေးအတွက် ဧရာဝတီ(ရတနာပုံ)တံတားအထက်ဘက် ပေတစ်ထောင်အကွာတွင် ရေယာဉ်များဆိုက်ကပ်ခွင့် တားမြစ်



**မန္တလေး စက်တင်ဘာ ၁၅**

ဧရာဝတီ(ရတနာပုံ) တံတားအထက်ဘက် ပေတစ်ထောင်အတွင်း ရေယာဉ်များ ဆိုက်ကပ်ခွင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ညွှန့်က တံတားကြီး ရေရှည်တည်တံ့ရေးအတွက် တားမြစ်ထားကြောင်း ပြောသည်။

"စက်ဆိုတာ ပြောလို့မရဘူး။ရေယာဉ်ရဲ့စက်တွေနဲ့ တွဲတွေဆိုက်ကပ်တဲ့အခါမှာ တစ်ခုခုဖြစ်ခဲ့ရင် မထိန်းနိုင်ဘဲ ရေစီးအတိုင်း တံတားတိုင်တွေကို ထိခိုက်သွားနိုင်တယ်။ ထိခိုက်မှာစိုးလို့ တံတားကြီး ရေရှည်တည့်တံ့ဖို့ တားမြစ်တာပါ။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

**နေရာကွက်၍ မိုးကြီးနိုင်**

**နေပြည်တော် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

